အကြီးအမှူး ပြစ်စေတတ်သော

ချစ်နိုင် (စိတ်ပညာ)

ပုံနှိပ်မှတ်တမ်း

နိုင်စာပေ ၊ စာအုပ်အမှတ်(၃၀)

စာမူခွင့်ပြုချက်အမှတ် – ၄၀၀၆၄၁၀၅၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၄၀၀၅၅၁၀၆၀၇
ပထမအကြိမ် – ၂၀၀၇ ခုနှစ်၊ သြဂုတ်လ
အုပ်ရေ (၂၀၀၀)

မူပိုင်

ဦးချစ်နိုင်

စီစဉ်သူ

ဦးစန်းယု

ထုတ်ဝေသူ

ဦးကောင်းထိုက်(နိုင်စာပေ)

ပုံနှိပ်သူ

ဒေါ်ဝင်းဝင်းအေး(ကောင်းသန့်အော့ဖ်ဆက်)

မျက်နှာဖုံးပန်းချီ

ဦးလွန်းကြွယ်

တန်ဖိုး

၈၀၀ ကျပ်

ဖြန့်ချိရေး

နိုင်စာပေ

အမှတ် (၂၂)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း – ၀၁–၂၅၄၂၇၀
www.foreverspace.com.mm
www.myanmar ebook.com.mm တွင် ဖတ်ရှုနိုင်ပါသည်။

E-book is created by ***shanyoma***

ချစ်နိုင်(စိတ်ပညာ)

အကြီးအမှူးဖြစ်စေတတ်သော

နိုင်စာပေ

E-book is created by *shanyoma*

စာရေးသူ၏ အမှာစာ

စာဆိုသည်မှာ စိတ်ကို ရေးခြင်းဖြစ်ပါသည်။ စာရေးသူ၏စိတ်ထဲမှာ ဘာရှိသည်ကို ထုတ်ဖော်လှစ်ဟသောအရာကို စာပေဟု ခေါ်ဆိုနိုင်အောင် ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ စိတ်ထဲမှာ မရှိသောအရာကို ရေး၍မရပါ။ မိမိမသိသောအရာကိုလည်း ရေးရန် မဖြစ်နိုင်ပါ။ ရောင်ဝါးဝါး သိရှိသော အချက်မျိုးကိုပင်လျှင် ရေးသားရန် မလွယ်ကူပေ။

စိတ်ကောင်းမှ စာကောင်းထွက်သည်ဟု ဆရာဇော်ဂျီအစရှိသော စာဆိုတော်တို့က ဆိုမိန့်လေ့ရှိကြသည်။ စိတ်ကောင်းမှေးမြူပြီးရေးပါမှ စာလည်းကောင်းနိုင်သည်။ စိတ်ကောင်းမပြည့်စုံလျှင် စာကောင်း မဖြစ်နိုင်ပေ။

စာပေသည် အသိပေးသော စာမျိုးလည်း ရှိသည်။

အသိကိုနှိုးရာတွင်လည်း သုတသက်သက်အချက်အလက်၊ အချင်းအရာကို သိစေသော သဘောမျိုးလည်းရှိ၏။ ဆွဲဆောင်မှုဖြင့် ဖတ်ချင်အောင် ဖတ်ချင်စဖွယ်ရှိအောင် မှမ်းမံသော အချို့စာမျိုးလည်း ရှိ၏။

စာပေသည် ခံစားမှုရသပေးသော စာမျိုးလည်းရှိသေး၏။ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ် စသည်တို့သည် ဖတ်သူကို ရွှင်မြူးအောင်၊ နှစ်သက်စေအောင်၊ ဝမ်းနည်းကြေကွဲအောင် ဆွဲဆောင်နိုင်တတ်လေသည်။

ရသသက်သက်၊ သုတသက်သက်နှင့်ရသသုတရောပြွမ်းသောစာပေဟု အလွယ်တကူ သုံးအုပ်စုခွဲခြား သိရှိနိုင်မည်ထင်ပါ၏။ ယခုခေတ်တွင် ရသကော သုတပါ ပါရှိသည့် စကားပြေမျိုးကို မိမိကြိုးစား၍ရေးကြည့်ချင်ပါသည်။ ဤစာအုပ်ငယ်မှာ ပါသောစာများသည် စိတ်ကူးပေါ်ရာ ရေးထားခြင်းများ ဖြစ်ကြပါသည်။

ဤဆောင်းပါး၊ ဂျာနယ်ခေါင်းကြီးများမှတဆင့် မိမိ၏ပေးဆပ်ချင်သောစေတနာ၊ လောကကောင်းကျိုးကို မျက်နှာမူသော ရင်ထဲက ဆန္ဒများ ဖြစ်ကြပါသည်။ စိတ်ထဲမှာ ပေါ်ပေါက်လာသည်တို့ကို တိုတိုထွာထွာရေးချထားခြင်းဖြစ်ပါသည်။ အထောက်အကူ ရယူရန်အတွက် ဖြစ်စေ၊ အပျင်းပြေဖတ်ရှုချင်သူအတွက် ဖြစ်စေ အကျိုးရှိစေလိမ့်မည်ဟု ယုံကြည်ပါသည်။

အတွေးတစ်စသည် တစ်စုံတစ်ဦး၏ဘဝကို ကြီးမားစွာ ပြောင်းလဲစေနိုင်စွမ်းရှိသည်ဟု ယုံကြည်ပါသည်။ ဖတ်ပါ၊ တွေးပါ၊ ရေးပါ၊ မှတ်ပါ။ စာဖတ်သူတို့ကို အရည်အသွေး ပြည့်ဝစေလျက် ဘဝတန်ဖိုးမြင့် တက်စေပါလိမ့်မည်။

လေးစားချစ်ခင်စွာ

ချစ်နိုင်(စိတ်ပညာ)

E-book is created by shanyoma

မာတိကာ

–အမှာစာ

က

၁။	လှိုင်းနှင့်လှေ	၁
၂။	အကြီးအမှူးဖြစ်စေတတ်သောတရား	၃
၃။	မှတ်ဉာဏ်ကောင်းစေရန်မခက်ပါ။	၅
၄။	စည်းကမ်းရှိမှ–	၇
၅။	ခေါင်းဆောင်မှတ်စု	၁၃
၆။	ကျေးဇူးတင်ပါသည်။	၂၃
၇။	ပန်းပန်လျက်ပဲ။	၂၅
၈။	နုပျိုနေဆဲပေတကား	၂၈
၉။	ငယ်စဉ်ချိန်ခါ ပညာရှာ	၃၂
၁၀။	နှုတ်ဆက်ပွဲလုံမလေး	၃၅
၁၁။	မူပိုင်ခွင့်ဗဟုသုတ	၃၉
၁၂။	သတိသမ္ဘဇဉ်	၄၄
၁၃။	သန့်စင်မေတ္တာ	၄၆
၁၄။	အကကောင်းရခြင်း	၄၈
၁၅။	ပင်းတယမြို့နယ် ကျုံးရွာနှင့်ပေးလှ	၅၀
၁၆။	ဘဝသင်ခန်းစာ	၅၆
၁၇။	သေတစ်နေ့ မွေးတစ်နေ့	၆၀
၁၈။	လူငယ်စာပေကျယ်ပြန့်ပါစေ	၆၃
၁၉။	အသက်ရှည်စွာ အနာမဲ့ကြောင်း	၆၇
၂၀။	ခေါင်းဆောင်၏ တာဝန်များ	၆၉

E-book is created by ***shanyoma***

ချစ်နိုင်(စိတ်ပညာ)

အမိဒေါ်အေးသန့်အဖကျောင်းဆရာဦးမာတင်တို့က ဆရာချစ်နိုင်(စိတ်ပညာ)ကို ၁၉၄၈–ခုနှစ်၊ ဒီဇင်ဘာလ ၆ရက်၊ ည ၉ နာရီ၌ မကွေးတိုင်း၊ ချောက်မြို့နယ်၊ ကြီးနီကျေးရွာတွင် မွေးဖွားသည်။ ကြီးနီ အလက၊ ချောက် အထက(၁)၊ မန္တလေးတက္ကသိုလ်နှင့်ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ယူခဲ့သည်။ ဝိဇ္ဇာဘွဲ့(စိတ်ပညာ) မန္တလေးတက္ကသိုလ်နှင့်ဘွဲ့လွန်အသုံးချစိတ်ပညာ(စစ်ဆေးရေးစိတ်ပညာ)ရန်ကုန်တက္ကသိုလ်တို့ကို တက်ရောက် အောင်မြင်ခဲ့သည်။

တပ်မတော်(ကြည်း)အရာရှိအဖြစ် (၂၇)နှစ် စစ်မှုထမ်းသည်။ စစ်မှုထမ်းကောင်းတံဆိပ်ရသည်။ တရုတ်၊ ဂျပန်၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများသို့ လေ့လာရေးနှင့်ဆွေးနွေးပွဲ သွားရောက်ခဲ့ရသည်။

၁၉၈၄ ခုနှစ်မှစတင်၍ စာနယ်ဇင်းများတွင် ဆောင်းပါးများ ရေးသားသည်။ စာအုပ်(၆၈)အုပ် ရေးသားထုတ်ဝေသည်။ "ချစ်လို့ပြောတာမှတ်ပါ " စာအုပ်အတွက် ၁၉၉၆ ခုနှစ် လူငယ်ဆိုင်ရာစာပေ၊ အမျိုးသားစာပေဆုကို ချီးမြှင့်ခြင်းခံရသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် ၁၉၉၇ ခုနှစ်မှ စတင်ထမ်းဆောင်သည်။ ၂၀၀၀ ပြည့်နှစ်တွင် စီမံထူးချွန်တံဆိပ်(ပထမဆင့်)ချီးမြှင့်ခြင်းခံရသည်။ ပြည်သူလူထု ဗဟုသုတအသိပညာမြင့်မားမှ နိုင်ငံတော် တိုးတက်ကြီးပွားမည်ဟု ခံယူသည်။

E-book is created by **shanyoma**

(၁)
လှိုင်းနှင့်လေ

အကယ်၍သာ, ဘဝဟူသည့်အရာကို, တူရာပမာပြု၍, ရှမြင်ကြည့်လိုက်မည်ဆို လျှင်, မိမိနှင့်ပတ်ဝန်းကျင်ဟု, အပိုင်းနှစ်ခု တွေ့ရပေလိမ့်မည်။ တင်စားမူပြုရလျှင်, ပတ်ဝန်း ကျင်သည် အကယ်၍ လှိုင်းလေရှိတက်သောရေပြင်, ဆိုပါစို့။ ကျွန်ုပ်တို့ဘဝ၊ ကျွန်ုပ်တို့ ကိုယ်တိုင်သည်, လေ့ပမာ၊ ဖောင်ပမာ၊ ဖြစ်ကြပါလိမ့်မည်။ လှိုင်းက တစ်ကဏ္ဍ၊ လေက တစ်ပိုင်း။

လှိုင်းနှင့်လေသည် ပြင်ပပတ်ဝန်းကျင်အခြေအနေ, ဖြစ်ပေသည်။ ထိုပတ်ဝန်းကျင် အခြေအနေကို မိမိမထိန်းချုပ်နိုင်ချေ။ မှန်ပေသည်။ လှိုင်းနှင့်လေကို ငြိမ်းစေ၊ ထန်စေဟု မိမိတို့မဖန်တီးနိုင်ပေ။ မိမိတို့ စွမ်းဆောင်နိုင်သောပမာဏ၏ အပြင်အပတွင်ရှိကြလေသည်။ လှိုင်းထန်ချင်ထန်မည်။ လှိုင်းအိအိလေးတွေသာ, ရှိကောင်းရှိမည်။ လေပြင်းကျလာကောင်း ကျလာမည်။ လေပြေလေးညှင်းလေးသာ, တဖြူးဖြူးလာနေသည်လည်း, ရှိကောင်းရှိမည်။ မုန်တိုင်းကို မတားဆီးနိုင်ပေ။ ထိုပြင် အခြေအနေတို့ကို မိမိ၏စွမ်းအားသတ္တိဖြင့်, မဖန်တီး၊ မထိန်းချုပ်နိုင်ဟုသာ ယူဆထားရမည်ဖြစ်၏။

မိမိပြုလုပ်စီမံနိုင်သည်ကား မိမိ၏လေ့ဖောင်ကို ကောင်းအောင် ခိုင်အောင် လုပ် ဆောင်ခြင်းသာလျှင်တည်း။ ခရီးမထွတ်မီကလည်း ခိုင်ခံ့သပ်ယပ်အောင် တည်ဆောက် ရမယ်။ ခရီးတစ်လျှောက် မိုးလေမုန်တိုင်းတို့နှင့် အကယ်၍ကြုံတွေ့ခဲ့သော် ရွက်တိုင်၊ ရွက်ကြီး၊ ပဲ့၊ တံခွန်၊ ခေါင်မိုး စသည်တို့ မပျက်မကျိုးရအောင် ကာကွယ်ရမည်။ ပေါက်ခြင်း၊ ယိုခြင်း၊ ကျိုးပဲ့ခြင်းတို့ဖြစ်ခဲ့သော် မိနစ်နာရီမဆိုင်း, အမြန်ဆုံးပြုပြင်လဲလှယ် ဖာထေးခြင်း စသည် တို့ကို လုပ်ဆောင်ရမည်။ ထိုသို့ လုပ်ဆောင်နိုင်ရန်လည်း တစ်ရံမလပ် သတိကပ်လျက် စေ့စပ်စွာ မိမိလေ့ကို သုံးသပ်စစ်ဆေးနေရမည်။ မိမိကိုယ်ကို ဝေဖန်ရေးဟုဆိုရမည်။ မိမိ ကိုယ်ကိုသုံးသပ်စိစစ်၍ ကောင်းသည်ထက်ကောင်း၊ ခိုင်သည်ထက်ခိုင်အောင်၊ လုပ်ဆောင် ခြင်းသည် မိမိ၏လုပ်ငန်း(အလုပ်)တာဝန် အမှန်စစ်စစ်ပေတည်း။ စိစစ်ပြုပြင်ရေးသည် မိမိတာဝန်။

အချို့လူတို့သည် မိမိကိုယ်ကို ပြုပြင်ရန် မြှင့်တင်ရန် သို့မဟုတ် အပေါက်အပြဲတို့ကို ဖာထေးပြင်ဆင်ရန် လှည့်မကြည့်။ သတိမထား။ လျစ်လျူပြုတက်ကြပေသည်။

သူ၏ မျက်စိသည် လှိုင်းတွေ လေတွေကိုသာ, ကြည့်ရှုကာ, လှိုင်းကြီးလျှင်ကြီးပြန်ပြီ၊ လေပြင်းကျလျှင် ကျပြန်ပြီ၊ မုန်တိုင်းထန်က, ထန်ရပါမလာဟု, ရွက်ဆိုမြည်တမ်းကာ လော ကပတ်ဝန်းကျင်ကို မကျေမနပ်အပြစ်တင်နေတက်သည်။ လှိုင်းက လှိုင်းအလုပ်ကို သူ့ သဘော သူဆောင်ကာ, လုပ်နေခြင်းသာ။ မိမိက ဝေဖန်ပြစ်တင်လုပ်နေသဖြင့်လည်း သူ သည် ဝပ်ဆင်းငြိမ်သက်သွားမည်မဟုတ်။ မိမိအလုပ်က လှေခိုင်ဖို့ လှေကောင်းဖို့သာ အဓိက။

E-book is created shanyoma

E-book is created shanyoma

မဆိုင်ရာလုပ်၍ အချိန်မကုန်ရစေနှင့်။

ကိုယ့်အလုပ်ကိုယ်လုပ်ရမည်။ သူ့အလုပ်ကို သူလုပ်လိမ့်မည်။

လှိုင်းအကြောင်း မပြောရဘူးဟု မဆိုလိုပေ။

မိုးသား မိုးတိမ်၊ လှိုင်းလေ၊ ရာသီဥတုအခြေအနေကို ကြည့်ရှုစေ့ငုရမည်။ မှန်ပါသည်။ သို့သော် အဓိကအလုပ်သည်ကား မိမိကိုယ်ခန္ဓာနှင့်ဆိုင်သည်။ မိမိ၏ ရုပ်က ကျန်းမာရသည်။ မိမိ၏စိတ်က ကြံ့ခိုင်ရမည်။ လှေကိုသာ ကောင်းစွာ ပြုပြင်ထားသည်ရှိသော် ဘဝသမုဒ္ဒပြင်ခရီးရှည်ကြီးတွင် မည်သည့်မုန်တိုင်း မည်သည့်လှိုင်းကိုမှ မှုစရာ ကြောက်စရာ, မဟုတ်တော့ပြီ။

လှေနှင့်ပမာတူသော သင်၏ကိုယ်ကို ကျူအစား ဝါးနှင့်လည်းကောင်း၊ ဝါးအစား သစ်နှင့်လည်းကောင်း သစ်ဆိုရာတွင် အင်၊ ကညင်၊ သစ်ရာအစား ပိတောက်နှစ်၊ ကျွန်းသစ်စသည်တို့ဖြင့်လည်းကောင်း၊ တည်ဆောက်လျှင်မကောင်းပေလော။ ပျက်စီးလွယ်သော လှေ၊ ဖောင်နှင့်ပင်လယ်ပြင်ကို ဖြတ်သန်းမည့်အစား ခိုင်မာကောင်းမွန်သော လှေသင်္ဘောဖြင့် ဖြတ်ရသော် ပိုမိုမကောင်းမွန်ပေလော။ မိမိကိုယ်ကိုမိမိ မစိစစ်သင့်ပေသလော။

မေးပါရစေ။

သင့်ကိုယ်သင် မည်သို့တည်ဆောက်နေပါသနည်း။ သင်သည် သင့်ခရီးအတွက် သင်၏လှေကို ကိုယ်တိုင်ကောင်းစွာ ထွင်းထုတည်ဆောက်နေဆဲ ဟုတ်ပါသလား။

ဒို့ကျေးရွာဂျာနယ်

၇-၃-၂၀၀၇

(၂)
အကြီးအမှူးဖြစ်စေတက်သောတရား

မြတ်စွာဘုရားက လိစ္ဆဝီမင်းသား မဟာလိအား သိကြားမင်းဆိုသည်မှာ အမှန်တကယ်ရှိကြောင်း၊ ကိုယ်တိုင်မြင်ကြောင်း သိကြားမင်းဖြစ်စေတက်သော ကျင့်ဝတ်(၇)ပါးကိုလည်းသိကြောင်း၊ ယခုသိကြားမင်း မဖြစ်မီ ရှေးဘဝကိုလည်း သိကြောင်း၊ မိန့်တော်မူဖူးလေသည်။ မဟာလိအား မြတ်စွာဘုရားက သိကြားမင်းဖြစ်အောင် အကျိုးပေးသော ကျင့်ဝတ်(၇)ပါးကို ဟောကြားတော်မူခဲ့သည်-

(၁) မိဘနှစ်ပါးအား လုပ်ကျွေးမွေးမြူခြင်း၊
(၂) ကြီးသောသူတို့အား ရိုသေလေးစားခြင်း၊
(၃) နူးညံ့သိမ်မွေ့ပြေပြစ်သောစကားကိုဆိုခြင်း၊
(၄) ကုန်းတိုက်သောစကားကို မဆိုခြင်း၊
(၅) ဝန်တိုမှုမရှိခြင်း၊
(၆) သစ္စာနှင့်ယှဉ်သောစကားကို ပြောဆိုခြင်း၊
(၇) မိမိ၏အမျက်ဒေါသကို နှိပ်ကွပ်ခြင်း

မိဘတို့အား လုပ်ကျွေးမွေးမြူခြင်းနှင့်ပတ်သက်၍ "ပုတ္တောဝါဒဆုံးမစာ"၌ "မိကိုလက်ယာ၊ ဘမှာ လက်ဝဲ၊ အမြဲထမ်းလျှက်၊ ပုခုံးထက်တွင်၊ သို့ပင်နိစ္စ၊ လုပ်ကျွေးကြလည်း၊ ရှေးကပြုဖူး၊ မွေးကျေးဇူးကို၊ အထူးမြဲခိုင်၊ မဆပ်နိုင်တည့်"ဟုစပ်ဆိုထားလေသည်။ မြင့်မိုရ်တောင်ဦးမကကျူးသည့် ကျေဇူးကြီးပေ မွေးသဖခင် မွေးသမိခင်၊ ဖေဖေ၊ မေမေတို့ကို ရိုသေစွာ ပြုစုယုယ လုပ်ကျွေးကြလျှင် မိမိဘဝ၌ နတ်တို့၏အကြီးအမှူး သိကြားမင်းကဲ့သို့ ဘုန်းတန်ခိုး ရရှိပြည့်စုံစေသော ကောင်းကျိုးကိုရရှိလေသည်။

ကျားမမဟူ လူကြီးလူငယ်အားလုံးတို့သည် အထက်ပါကျင့်ဝတ်(၇)ချက်ကို အလေးအနက်ထားကာ မိမိဘဝတွင် လက်တွေ့ကျင့်သုံးကြပါက ကောင်းကျိုးအမှန် မုချရကြမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ ဤနိယာမဥပဒေသသည် နှစ်ပေါင်း ၂၅၀၀ကျော်က မြတ်စွာဘုရား၏တရားဒေသနာ သုတ္တံတရားမှာပါခြင်းကြောင့် ခိုင်မာမှန်ကန်လှပါသည်။ မျက်မြင်အားဖြင့်လည်း ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ မိဘကို ချစ်ခင်ရိုကျိုးစွာ လုပ်ကျွေးပြုစုကြသူများသည် ကောင်းစားကြီးပွားကြပြီး အမိအဘတို့ကို ညိုညင် ငြူစူပစ်ပယ် ကျေးဇူးမသိတက်သူတို့ကား ရေနည်းငါးပမာ နွမ်းပါးဆင်းရဲကြသည်ကို တွေ့ကြရပါလိမ့်မည်။

ကျေးဇူးရှင်အမိအဘတို့ကို ဆူပူမောင်းမဲ နှိပ်စက်ဆဲဆိုသော သားဆိုးသမီးဆိုးများသည်ကား လောကမျက်မှောက်ဘဝ၌ပင် ရေနွေးရေပူလောင်းချခံရသော ပန်းပင်သစ်ပင်ကဲ့သို့ တစ်နေ့တခြား ညှိုးလျော် ခြောက်သွေ့ကာ အတိဒုက္ခရောက်ကြပုံကို မြင်ကြရသည်။

E-book is created *shanyoma*

ကျေးကွင်းစွပ်ခြင်း၊ ကျေးဇူးကန်းခြင်း၏အပြစ်တရားကား ကြောက်ရွံ့ထိတ်လန့်စရာ ကောင်းလှပေသည်။

အမှန်ကိုသိမြင်သူသည် ပညာရှိဖြစ်၏။ အမှားကို ယခင်က ပြုမိဖူးသော်လည်း အမှားဟုသိလျှင် ပညာရှိသူဖြစ်လာ၏။ အမှားကို သိမြင်လျက် အမှန်ကိုပြုပြင် ကျင့်သုံးနိုင်လျှင် ထိုသူသည် သူတော်ကောင်းပင်ဖြစ်၏။ ပညာရှိသူတော်ကောင်းတို့သည် အမိအဘတို့ကို မည်မျှညင် ချစ်ခင်ကြင်နာစွာ ပြုစုလုပ်ကျွေးခြင်းအစရှိသော ကျင့်ဝတ်(၇)တို့ကို ပြုစုကျင့်သုံးသဖြင့် ခေါင်းဆောင်အကြီးအမှူးအဖြစ် သြဇာတိက္ကမကြီးမားသောဘဝသို့ ရောက်ကြရလေသတည်း။

သိလျှင် ပညာရှိ၊ ကျင့်လျှင် သူတော်ကောင်း၊ အကျိုးပေးသောကျင့်ဝတ်(၇)ချက်ကို လက်စွဲပြုနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဒို့ကျေးရွာဂျာနယ်
၉-၃-၂၀၀၇

E-book is created shanyoma

(၃)

မှတ်ဉာဏ်ကောင်းစေရန် မခက်ပါ

မှတ်ဉာဏ်သည် ကလေးဘဝမှ အသက် ၅၀အထိ လေ့ကျင့်လျှင် လေ့ကျင့်သလောက် ထိရောက်စွဲမြဲပါသည်။ အထူးသဖြင့် အသက် ၁၀ နှစ်မှ ၂၅ နှစ်အထိ သင်ယူဆည်းပူးမှုများ၊ အတွေ့အကြုံများသည် မှတ်ဉာဏ်၌ ကောင်းစွာ ထင်ရှားတက်သည်။ အသက် ၆၀ ကျော်လာသောအခါတွင်မူ ငယ်စဉ်ကလောက် မှတ်ဉာဏ် မကောင်းချင်တော့ပေ။ သို့ရာတွင်မူ အသက်အရွယ်ရှစ်ဆယ်၊ ကိုးဆယ်တိုင်အောင် စာကောင်းပေမွန်များ ရေးသားနိုင်ကြသော ဆရာမင်းသုဝဏ်၊ ဆရာတက်တိုး၊ ဆရာပါရဂူအစရှိသော စာရေးဆရာကြီးများကိုကြည့်ပါက မှတ်ဉာဏ်သည် အရွယ်ရင့်ရော်သော်လည်း မချွတ်ယွင်း မပျက်စီးသူများလည်း ရှိပေသည်။

မှတ်ဉာဏ်ကောင်းစေလိုပါက အောက်ပါအချက်များကို လိုက်နာကျင့်သုံးအပ်သည်ဟု မှတ်သားခဲ့ရဖူးပါသည်-

(၁) အိပ်ရေးဝအောင် အိပ်ပါ။ (အိပ်ချိန်မှာ ဦးနှောက်ဆဲလ်များ အားသစ်ဖြည့်ကြရသည်)

(၂) အသီးအနှံနှင့်ဟင်းသီးဟင်းရွက်ကို များများစားပါ။

(၃) နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုများ မှန်မှန်ပြုလုပ်ပါ။

(၄) အသစ်အဆန်းများကို လေ့လာရမည်။ စိတ်ဝင်စားရမည်။

(၅) စာဖတ်သည့်အခါ အရေးကြီးသောအချက်များကို ခဲတံ(သို့မဟုတ်) ရောင်စုံမင်ဖြင့် မျဉ်းသားရမည်။

(၆) လူများနှင့်ရင်းနှီးခင်မင်စွာ ဆက်ဆံရမည်။ အကောင်းမြင် သဘောထား ရှိရမည်။

(၇) စနစ်တကျသိမ်းခြင်း၊ ထားခြင်း၊ မှတ်ခြင်းတို့ ပြုရမည်။

(၈) ရုပ်မြင်သံကြား၊ ရုပ်ရှင်၊ တီဗီကြည့်ခြင်း မလွန်ကဲစေရ။

(၉) အချက်အလက်များကို စာဖြင့် ရေးမှတ်ခြင်း ပြုရမည်။

(၁၀) ပဟေဠိ၊ ဉာဏ်စမ်း၊ ပုစ္ဆာ၊ လေ့ကျင့်ခန်းများဖြင့် အပန်းဖြေရမည်။

ခေါင်းဆောင်ဖြစ်လာသူများ၊ ပျော်ရွှင်အောင်မြင်သူများ၊ လူချစ်လူခင်ပေါများသူများ စသည်တို့သည် သာမန်လူအများထက် ထူးခြားထူချွန်သော မှတ်ဉာဏ်ကို ပိုင်ဆိုင်ကြလေသည်။ တစ်ခါက လယ်သမားတစ်ဦးသည် သမ္မတကြီး၏လက်ဆွဲကာ "သမ္မတကြီးခင်ဗျား။ လွန်ခဲ့တဲ့ ၄-၅ နှစ်က သမ္မတလောင်း မဲဆွယ်ပွဲအတွက် ကျွန်တော်တို့ဒေသကို စည်းရုံးရေးကွင်းဆင်းခဲ့စဉ်က လုပ်အားပေး စပါးရိတ်သိမ်းခဲ့ကြတာကို မှတ်မိပါသလား"

E-book is created shanyoma

ဟုမေး၏။

"မှတ်မိပါတယ်" ဟု သမ္မတက ဖြေ၏။

"အဲဒီတုန်းက တံဇဉ်တွေပြန်စုစည်းတဲ့အခါ အားလုံးပဲ ပြည့်စုံပါတယ်။ ဒါပေမယ့် တံဇဉ်တစ်ချောင်း လိုနေတယ်။ အဲဒါဟာ သမ္မတကြီးပြန်အပ်ဖို့ မေ့ခဲ့တာလိုထင်မိပါတယ်။ သမ္မတကြီးက ဘယ်မှာမျှား ချထားခဲ့ပါသလဲ။ မှတ်မိပါသေးသလား"ဟုမေးလေသည်။

ခဏမျှစဉ်းစားပြီး "အို . . . ဟုတ်တယ်ဗျ။ ကျုပ် ပြန်မအပ်ခဲ့မိဘူး။ ခြံတံခါးပေါက်ရဲ့အတွင်းဘက်မှာ ချိတ်ထားလိုက်မိတယ်။ ဘယ်သူဘယ်ဝါရဲ့လယ်ကွင်းထိပ်က ခြံတံခါးအတွင်းဘယ်မျက်နှာမှာ ရှာကြည့်လိုက်ပါ။" ဟုတိကျစွာ ဆိုလေသည်။ တကယ်တမ်းသွားကြည့်သောအခါ ထိုတံဇဉ်တစ်လက်ကို တွေ့ကြရသည်ဟု ဖတ်ဖူးပါသည်။ ခေါင်းဆောင်များသည် မှတ်ဉာဏ်ကောင်းကြသည်။ ထိုသမ္မတကား အေဘရာဟန်လင်ကွန်း(ခ)လင်းကင်း (၁၈၀၉-၁၈၆၅) ဖြစ်ပေတော့သည်။

မှတ်ဉာဏ်ကောင်းနည်း အထက်ပါ ဆယ်ချက်သည် ဘာမျှမခက်ခဲလှသော်လည်း စာဖတ်သူအား ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာအောင် အထောက်အကူ ပေးစေပါလိမ့်မည်။

ဒို့ကျေးရွာဂျာနယ်
၉-၃-၂၀၀၇

E-book is created shanyoma

(၄)
စည်းကမ်းရှိမှ-

" လူတွေပြောင်းလဲလာကြတာ သူများခိုင်းလို့မဟုတ်ဘူးဗျာ။ အပြောင်းအလဲရဲ့ အကျိုးကျေးဇူးတွေကို သူတို့ကိုယ်တိုင် သတိပြုမိလာလို့ ပြောင်းဖြစ်ကြတာပဲ။ အထူးသဖြင့် သူတို့နဲ့ဘဝတူ အနေအထားတူတဲ့လူတွေ ပြောင်းလဲပြီးချမ်းသာလာတာကို သတိပြုမိတော့မှ အပြောင်းအလဲလုပ်ဖို့ စိတ်ဝင်စားလာကြတာ"

မိုက်ကယ်၊ မန်ဒီလ်၊ ဘမ်း
(ကျော်ဝင်းဘာသာပြန် ကမ္ဘာပြားပြီ။
စာအုပ်၊ တတိယတွဲ-စာ-၁၇၇)

ဇာတ်ပွဲတစ်ခုတွင်

ဖြစ်ရပ်မှန်တစ်ခုကို တင်ပြ၍ စတင်ပါရစေ-

မြေလတ်ဒေသဘုရားပွဲတော်တစ်ခု၏ ဇာတ်ပွဲခင်းတစ်ခုအတွင်းမှာ ဖြစ်ပါသည်။ နိုင်ငံအဝန်း ကျော်ကြားသော အသံကောင်း၊ ရုပ်ချော၊ အပြောကောင်း၊ အကကောင်း၊ ခေါင်းဆောင်ဇာတ်မင်းသား၏ ဇာတ်စင်ပွဲ ဖြစ်ပါသည်။ ပွဲကြည့်ပရိသတ်ကလည်း ကြက်ပျံမကျ စည်ကားများပြားသည်။ ဇာတ်ကကောင်းသဖြင့် ပရိသတ်က တစ်ခဏက် အားပေးကြည့်ရှုနေကြသည်။ ပြဇာတ်ကလည်း ကောင်းသည်။ ယခုကပြနေသော နှစ်ပါးသွားခွင်ကလည်း ကောင်းသည်။ လူရွှင်တော်ကြီးတွေ ပြက်လုံးထုတ်လျှင်လည်း တသောသော ရယ်မောကြလျက် ပတ်တုတ်မရအောင် ပွဲကျလျက်ရှိ၏။ မျက်ရည်ကျအောင် ရယ်ရသဟဲ့။ အူနာအောင် ရယ်ရသကွယ်နှင့်။ အညာသူအညာသား ပရိသတ်များ တဟားဟားနှင့် အလွန်သဘောကျ ပျော်ရွှင်နေကြစဉ် ပရိသတ်ထောင့် တစ်နေရာမှ အသံတစ်သံကြောင့် အားလုံး၏အာရုံသည် ထိုနေရာဆီသို့ရောက်ရှိသွား၏။

နှစ်ပါးသွား ကနေစဉ်

"ဆိုတာ ကောင်းပါတယ်။ ကတာ ကောင်းပါတယ်။ ဒါပေမယ့် ဆိုင်အတီးမပါဘဲ ကတာ သက်သက်ကြည့်ချင်တယ်ဗျို့။ ဆိုင်းမပါဘဲ ကပြစမ်းပါ"။

လူတစ်ယောက်က ပရိသတ်ထဲမှ ထအော်လိုက်ခြင်းဖြစ်ပါသည်။ သူက ထိုစကားကို နှစ်ခါသုံးခါ ထပ်ပြောနေသည်။ မူးယစ်နေသလားတော့မသိပေ။ သူအုပ်စုက ဟုတ်တယ်။ ဝုတ်တယ်တဲ့။

"ဆိုင်းမပါဘဲ ကပြစမ်းပါ။"

E-book is created shanyoma

E-book is created shanyoma

ပရိသတ်သည် ရှုတ်တရပ်ကြီး ငြိမ်သက်သွား၏။ မီးကိုရေနှင့်ပက်လိုက်သကဲ့သို့ဟု ဆိုရမည်။

နှစ်ပါးသွား ကပြနေသော မင်းသားက သေချာစွာ နားထောင်သည်။ ဣန္ဒြေ မပျက်ပေ။ အချိန်ကိုစောင့်၍ပြုံးလျက် အဖြေစကား သူပြောကြားသည်-

"ဦးဓာတ်ဆီရေ"

"ဇာတ်ဆရာခင်ဗျာ"

"ဦးဓာတ်ဆန်"

"ရှိပါတယ် ဆရာရေ့"

"သဘင်၊ သဘင်နဲ့ အမြင်သာ လွယ်တယ်၊ ထင်ရပေမယ့် တကယ်လုပ်ရင် အဟုတ် ခက်ပါတယ်ဆိုတဲ့စကား ရှိတယ် မဟုတ်လားခင်ဗျာ"

"ကြားဖူးပါရဲ့ ဇာတ်ဆရာ"

"ကျွန်တော်တို့ ဇာတ်သဘင်သည်များဟာ ရွှေပွဲလာ ပွဲကြည့်ပရိသတ်များက အားပေးမြှောက်စားကြလို့ ယခုလို ကပြတင်ဆက်နိုင်ခြင်း မဟုတ်ပါလားခင်ဗျာ"

"အမှန်ပါပဲ ဇာတ်ဆရာခင်ဗျာ"

ထမင်းရှင်

"ရွှေပွဲလာပွဲကြည့်ပရိသတ်များဟာ ကျေးဇူးရှင်၊ ထမင်းရှင်တွေဆိုရင်ကော မှားမလားခင်ဗျာ"

"မမှားပါခင်ဗျ"

"ကျေးဇူးရှင် ကျွေးမွေးယုယ အားပေးကြတဲ့ကျေးဇူးရှင်တွေရဲ့စိတ်ဆန္ဒ အလိုကျ အောင် ကျွန်တော်တို့က အစွမ်းကုန်ဖြည့်ဆည်းပေးရန် တာဝန်ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ ကျေးဇူးဆပ်ချင်တဲ့စေတနာ၊ စေတနာနဲ့တာဝန်ကြောင့် ကျွန်တော်တို့ဟာ စေခိုင်းရာကို လုပ်နိုင်သမျှ လုပ်ပေးကြရပါမယ်"

"ကောင်းလှပါတယ် ဇာတ်ဆရာ"

"သို့ရာတွင် အကြောင်းအကျိုး၊ အကောင်းအဆိုး တင်ပြစရာရှိရင်လည်း တင်ပြ ရမှာပဲ မဟုတ်ပါလား၊ ဦးရွှေငါးရေ"

"ဆိုရေးရှိက ဆိုအပ်လှပါတယ်ခင်ဗျား"

"ဆိုင်းမပါဘဲ ကပြပါဆိုရင် ကလို့မရဘူးလား၊ မေးလာရင်ရပါတယ်လို့ ဖြေရပါ့ မယ်။ ဆိုင်းမပါဘဲ ကလို့ရပါတယ်။ ကပြပါမယ်။ သို့သော်-

"စည်းဝါးမပါဘဲနဲ့တော့ ကပြလို့မရပါ။ စည်းနဲ့ဝါး မပါဘဲနဲ့ ကလို့ရပါ့မလား ဦးဓာတ်ဆီရေ"

"စည်းလွတ်ဝါးလွတ် ကလို့ မဖြစ်ပါခင်ဗျား"

စည်းနှင့်ဝါး

"ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ အနုပညာရသဖန်တီးခြင်းမှန်သမျှမှာ စည်းမျဉ်းစည်းကမ်း၊ နရီ၊ စည်း၊ ဝါး၊ သတ်မှတ်ပြဋ္ဌာန်းထားသော အကန့်၊ အပိုင်းအခြားဟာ ရှိကြရစမ်ြဖြစ်ပါတယ်။ ဘီးလူးစည်း၊ လူ့စည်းဆိုတဲ့စကားလည်း ရှိတယ်မဟုတ်လားခင်ဗျာ"

"ရှိရပါတယ်ဇာတ်ဆရာ ခင်ဗျာ"

"စည်းဆိုတာ ရေးထားတာ၊ ပြောထားတာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ စည်းကတော့ လူ့သားမှန်သမျှရဲ့အသိဉာဏ်အရ သိအပ်လိုက်နာအပ်တဲ့အတိုင်းအတာ တစ်ရပ်အနေနဲ့ ရှိကြရတာပါပဲ။ ရဟန်းမှာ ဝိနည်း၊ ရွာမှာစည်းရိုး၊ လူမှာစည်းကမ်းဆိုတာ အနားကွပ်ထားတဲ့ အပိုင်းအခြားတွေ မဟုတ်ပါလား ဦးဓာတ်ဆန်ရယ်"

"မှန်ပါတယ်၊ စည်းကမ်းဟာ လူရဲ့တန်ဖိုးပါခင်ဗျာ"

စည်းကမ်း

ဇာတ်ဆရာသည် စည်းအခြေခံကျပုံ၊ စည်းကမ်းသည်အရေးကြီးပုံ၊ စည်းကမ်းရှိသောလူအဖွဲ့အစည်းကသာလျှင် ဖွံ့ဖြိုးတိုးတက်စည်ပင်နိုင်ပုံများကို ပရိသတ် အငေးသားနားထောင် ဘဝင်ကျလောက်အောင် နာရီဝက်ခန့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောဆိုနေတော့သည်။ ပွဲကြည့်ပရိသတ်က သဘောကျ သဘာပေါက်သည်။ ငြိမ်သက်စွာ အာရုံစိုက်ကြသည်။

မူးတိမူးကြောင်နှင့် ထအော်ဟစ်သော ပွဲကြည့်သူလူတစ်စုကြောင့် ဒေသနယ်မြေနာမည်ပျက်၍ အရှက်ရစေနိုင်ကြောင်း သတိပြုမိလာသည်။ ရပ်ရွာလူကြီးများ ဖြစ်ပုံရသူ အချို့က ထိုကဲသို့အော်ဟစ်သူသုံးလေးယောက်တို့အား ဂျိုင်းမှ ထူမကာ ဆွဲထုတ်သွားကြသည်ကို တွေ့ရလေသည်။ ခေါင်းငုံ့လျှက် ပါသွားကြပေပြီ။

ဇာတ်ဆရာသည် ဆိုင်းမပါဘဲ စည်းဝါး အတီးမျှဖြင့် နရီ၊ စည်းထိပ်၊ စည်းကျဲ၊ ဝါးလတ်၊ စည်းသုတ် အမျိုးမျိုးဖြင့် လှပစွာ ကပြအသုံးတော်ခံပြီး ပရိသတ်၏မေတ္တာကို ထိုညက အဆများစွာ တင်ပြပြောဆိုသမျှစည်းကမ်းနှင့်ပတ်သက်သောစကားကိုလည်း ပွဲကြည့်ပရိသတ်က ထာဝစဉ်စွဲမြဲ အမှတ်ရသွားစေပါတော့သည်။ ထိုဇာတ်ဆရာကား မင်္ဂလာဦးအောင်မောင်းဖြစ်ပါသည်။ အချိန်ကာလမှာ လွန်ခဲ့သောနှစ်ပေါင်း ၆၀ခန့်က မြန်မာပြည်လွတ်လပ်ရေးရပြီးစ သူပုန်၊ သူကန်၊ လက်နက်ကိုင်ပျောက်ကျားတွေ တစ်တော တစ်ကြက်ဖ ရှိနေကြသေးသော ကာလဖြစ်ပါသည်။ သူက ရဲရဲဝံ့ဝံ့ ပြောခဲ့ပါ၏။

စည်းကမ်းရှိမှတိုးတက်မည်။

E-book is created shanyoma

E-book is created shanyoma

မှန်လေသည်

သဘင်၊ သူရူး၊ ကလေးသူငယ်ဟူသော ဤသုံးဦး၏စကားသည် မှန်ကန်တက်သည်။ သဘင်ပညာရှင်တစ်ဦး ထိုတစ်ညထိုစဉ်ကပင် အလေးအနက်လှစ်ဟခဲ့သောစကားမှန်သည် မှန်ခဲ့သည်။ စည်းကမ်းရှိသဖြင့် တိုးတက်ကြရသည်။

စည်းကမ်းကို ရိုသေလေးစား လိုက်နာတက်ကြသဖြင့် ကျွန်ပ်တို့နိုင်ငံသည် တစ်စ တစ်စ ဖွံ့ဖြိုးတိုးတက်လာခဲ့ရသည်။ ဆက်လက်ပြီး နိုင်ငံကြီးသားပီပီသသ စည်းကမ်း၏ တန်ဖိုးကို ပိုမိုသိမြင်နားလည်ကြသည်နှင့်အမျှ အဖက်ဖက်မှ တိုးတက်အောင်မြင်ကြဦး မှာလည်းအမှန်ပင်။

ဖွံ့ဖြိုးတိုးတက်မည်ကို မလိုလားသူအချို့တော့ ရှိကြသေးသည်။ ပြည်သူလူထုက တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးရှိမှ တိုးတက်ဖွံ့ဖြိုးမှုများ အရှိန်အဟုန် ပိုမိုကောင်းလာမည်ကို သိကြသည်။ ဖွံ့ဖြိုးတိုးတက်မည်ကို မလိုလားသူ အဖျက်သမား တစ်စုမှာ ပေါ်ပေါ်ထင်ထင် ခေါင်းမဖော်ရဲ။ ထောက်ခံသူ မရှိသူသဖြင့် မျက်နှာမဖော်ရဲ။

တစ်ချိန်တည်း တစ်ပြိုင်တည်း စျေးကြီးထဲ ဗုံးခွဲသည်။ လူထုက မကျေနပ်။ တောရွာ များမှာ မိုင်းထောင်သည်။ ပြည်သူက မုန်းတီးသည်။ လမ်းမပေါ် အော်ဟစ်ဆူပူ မငြိမ် မသက်ဖြစ်အောင် နှိုးဆွသည်။ ပြည်သူလူထုက ဝိုင်းပယ်ဆန့်ကျင်ကြသည်။ ရွံရှာစက် ဆုတ်သည်။ အေးချမ်းလုံခြုံခြင်းကိုသာ ပိုမိုလိုလားသည်။

စည်းကိုကျော်လာ

ပြည်သူကို ထိတ်လန့်ခြောက်ခြားအောင် အနည်းနည်းအဖုံဖုံ ခြောက်လှန့်သော်လည်း ပြည်သူက သွေးမလန့်ခဲ့။ ပြည်ပသံရုံးအချို့သည် စည်းကိုကျော်လျှက်၊ အရှက်မရှိ၊ အဖျက်လုပ်ရက်များ လုပ်အောင် နည်းမျိုးစုံ နှိုးဆော်တိုက်တွန်းနေကြ၏။ သံတမန် အချို့သည် စည်းကိုဖောက်လျက် သူလျှိုအဖျက်လုပ်ရပ်များ ပြုမူခဲ့ကြ၏။ နိုင်ငံတော်အစိုးရ သည် မုန်းစကို တိုစေလျက်၊ ချစ်စကို ရှည်စေရမည်ဟူသော ကျင့်ဝတ်စေတနာ မပျက် ခွင့်လွှတ်ထားခဲ့၏။

အဖျက်လုပ်ရပ်များ လက်ဝါးချင်းရိုက်နေသော အချို့သံတမန်နှင့်ပလူးပလဲ ဝင် ချည်ထွတ်ချည်လုပ်နေသော ငါးခုံးမအချို့လည်း ပြည်သူလူထုက နေ့စဉ်မြင်နေ၏။ တွေ့ နေ၏။ ဘာသာစကားသင်တန်းဟု ဗန်းပြကာ ထိပ်တိုက်ဆန့်ကျင်ရေး နည်းနာများကို ပို့ချသင်ပြလှုံ့ဆော်ခဲ့ကြ၏။ ဗူးသွင်းနေကြ၏။ နိုင်ငံနှင့်လူမျိုးအကျိုးကို ကာကွယ်စောင့် ရှောက်ရန် တာဝန်ရှိသူ အချို့က စည်းကိုမကျော်အောင် အစဉ်မပြတ်စောင့် ကြည့်နေကြ၏။

ဘာသာရေးကို အကြောင်းပြုကာ ဆူပူအုံကြွမှုများဖြစ်လာအောင် ဗုံးခွဲသူကို စေလွှတ်ခဲ့၏။ ထိုသူကိုယ်တိုင် စနက်တံကိုဖြုတ်မိသဖြင့် ဝမ်းဗိုက်ပွင့်ပြီး သေပွဲဝင်သွားရ၏။

ဘာသာရေးကို ခုတုံးလုပ်ကာ မကျေနပ်မှုများဖြစ်အောင် လေလှိုင်းသံမှ မဟုတ်မမှန်စွပ်စွဲ သွေးထိုးလှုံ့ဆော်နေ၏။ သွေးခွဲခြင်းဟူသမျှ၏ ဆိုးကျိုးများကို နားလည်နေကြပြီဖြစ်သည့် ပြည်သူလူထုသည် နားငြီးခံပြီး နားမထောင်ကြတော့ပေ။ စည်းလုံးခြင်းသည် ခွန်အား။

မျက်နှာဖုံးကွာကျ

လူ့အခွင့်အရေး၊ အမျိုးသမီးများအခွင့်အရေး၊ ဒီမိုကရေစီရေး၊ ဘာသာရေး လွတ်လပ်ခွင့်စသည်ဖြင့် အပေါ်ယံမျက်နှာဖုံး အမျိုးမျိုးစွပ်ပြီး ပါစပ်ဖျားက သကြားရည် သုတ်ထားကြပါသော်လည်း တကယ့်ရည်ရွယ်ချက်ကား ကျွန်ုပ်တို့နိုင်ငံနှင့်လူမျိုးကို ဖိနှိပ်ရေး၊ သိက္ခာချိုင်းပယ်ရေး၊ ထိုးနှက်ဖျက်ဆီးရေး၊ ဒုက္ခရောက်စေရအောင်ပိတ်ပင်ရေး၊ နိုင်ငံ တကာနှင့်အဆက်ပြတ်စေရေးကိုသာလျှင် ၁၉နှစ်လုံးလုံး တစိုက်မတ်မတ် သူတို့ကြိုးစား လုပ်ဆောင်ခဲ့သည်မို့ ဟန်ဆောင်ဖုံးကွယ်၍ မရပြီ။

ဗူးပေါ်သလို ပေါ်နေပြီ။ ထင်ရှားခဲ့ပြီ။

အဖျက်လုပ်ရက်များကို ပြည်သူမလိုလား။

စည်းကမ်းတန်ဖိုး

ပြည်သူက နိုင်ငံတကာနှင့်အညီ ခေတ်မီ ရင်ပေါင်တန်းနိုင်အောင် ပြောင်းလဲ ချင်နေပြီ။ အပြုလုပ်ရပ်များ၏အကျိုးကျေးဇူးကိုလည်း ကိုယ်တိုင်ခံစား ထိတွေ့နေရပြီ။ လေလှိုင်းသံထဲက လုပ်ကြံလီဆယ် ဘာတွေပဲပြောနေနေ မျက်မြင်ကောင်းကျိုးတစ်ခုမှမပါ။ စေတနာမွဲလှသည်။ အကြံအစည် ယုတ်ညံ့လှသည်။ ပျဉ်ဖိုးနားလည်ခဲ့ပြီ။

ကဗျာဆရာကြီး မင်းသုဝဏ်ရေးသားဖွဲ့ဆိုခဲ့သော ဒွေးချိုးကဗျာပုဒ်ကို ယခုခေတ် ပြည်သူများက နားဝင် လက်ခံသည်-

စည်းတွင်းမှာနေ၊ ကင်းကွေလိမ့်ရန်ဘေး။

ကမ်းကိုကျော်၊ ချော်ကာကျ၊ များလှရန်ဘေး။

မယ်သီတာသည် ရာမနှင့်လက္ခဏာတို့ စည်းသားထားခဲ့သောစည်းကို ကျော်ခဲ့မိ သဖြင့် ဒဿာဂီရိ ဘီလူး၏ခိုးယူခေါ်ဆောင်ရာသို့ ပါသွားခဲ့ရသည်။ ရာမဇာတ်တော်ထဲက သင်ခန်းစာကို မလိုက်နာသူသည် မှားခဲ့မိပြန်၏။ ဩော်-မှော်ရုံဟေဝန်တောမြိုင်စွန်တွင် စည်းကို အကြိမ်ကြိမ်ကျော်သဖြင့် မျက်စိလည်နေရှာသူတွေလည်း ရှိနေခဲ့၏။ စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သကဲ့သို့ မည်သည့်နိုင်ငံ မည်သည့် တိုင်းပြည်မဆို စည်းကမ်းရှိမှ တိုးတက် အောင် ဘေးတီးလှုံ့ဆော်နေသည့်ပြည်ပအဖျက်သမားများ၏အစွယ်ပြူးပြူး ဘီလူး ဇာတိ ရုပ်ကား ဖုံးကွယ်ထား၍ မရတော့ပြီ။

E-book is created shanyoma

မြင်သာဖြို

လူ့စည်း၊ ဘီလူးစည်းကွဲပြားသဖြင့် နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှု၊ ဆက်သွယ်ရေးနည်းပညာ ခေတ်မီကျယ်ပြန့်မှု၊ တိုးလျှိုပေါက်မြင်သာနိုင်စွမ်းရှိမှု အခြေအနေကို ကျေးဇူးတင်ရသည်။ အမှားသည် အမှန်မဖြစ်လာ။ အဆိုးသည် အကောင်းမဟုတ်ပါ။ ယုတ်မာကောက်ကျစ်မှုသည် ရိုးသားဖြူစင်မှုအဖြစ် ဖုံးကွယ်ပုံဖျက်ချင်၍ မရချေ။ Transparency ပွင့်လင်းမြင်သာသောခေတ် ရောက်လာပြီ။

မည်သူတွေက မည်မျှပင် နှောင့်ယှက်ဟန့်တားပိတ်ဆို့ထားခဲ့ကာမူ ကျွန်ုပ်တို့သည် တက်ညီလက်ညီ စည်းကမ်းရှိရှိနှင့် ပိုမိုကောင်းမွန်တိုးတက်သော ခေတ်မီဖွံ့ဖြိုးသော အခြေအနေတစ်ရပ်ဆီသို့ ရှေ့ရှုပြောင်းလဲနိုင်ကြသည်ကား မုချသေချာပေသည်။ ပြည်သူတွေ၏ ရဲ့ လုံ့လနှင့်အမြော်အမြင်ကို လေးစားချီးကျူးရပေမည်။ ပြည်သူ၏စွမ်းအားသည် ကြီးမားလေသည်။

ချစ်နိုင်(စိတ်ပညာ)
၁၂-၃-၂၀၀၇

E-book is created *shanyoma*

(၅)
ခေါင်းဆောင်မှတ်စု

" မုန်တိုင်းထန်တဲ့ ပစ္စုပ္ပန်ကာလအတွက် လေငြိမ်တဲ့အတိတ်ကာလရဲ့ သဘောတရားတွေက မလုံလောက်တော့ပါဘူး။ လက်ရှိအခြေအနေမှာ အခက်အခဲတွေ တောင်လို့ပုံနေတယ်။ အခြေအနေနဲ့အတူ ကျွန်တော်တို့ မြင်တတ်ကြရမယ်။

အေဘရဟမ်၊ လင်ကွန်း
(၁၈၀၉-၁၈၆၅)
၁-၁၂-၁၈၆၂ ညီလာခံပေးပို့သောသဝဏ်လွှာမှ။

ဒေါ်နယ်တီ၊ ဖိလစ် Donald T.Philips ဆိုသူရေးသားပြုစုသော "စံပြခေါင်းဆောင်မှု၊ သမ္မတလင်းကွန်း၏အံ့ဖွယ်ခေါင်းဆောင်မှုစွမ်းရည်"စာအုပ်ကို စာရေးဆရာမောင်ပေါ်ထွန်းက ဘာသာပြန်ခဲ့ပါသည်။ ၁၉၈၈-ခုနှစ်က တူဒေးစာအုပ်တိုက်မှ ပထမအကြိမ်ထုတ်ဝေခဲ့သည်။ ၂၀၀၃ခုနှစ်တွင် ရာပြည့်စာအုပ်တိုက်က ဒုတိယအကြိမ် ထုတ်ဝေခဲ့သည်။ မူရင်းစာရေးသူက လင်းကွန်းအကြောင်းရေးသားထားသောစာအုပ်ပေါင်း ထောင်နှင့်ချီ၍ များပြားခဲ့ပြီသော်လည်း သူသေသေချာချာရှာကြည့်သောအခါ ခေါင်းဆောင်မှုအနေဖြင့် ချဉ်းကပ်လေ့လာထားသောစာအုပ်ဟူ၍ တစ်အုပ်တစ်လေမှ ၁၉၈၃ခုနှစ်အထိ မရှိသေးသော စာအုပ်ဟူ၍ တစ်အုပ်တစ်လေမှ ၁၉၈၃ခုနှစ်အထိ မရှိသေးကြောင်း တွေ့ရှိရပါသည်။ ရှိကာဂိုမြို့ ရှိလင်းကွန်းစာအုပ်ဆိုင်၊ အင်ဒီယန်းပြည်နယ် ဖို့ဒ်ဝိန်းမြို့ရှိလင်းကွန်းစာကြည့်တိုက်စသည်များကို မေးမြန်းရှာဖွေခဲ့သည်။ မတွေ့ရပေ။

ခေါင်းဆောင်မှုLeadershipနှင့်ပတ်သက်၍အမေရိကန်သမ္မတလင်းကွန်း(၁၈၀၉-၁၈၆၅)ကို စနစ်တကျ ချဉ်းကပ်လေ့လာရေးသားသော ထူးခြားသည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်းတွေ့ရပေသည်။ ခေါင်းဆောင်မှုစွမ်းရည် အလွန်တရာမြင့်မားသော သမ္မတလင်ကွန်းထံမှ အတုယူစရာတွေ များစွာတွေ့ရှိရလေသည်။ အများစုသည် လက်အောက်အမှုထမ်းများအား ရိုးရိုးသက်သာ အကြံဉာဏ်ပေးခြင်း ထောက်ခံအားပေးခြင်းဖြင့် အလုပ်ဖြစ်နိုင်ပါလျှက် အာဏာပြခြင်း၊ ဩဇာပေးခြင်း၊ အမိန့်ပေးခြင်းတို့ကိုသာ ပြုလုပ်နေတက်၏။ မလိုအပ်ဘဲ အင်အားသုံးသဖြင့် အင်းအားပြန်းတီးရ၏။ လူတိုင်း နားလည်လွယ်သော သာမန်လူသဘောသဘောဝများကိုပင် နားလည်အောင် မကြိုးစားကြ။ စစ်မှန်သောခေါင်းဆောင်မှုသည် ယခုအခါ အလွန်ရှားသည်ဟု ဒေါ်နယ်တီ၊ ဖီလစ်က ရေးထား၏။ ခေါင်းဆောင်မှုသည် အဓိကအခြေခံဖြစ်သော စံပြနမူနာများအား ထိုစာအုပ်တွင် အတတ်နိုင်ဆုံးပြည့်စုံစွာ ဖော်ပြထား၏။ အသေးစိတ်ဖတ်ရှုလိုပါက မောင်ပေါ်ထွန်း ဘာသာပြန်ထား

E-book is created shanyoma

E-book is created shanyoma

သော"စံပြခေါင်းဆောင်"အမည်ရှိ လင်းကွန်းရှုပ်ပုံမျက်နှာဖုံးပုံပါသည့်စာအုပ်ကို ဆက်လက်ဖတ်ရှုရန် ဖြစ်ပါသည်။

ဤဆောင်းပါးကမူ လိုရင်းတိုရှင်း(ကူးချ)ဖော်ပြပြီး မိတ်ဆက်ကောက်နှုတ်ချက်မျှသာဖြစ်ပါသည်။ ထိုစာအုပ်တွင် စာရေးသူ၏အမှာနိဒါန်း၊ အခန်း(၁၅)ခန်းနှင့် နိဂုံးဟူ၍ အပိုင်း(၁၈)ခု ပါဝင်ပါသည်။ အခန်း(၁၅)ခန်း၏အဆုံး၌"လင်ကွန်း၏ခေါင်းဆောင်မှုကျင့်စဉ်"ဆိုပြီး အနှစ်ချုပ်ဝါကျများ ရေးသားဖော်ပြထားခဲ့ပါသည်။ အသေးစိတ်ရှင်းလင်းတင်ပြနေရန် မလိုအောင် မူရင်းဝါကျက ပေါ်လွင်ပါသည်။ စာဖတ်သူက အဓိပ္ပာယ် နားလည်နိုင်အောင် ရေးသားထားပါသည်။ ဖွင့်ဆိုနေစရာမလိုဟု ဆောင်းပါးရှင်က ထင်ပါသည်။ ထိုကြောင့် တစ်လုံးတစ်ပါဒမျှ ဝင်မစွက်တော့ပါ။ အခန်းတစ်ခုချင်း၏အဖြစ်အပျက်၊ သမိုင်းမှတ်တမ်းများအပေါ် စာရေးသူဒေါ်နယ်လ်၊တီ၊ဖိလစ်၏ နိဂုံးချုပ်ကောက်နှုတ်တင်ပြသမျှသည် အဆီအနှစ်ပင်ဖြစ်ပါသည်။ စာဖတ်သူက အသာအယာ အလွယ်တကူ ဇွန်းနှင့်ခပ်စားရုံသာဖြစ်ပါသည်။ ဖတ်ရှုပြီးပါက ဆက်လက် ပို့ချဆွေးနွေးရန်ဖြစ်စေ၊ လက်တွေ့ အသုံးချရန်ပဲဖြစ်စေ၊ သေသေချာချာ လိပ်ပတ်လည်အောင်တော့ ဆင်ခြင်တွေးဆ သုံးသပ်ရဦးမည်ဟုအကြံပြုချင်ပါသည်။

အနှစ်ချုပ်ကျလွန်းသည်။

အဓိပ္ပာယ်ရှင်းလင်းသော်လည်း အသုံးချနိုင်အောင်ကား နက်နဲစွာ နားရှင်းဖို့ လုံလောက်ပေမည်။

ထိုကြောင့် ဤဆောင်းပါးသည် အဆီအနှစ် ပျစ်ခဲလွန်းသဖြင့် ရေနွေးနည်းနည်းရောပြီး မွှေပေးပါ။ (ဝါ) ထပ်မံ၍ ချဲ့စဉ်းစားကာ အသုံးချပါဟု ဆိုပါရစေ။

လင်ကွန်း၏ခေါင်းဆောင်မှုကျင့်စဉ်များ

အခန်း(၀)

၁။ ပြဿနာဖြေရှင်းနည်းကို ရှင်းလင်းစွာ ရေးသား၍အကြံပေးဖော်ပြပါ။
၂။ သင်သည် လူတွေကြားတွင် မကြောက်မလန့် သွားလာနေသည်ဟု လူတွေက ထင်ပါစေ။
၃။ လက်အောက်ငယ်သားများနှင့် ရှောင်တခင် တွေ့ဆုံဆက်ဆံပါ။ တမင် စီစဉ်တွေ့ဆုံခြင်းကဲ့သို့ပင် အကျိုး ရှိနိုင်သည်။
၄။ လာတွေ့သောဧည့်သည်များကို မတွေ့ဘဲ မကြာခဏ ပြန်မလွှတ်ပါနှင့်။
၅။ ပြည်သူ့ထင်မြင်ချက်များ အမြဲရနေအောင် ဖန်တီးပါ။
၆။ "လူတိုင်း ခ်ီးကျူးခံချင်သည်" ဆိုခြင်းကို သတိရပါ။
၇။ သင်၏လက်အောက်ငယ်သားများ မတ်တတ်ရပ်နေနိုင်လျှင် သင်လည်း မတ်တပ်ရပ်နေနိုင်ရမည်။

၈။ စိတ်ချရသော နောက်ဆုံးသတင်း အချက်အလက်မှန်ကို ရနိုင်အောင်ကြိုးစားပါ။

အခန်း(၂)

၁။ တစ်ချိန်တွင် စစ်ပွဲတစ်ပွဲသာ ဆင်နွှဲပါ။

၂။ လက်အောက်ငယ်သားများက သင့်အား ပြတ်သားသူ၊ တည်ကြည်သူ၊ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သူဟူ၍ ယုံကြည်လာအောင်ကြိုးစားပါ။ သူတို့က သင့်အား ယုံကြည်လေးစားလာလိမ့်မည်။

၃။ အစဉ်အလာ ယဉ်ကျေးမှုစည်းကမ်းနှင့်ပုဂ္ဂိုလ်ရေးသိက္ခာတို့ကို တစ်ခါတစ်ရံ "ဘေးချိတ်" ထားရ၏။

၄။ လူ့သဘော၊ လူ့မနောကို နားလည်ရေးအတွက် အချိန်နှင့်ပိုက်ဆံ ရင်းနှီးမြှုပ်နှံပါ။

၅။ လူ့အပြုအမူကို အတိုင်းအတာတစ်ခု အထိပြုပြင်၍ ရနိုင်ကြောင်း သတိရပါ။

၆။ သနားကြင်နာခြင်း၊ ဂရုစိုက်ခြင်းသည် ကောင်းမွန်သော ဆက်ဆံရေးကို ဖော်ဆောင်ပေးနိုင်သည်။

အခန်း(၃)

၁။ ဌာနတွင်း မကျေနပ်ချက်များကို အားမပေးနှင့်။ ညှိနှိုင်းစေ့စပ်ရန် လက်အောက်ငယ်သားများအား အမြဲတမ်း ဖျောင်းဖျဆွဲဆောင်ပါ။

၂။ အင်အားကို နောက်ဆုံးအားကိုးရာအဖြစ်သာ သုံးပါ။

၃။ နောက်လိုက်ငယ်သားများက သူတို့လုပ်ရပ်ကို သူတို့စိတ်ကူးဖြင့် လုပ်သည်ဟု ယုံကြည်ချင်ကြကြောင်းကို သတိရပါ။

၄။ နောက်လိုက်ငယ်သားကို မိမိဘက်ပါအောင် ဆွဲဆောင်လိုလျှင် မိမိသည် မိတ်ဆွေကောင်းတစ်ယောက်ဖြစ်ကြောင်း၊ သူယုံကြည်အောင် ပထမ ဦးစွာပြသပါ။

၅။ နောက်လိုက်များကို မိမိက ဦးဆောင်ရန် သူတို့၏ သဘောတူညီမှုကို အလျင်ယူပါ။

၆။ နောက်လိုက်များအား ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့်လုပ်ကိုင်စေခြင်းဖြင့် တာဝန်နှင့်အာဏာကို ခွဲဝေပေးပါ။

၇။ အဖွဲ့အစည်းတစ်ခုလုံးနှင့်ဆိုင်သောကိစ္စများတွင် ဌာနအသီးသီး၏အကြီးအကဲများနှင့် ပြည့်ပြည့်ဝဝဆွေး နွေးတိုင်ပင်ပြီးမှ ဆောင်ရွက်ပါ။

၈။ ခေါင်းဆောင်ကောင်းသည် အမိန့်မပေး၊ မေတ္တာရပ်ခံခြင်း၊ တိုက်တွန်းခြင်း၊ အကြံပေးခြင်းတို့ကိုသာပြု လုပ်သည်။

E-book is created shanyoma

E-book is created shanyoma

အခန်း(၄)

၁။ လက်အောက်ငယ်သားများအား တူညီသောလွတ်လပ်မှုနှင့်တူညီသောအခွင့်အရေး ပေးပါ။

၂။ မိမိ အမြင့်သိုရောက်သွားသောအခါ အောက်ကိုပြန်ကြည့်ပြီး နောက်ကလူကို အကူအညီ ပေးပါ။

၃။ နောက်လိုက်များအား ဆွဲဆောင်နိုင်သော အခြေခံပန်းတိုင်များနှင့်တန်ဖိုးများ သတ်မှတ် ဆောင်ရွက်ပါ။

၄။ မှန်မှန်ကန်ကန် ရပ်သောသူနှင့်အတူရပ်ပါ။ သူမှန်ကန်နေလျှင် သူနှင့်အတူတူရပ်ပါ။ သူ အမှားလုပ်သောအခါ သူ့ကိုစွန့်ခွာလိုက်ပါ။

၅။ လုပ်ရပ်မမှန်ကန်ဘဲနှင့်မိမိ၏ အကျင့်စရိုက်ကြောင့် သူတစ်ပါးကို ဘယ်တော့မျှ ဝန်မပိပါ စေနှင့်။

၆။ အဖွဲ့အစည်း၏ရည်မှန်းချက်များကို တိုးတက်မြင့်တင်ရန်နှင့်ပူးပေါင်းအကျိုးဆောင်သူ များကို ကူညီရန်မှာ ခေါင်းဆောင်၏တာဝန်ဖြစ်သည်။

၇။ ဘဝတူပြည်သူတို့၏ ယုံကြည်အားကိုးမှုကို တစ်ကြိမ်မျှ လက်လွတ်ရလျှင် သူတို့၏လေးစား ကြည်ညိုမှုကို နောက်ထပ် ဘယ်တော့မျှ ရရှိနိုင်တော့မည်မဟုတ်။

အခန်း(၅)

၁။ လူတစ်ယောက်အား နှိပ်ကွပ်လျှင် ထိုသူနှင့် ထိုသူ၏မိတ်ဆွေများသည် မိမိအဖွဲ့အစည်း အတွက် ထာဝရရန်သူများ ဖြစ်လာနိုင်သည်။

၂။ အပြစ်ဒဏ်ကြောင့် အပြစ်ပေးရန်ဟူသော ရည်ရွယ်ချက်သည် ဘယ်လိုမျှ အကျိုးမပြု။

၃။ နာမည်ကောင်းထွက်သော ခေါင်းဆောင်ထံသို့သာ လူတွေချဉ်းကပ်ချင်ကြသည်။

၄။ တစ်ခါတစ်ရံ မသိယောင်ဆောင်နေလိုက်ခြင်းသည် အကျိုးယုတ်လောက်အောင် ထိခိုက် နစ်နာမှု မဖြစ်နိုင်။

၅။ အဖွဲ့အစည်းတစ်ခုသည် ခေါင်းဆောင်၏ကိုယ်ရည်ကိုယ်သွေးကောင်းခြင်းကို အားကိုး အားထားပြုသည်။

၆။ သာမန်အကြောင်းများကြောင့် လူငယ်များအား ဘဝမပျက်ပါစေနှင့်။

၇။ မလိုတမာစိတ်ကို ရှောင်ပါ။ မေတ္တာ၊ စေတနာကို ဆောင်ပါ။

၈။ မိမိ၏အကောင်းဆုံးအပြုအမူများဖြင့်သာ လူတွေကို တွေ့ဆုံဆက်ဆံပါ။

အခန်း(၆)

၁။ ဒေါသမများစေရေးအတွက် ပုတ်ခတ်ဝေဖန်ချက်များကို ဖတ်ရှုခြင်းမှ ရှောင်ကြဉ်ပါ။

E-book is created shanyoma

၂။ စိတ်လှုပ်ရှားနေသော လူထုကို မကြောက်ပါနှင့်၊ မိမိ၏ရိုးသားသောခံစားချက်ကို ပွင့်ပွင့်လင်းလင်း ပြောပြပါ။
၃။ ယေဘုယျအားဖြင့် အမှန်တရားသည် မတရားစွပ်စွဲဝေဖန်မှုကို အကောင်းဆုံး ကလဲ့စားချေခြင်းဖြစ်သည်။
၄။ ကိုယ်သိသလောက်၊ ကိုယ်တတ်သလောက် အကောင်းဆုံးဖြစ်အောင် လုပ်ပါ။ ပြီးဆုံးအောင်အထိ လုပ်ပါ။
၅။ မတရားစွပ်စွဲချက်ကို တစ်ကြိမ် အရှုံးပေးလိုက်လျှင် နောက်ထပ်စွပ်စွဲချက်များအတွက် လမ်းဖွင့်ပေးလိုက်သလို ဖြစ်သွားနိုင်ပါသည်။
၆။ မိမိအား အုပ်စုနှစ်စုလုံးက ဝေဖန်ထိုးနှက်ခြင်းမပြုလျှင် မိမိမှန်ကောင်းမှန်နိုင်သည်။ သို့သော် တစ်ဖက်အုပ်စုက ချီးကျူးထောမနာပြုတာမျိုးကိုတော့ သတိထားပါ။
၇။ တိုက်ပွဲတွင် ရှုံးနိမ့်ခြေရှိခြင်းကြောင့် မိမိက မှန်ကန်သည်ဟု ယုံကြည်သောလုပ်ရပ်ကို စွန့်လွှတ်မပစ်ပါနှင့်။

အခန်း(၇)

၁။ တစ်သမတ်တည်း ဖြောင့်မတ်ခိုင်ကျည်မှုကို မိမိ၏လုပ်ငန်းစက်ယန္တရားတွင် ခွေးသွားစိပ်တစ်ခုသဖွယ် သတ်မှတ်ပါ။
၂။ စမ်းချောင်းကို ဖြတ်ကူးနေစဉ် မြင်းကို အရောင်းအဝယ် မလုပ်ပါနှင့်။
၃။ အသုံးကျတဲ့ဖဲချပ်တွေ အကုန်လုံးသုံးပြီးတော့မှ ဖဲဝိုင်းက ထပါ။
၄။ မိမိ၏လုပ်ရပ်သည် ရည်မှန်းချက်ကို ထိခိုက်နေပြီဟု ယုံကြည်လျှင် လျော့လုပ်ပါ။ ရည်မှန်းချက်ကို အထောက်အကူပြုသည်ဟု ယုံကြည်လျှင် ပိုလုပ်ပါ။ အမှားကို မြင်လျှင် ချက်ချင်းပြင်ပါ။ အမြင်သစ် အမြင်မှန်ကို အမြဲတမ်းကြိုဆိုလက်ခံပါ။
၅။ အမှုထမ်းများ၏လုံခြုံရေးကို အလေးထားသလို အမှုထမ်းများ စွန့်စားလုပ်ချင်စိတ်ပေါ်လာနိုင်သည့်အခြေအနေကိုလည်း ဖန်တီးပေးပါ။
၆။ အလွန်ဒေါသထွက်သောအခါ စိတ်ကို ထိန်းပြီး စာရေး၍ ဖွင့်အန်ပစ်ပါ။ သို့သော် ထိုစာကို သက်ဆိုင်သူထံ မပို့ဘဲ သိမ်းထားလိုက်ပါ။
၇။ ရန်သူကို ထုချေရှင်းလင်းမနေပါနှင့်။
၈။ ငြင်းခုန်ခြင်း၊ ရန်ဖြစ်ခြင်းစသော ပဋိပက္ခများကို အထူးရှောင်ပါ။

အခန်း(၈)

၁။ အစိတ်အပိုင်းကလေးတစ်ခု သို့မဟုတ် နှစ်ခုဆုံးရှုံးမှုကို ရှောင်ရန်အလို့ငှာ အဖွဲ့အစည်းတစ်ခုလုံးကို ဘယ်တော့မျှ စတေးမခံပါနှင့်။

E-book is created shanyoma

၂။ တွေ့ဝေမူ၊ စိတ်ဓာတ်ကျမှုနှင့်အရေးပေါ်လိုအပ်မှုတို့ကိုအခွင့်ကောင်းယူပြီး ခေါင်းဆောင်ကောင်းအမည် မခံယူပါနှင့်။
၃။ အမြဲတမ်း ဦးစွာလှုပ်ရှား။ ဘယ်တော့မှ နောက်ပိတ်ချေး မဖြစ်ပါနှင့်။
၄။ မိမိ၏အင်အား အချက်အချာအားလုံးကို စွန့်လွှတ်မပစ်ပါနှင့်။ ပြိုင်ဘက်က ဖြတ်ခုတ်သွားလိမ့်မည်။
၅။ သင့်အား ဦးစွာမတိုင်ပင်ဘဲ သင့်တာဝန်ကို လက်အောက်လူက ဘယ်တော့မှ အကောင်အထည် မဖော်ပါစေနှင့်။
၆။ သင်၏ လက်အောက်လူကို"သမ္မတ ယင်လောက်ကြီး" ကိုက်နေလျှင် ယင်ကောင်ကြီးကို ပုတ်ထုတ်မပစ်ပါနှင့်။
၇။ ဆုံးဖြတ်ချက်မချခင် သတင်းအချက်အလက်စုပါ။ ဖြေရှင်းချက်မျိုးစုံ ရှာပါ။ အကျိုးဆက်များကို ကြိုးတွေးကြည့်ပါ။ မိမိ၏ဆုံးဖြတ်ချက်ကို သက်ဆိုင်သူများအား ထိထိရောက်ရောက် တာဝန်ပေးအပ်ပါ။
၈။ ပထမဦးစွာ ဆန္ဒခံယူပါ။ ဆန္ဒခံယူခြင်းဖြင့် အလုပ်မဖြစ်မှသာ အာဏာကိုသုံးပါ။

အခန်း(၉)

၁။ ခေါင်းဆောင်ကောင်းသည် သူ့လုပ်ငန်းပြီးမြောက်သောအခါ သူ့ရည်မှန်းချက် အောင်မြင်သောအခါ လက်အောက်ငယ်သားများအား "ဒီအလုပ်ကို ကျွန်တော်တို့ကိုယ်တိုင်လုပ်တာ"ဟူ၍ ဂုဏ်ယူပြောကြားခွင့်ပြုသည်။
၂။ နောက်လိုက်များကြောင့် အနှောက်အယှက် မဖြစ်ပါစေနှင့်၊ မလုံမခြုံ မဖြစ်ပါနှင့်။
၃။ အချင်းချင်း ပဋိပက္ခဖြစ်နေသူများအား မျက်နှာချင်းဆိုင် ဆုံပေးပြီး ညှိနှိုင်းဆွေးနွေးပါစေ။ မိမိက လမ်းညွှန်ထိန်းမှတ်ပေးပါ။
၄။ လုပ်ငန်းအောင်မြင်လျှင် လက်အောက်ငယ်သားများ ဂုဏ်ယူကြပါစေ။ လုပ်ငန်း မအောင်မြင်လျှင် မိမိကြောင့်ဟု ထင်ကြပါစေ။
၅။ လက်အောက်ငယ်သားများထံသို့ သူတို့မှန်သည် မိမိမှားသည်ဆိုသော ပုဂ္ဂိုလ်ရေးပေးစာများ ရေးပို့ပါ။
၆။ လက်အောက်ငယ်သားများက အကြံကောင်း၊ ဉာဏ်ကောင်းများ တင်ပြလာလျှင် လက်တွေ့အကောင်အထည် ဖော်ခိုင်းပါ။ သို့သော် မိမိက လုပ်ငန်းတိုးတက်မှုအတွက် ကြပ်မတ်ပေးပါ။
၇။ ရှေ့တန်းတပ်မှူးများ မအောင်မြင်လျှင် မိမိလည်း မအောင်မြင်၊ မိမိ၏အလုပ်အမှုဆောင်များလည်း မအောင်မြင်။
၈။ အဖွဲ့အစည်းတစ်ခုသည် လူပုဂ္ဂိုလ်တစ်ယောက်အပေါ်တွင် မတည်ဆိုသည်ကို

ဘယ်တော့မှ မမေ့ပါနှင့်။
၉။ မိမိ၏အဖွဲ့အစည်းတွင် အခက်ခဲဆုံး လုပ်ဆောင်ရသူများအား အကြီးကျယ်ဆုံး ဂုဏ်ပြုချီးကျူးပါ။

အခန်း(၁၀)

၁။ မိမိ၏နောက်လိုက်ငယ်သားများအား ပူးပေါင်းဆောင်ရွက်စေခြင်းဖြင့် စည်းရုံးပါ။
၂။ လက်အောက်ငယ်သားများ စိတ်ပါလက်ပါ ချက်ချင်းလိုက်နာဆောင်ရွက်နိုင်မည့် ရေတိုပန်းတိုင်များကို တိကျပြတ်သားစွာ သတ်မှတ်ပါ။
၃။ အုပ်စုတစ်စု၏ခေါင်းဆောင်အဖြစ်နှင့် တစ်စုံတစ်ခုကို လုပ်နိုင်သောပုဂ္ဂိုလ်က အုပ်စုတစ်ရာ၏ခေါင်းဆောင်အဖြစ်နှင့် ဘာတစ်ခုမျှမလုပ်နိုင်သောပုဂ္ဂိုလ်အား ကျော်တက်သွားလိမ့်မည်။
၄။ တစ်ခါတရံ အခက်အခဲကို တိုက်ရိုက်ဖြေရှင်းခြင်းထက်သွယ် ဝိုက်ဖြေရှင်းခြင်းက ပို၍အကျိုးရှိနိုင်သည်။
၅။ ယနေ့လုပ်နိုင်တာတွေကို မနက်ဖြန်လုပ်ဖို့ ချန်မထားပါနှင့်။
၆။ စစ်ပွဲကို မဟာဗျူဟာသက်သက်ဖြင့် မအောင်မြင်နိုင်၊ အတင်းဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် ပို၍ အောင်မြင်နိုင်သည်။
၇။ နိစ္စမူဝ အားမာန်အပြည့်ဖြင့်မလုပ်လျှင် ဘယ်လုပ်ငန်းမှမပြီးမြောက်နိုင်။
၈။ တစ်ဝက်တစ်ပျက်သာပြီးသောအလုပ်သည် လုပ်အားဖြုန်းသောအလုပ်ဖြစ်သည်။

အခန်း(၁၁)

၁။ တာဝန်ယူတတ်ပြီး စွန့်စားလုပ်ကိုင်သူများကိုသာ မိမိ၏အဓိကလက်အောက်ခံ အမှုဆောင်ပုဂ္ဂိုလ်အဖြစ် ရွေးချယ်ပါ။
၂။ ရှေ့တန်းသို့ထွက်ပါ။ အနိုင်နှင့်အရှုံးကို ခံနိုင်ရည်ရှိပါ။
၃။ အမှုထမ်းများကပြစ်တင်ဝေဖန်လာပါက စွပ်စွဲချက်မှန်ကန်လျှင် ထိုပုဂ္ဂိုလ်အား ဖယ်ရှားပစ်ရန် မကြောက်ပါနှင့်။
၄။ မိမိနောက်လိုက်များအား အတက်နိုင်ဆုံး အထောက်အကူပေးပါ။
၅။ စွမ်းဆောင်ရည်မရှိသူများအား စွမ်းဆောင်ရည်ပြည့်ဝလာအောင် သုံးလမှငါးလအထိ "သိက္ခာဆယ်ချိန်"ပေးပါ။
၆။ အလုပ်ကောင်းကောင်း မလုပ်လျှင် အာဏာကို တဖြည်းဖြည်းလျှော့ချပါ။ ပြုပြင်ပြောင်းလဲနိုင်အောင် အချိန်လုံလောက်စွာ ပေးပါ။
၇။ ဘာမျှအလုပ်မလုပ်ဘဲ သတင်းချက်အလက်များကိုသာ တစ်ပုံတစ်ပင်ကြီး စုဆောင်း

E-book is created shanyoma

E-book is created shanyoma

နေသော လက်အောက်ခံပုဂ္ဂိုလ်မျိုးကို သတိထားပါ။
၈။ အမူဆောင်သစ်အား လမ်းမှန်ကို လျှောက်နိုင်အောင်သင်ပြပါ။ လမ်းညွှန်ပါ။ မိမိက သူ့အား အလုပ်ဖြစ်စေလိုကြောင်း သူသိပါစေ။
၉။ ရဲရင့်ပြတ်သားသော ခေါင်းဆောင်များသည် သူတို့လိုလူသားမျိုးကိုသာ လက်အောက်ခံ အဖြစ်ရွေးကြသည်။

အခန်း(၁၂)

၁။ လက်ရှိအခြေအနေတွင် အခက်အခဲတွေ တောင်လိုပုံနေလျှင် အခြေအနေနှင့်အတူမြင့်တက်ပါ။ အသစ်တွေးပါ၊ အသစ်လုပ်ပါ။
၂။ မိမိလူတွေ မအောင်မြင်လျှင်လည်း သူတို့အပေါ်တွင် ယုံကြည်မှု လျော့မသွားပါနှင့်။
၃။ မိမိသည် သူတို့၏အကြံဉာဏ်များကို အမြဲတမ်းလိုလားကြောင်း လက်အောက်ငယ်သားများ သိပါစေ။
၄။ ဘယ်တော့မှ မကြိုးစားလျှင် ဘယ်တော့မှ မအောင်မြင်နိုင်။
၅။ ကျယ်ပြန့်သော မူဝါဒကိစ္စများမှတပါး အခြားကိစ္စများတွင် အထက်အမိန့်ကို စောင့်မနေဘဲ မိမိတို့၏ဦးဆောင်ဆုံးဖြတ်ချက်ဖြင့် လုပ်ဆောင်ကြရန် လက်အောက်ငယ်သားများအား အားပေးပါ။
၆။ အတော်ဆုံးခေါင်းဆောင်များသည် အမြဲတမ်းလေ့လာဆည်းပူးနေသည်ဟူသော အချက်ကို မမေ့ပါနှင့်။
၇။ မိမိ၏ပတ်လည်တွင် ကိုယ့်အလုပ်ကိုယ်သိသောသူများသာ ရှိပါစေ။ "ပုတ်သင်ခေါင်းညိတ်"လူစားမျိုးတွေ မရှိပါစေနှင့်။
၈။ အသစ်တိုးတက်မှုတွေကို အသုံးချရန် လက်မနှေးပါနှင့်။ မိမိ၏တပ်သားများလက်ထဲသို့ လက်နက်သစ်တွေ ချက်ချင်းရောက်နိုင်အောင် အတတ်နိုင်ဆုံး ကြိုးစားပါ။

အခန်း(၁၃)

၁။ မိမိအဖွဲ့အစည်း၏အာဝဇ္ဇန်းအကောင်းဆုံးစကားပြောတတ်သူဖြစ်ပါစေ။
၂။ လက်တန်း အဟောအပြောကောင်းခြင်းသည် လူထုပရိသတ်သဘောကျစေသောနည်းလမ်းဖြစ်သည်။
၃။ စကားပြောနေစဉ် ကိုယ်ဟန်အမူအရာ အမျိုးမျိုးကို အသုံးပြုပါ။
၄။ လူထုပရိသတ်ရှေ့တွင် စကားမပြောမီ ပြောမည့်အကြောင်းအရာကို စေ့စပ်သေချာစွာ ကြိုတင်ပြင်ဆင်ပါ။
၅။ မိမိရေးသည့်စာဟူသမျှ ပုံနှိပ်ပြီးမှသာ ကျေနပ်ပါ။

E-book is created shanyoma

၆။ ဘာစကားမှမပြောဘဲ နေသင့်သည့်ကာလများရှိသည်ကို သတိရပါ။ "ကျွန်တော်ငြိမ်ငြိမ်ကလေးပဲ နေပါရစေ"ဟု ပရိသတ်ကို ပြောပါ။
၇။ အများရှေ့နေမှာ စကားပြောနေစဉ် မမှားမပါပါစေနှင့်၊ အမှားပြောမိလျှင် မိမိကိုသာ မဟုတ်၊ မိမိ၏အဖွဲ့အစည်းကိုပါ ထိခိုက်စေနိုင်သည်။
၈။ စကားဖြင့်ပြောခြင်းနှင့် စာဖြင့်ပြောခြင်းကို တစ်ခါတရံ တွဲသုံးသင့်သည်။ ဤနည်းဖြင့် အာရုံနှစ်ခုကို ခံစားရလိမ့်မည်။ မိမိရော လက်အောက်ငယ်သားများပါ ပို၍ သဘောပေါက်နားလည်လိမ့်မည်။

အခန်း(၁၄)

၁။ လူပုဂ္ဂိုလ်တစ်ဦးဦးနှင့်တွေ့ဆုံသောအခါ ကိုယ့်အဖို့ရော၊ သူအဖို့ပါ မနှစ်မြို့စရာ ခံစားချက်မျိုး မကျန်ရစ်စေရန် ကြိုးစားပါ။
၂။ စကားပြောသောအခါ ပင်ကိုယ်သဘောဝအတိုင်း ရိုးသားစွာပြောပါ။ မဝင်ပါပါနှင့်၊ အထက်စီးလေသံ မပါပါစေနှင့်။ မိမိအားသူတို့ တစ်သက်လုံးသိကျွမ်းလာခဲ့ခြင်းဖြစ်သည်ဟူ၍ လူတွေ ထင်မှတ်ကျန်ရစ်ပါစေ။
၃။ လူတွေကို မိမိဘက်ပါအောင် ဆွဲဆောင်ရာတွင် ဟာသဉာဏ်သည် အဓိကအရေးပါသော အင်္ဂါတစ်ရပ် ဖြစ်သည်ဟူသော အချက်ကို မမေ့ပါနှင့်။
၄။ ရယ်မောခြင်းသည် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေနိုင်သော အချက်ကိုမမေ့ပါနှင့်။
၅။ ရယ်စရာပုံတိုပတ်စများဖြင့် လူတွေကို ကိုယ့်ဘက်ပါအောင် ဆွဲဆောင်လျှင် ပို၍ထိရောက်သည်။
၆။ အခြားသူများ၏ လေကြောရှည် အကျိုးမဲ့ဆွေးနွေးချက်များကိုဖြစ်စေ၊ မိမိ၏ကြိုးစားပမ်းစားရှင်းလင်းချက်များကို ဖြစ်စေ၊ ဆီလျော်လျောက်ပတ်သောပုံတိုပတ်စကလေးဖြင့် ရှောင်နိုင်သည်။
၇။ လက်အောက်ငယ်သားများနှင့် အလွတ်သဘောစကားလက်ဆုံပြောခြင်းဖြင့် သစ္စာရှိမှုကို ပို၍ ရရှိနိုင်သည်။

အခန်း(၁၅)

၁။ မိမိအဖွဲ့အစည်း၏ဦးတည်ချက်ကို ရှင်းလင်းတိကျစွာ ဖော်ပြပါ။ မိမိလုပ်ရပ် မှန်ကန်ကြောင်းပြသပါ။
၂။ ရောက်လေရာတွင် အခွင့်သာတိုင်း မိမိအဖွဲ့အစည်း၏အခြေခံသဘောတရားများကို ဖော်ထုတ်ပါ။
၃။ ထိရောက်သောအမြင်ကို လူထုအပေါ် အတင်းရိုက်သွင်း၍ မရနိုင်။ ဆွဲဆောင် စည်းရုံး

ခြင်းဖြင့်သာရ နိုင်သည်။
၄။ "လှည့်လည်ခေါင်းဆောင်မူ" နည်းလမ်းဖြင့် မိမိ၏အမြင်ကို အကောင်အထည်ဖော်ပါ။
၅။ မိမိ၏အခြေအနေကို ဟောပြောသောအခါ အမြင့်ကြီးကို မချိန်ရွယ်ပါနှင့်။ နိမ့်နိမ့်ချိန်ပါ။ သာမန်ပြည်သူတွေ သဘောပေါက်ပါလိမ့်မည်။ သူတို့သာလျှင် သင်၏ပစ်မှတ်ဖြစ်သည်။
၆။ အမြင်ကို ဆန်းသစ်သောအခါ အတိတ်ကို ပစ္စုပ္ပန်နှင့် ဆက်စပ်ပေးပါ။ ထို့နောက် ထိုနှစ်ခုကို အနာဂတ်နှင့်ပေါင်းကူးပေးပါ။
၇။ ဆန်းသစ်သောအမြင်သည် လူသားစွမ်းရည်နှင့်လူသားအားမာန်ကို ဖြည့်တင်းပေးနိုင်ကြောင်း သဘောပေါက်ပါ။

ချစ်နိုင်(စိတ်ပညာ)
မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၂၂)
၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ

E-book is created shanyoma

(၆)
ကျေးဇူးတင်ပါသည်

ဒို့ကျေးရွာဂျာနယ်ကို ၁-၁၁-၂၀၀၄ ရက်နေ့တွင် စတင်ထုတ်ဝေသည်။ ဒို့ကျေးရွာဂျာနယ်အမှတ်စဉ်(၁)မှစ၍ ယနေ့ထက်တိုင် ခိုင်မြဲစွာစွဲကိုင်ထားသော ဦးတည်ချက်မှာ ကျေးလက်တောရွာနေ ပြည်သူများကောင်းကျိုးကို အစွမ်းကုန် သည်ပိုးထမ်းဆောင်ရန်ဖြစ်ပါသည်။ စတင်ထုတ်ဝေစဉ်က စောင်ရေ ၈၀၀၀ ရှိလေသည်။ ထိုစဉ်က တစ်စောင်တန်ဖိုးသည် ၅၀-ကျပ်ဖြစ်ခဲ့ပေသည်။

ငွေကြေးအမြတ်ရရှိရေးကို ဦးမတည်ခဲ့သောကြောင့် အခြားသောဂျာနယ်များထက် သက်သာချိုသာသောစျေးနှုန်းဖြင့်သာ ရောင်းချခဲ့ပါသည်။ အခြားဂျာနယ်များ ၃၀၀ ကျပ်မှ ၈၀၀ကျပ်အထိ ရောင်းချနေကြစဉ် ယခုအခါ၌ ဒို့ကျေးရွာဂျာနယ်သည် ရောင်းစျေး တန်ဖိုး ၁၅၀ကျပ် ဖြစ်လာခဲ့ပါသည်။ အရည်အသွေးမနိမ့်အောင် ကြိုးစားထားသော်လည်း တန်ဖိုးငွေမှာမူ အသက်သာဆုံး အနေအထားမှာရှိနေဆဲဖြစ်ပါသည်။ စာဖတ်သူများအားလုံး အသိပင်ဖြစ်ပေသည်။

စတင်ထုတ်ဝေစဉ်က စောင်ရေ ၈၀၀၀သာရှိခဲ့သော်လည်း ယနေ့အခါတွင် အပတ်စဉ်စောင်ရေ ၂၅၀၀၀မျှ ပုံနှိပ်ထုတ်ဝေဖြန့်ချိနေရပြီ။ တစ်နှစ်ထက် တစ်နှစ် စောင်ရေတိုးတက်ပျံ့နှံ့စေခဲ့ပါသည်။ စျေးကွက်စီးပွားရေးစနစ်တွင် ဝယ်သူနှစ်သက်လက်ခံမှသာ ရပ်တည်ရှင်သန်နိုင်ပါသည်။ စားသုံးသူသည် အဆုံးအဖြတ်ပေးသူ အမှန်စစ်စစ် ဖြစ်ပါသည်။

စားသုံးသူက နှစ်သက်အောင်၊ စျေးသက်သာအောင်ဆိုပြီး အရှုံးခံ၍ရောင်းချလျှင်လည်း ရေရှည် မရပ်တည်နိုင်ပေ။ တန်ရာတန်ကျေးကိုမူ အမြတ်များများမယူဘဲ ရောင်းချနိုင်ရပေမည်။ သို့ရာတွင် အရည်အသွေးကိုလည်း တန်ဖိုးထားတက်ကြပါ၏။ စျေးနှုန်းသင့်သော်လည်း အရည်အသွေးညံ့ဖျင်းလျှင် လက်ခံသည်။ အရည်အသွေးသည် အရေးကြီးကြောင်း ခံယူပါသည်။

ဒို့ကျေးရွာဂျာနယ်သည် တန်ဖိုးစျေးနှုန်းလည်း မမြင့်ဘဲ သင့်တင့်အောင်၊ စာပေအရည်အသွေးနှင့်အကျိုးပြုပေးနိုင်စွမ်းရှိသော လက်တွေ့ဗဟုတုတမျှားလည်း ပေးဝေမျှနိုင်အောင် အစဉ်တစိုက် ကြိုးစားခဲ့သဖြင့် ယခုကဲ့သို့ စောင်ရေ ထောင်ဂဏန်းမှ သောင်းဂဏန်းသို့တိုးတက်ဖြန့်ချိလာနိုင်ခြင်းဖြစ်ပါသည်။ စာတည်းအဖွဲ့၏ထက်သန်ပြင်းပြသော စေတနာ၊ ထုတ်ဝေသူ၊ ပုံနှိပ်သူတို့၏လေးစားထိုက်သော အနစ်နာခံမှုနှင့်ပါဝင်ရေးသားကြသည့်စာရေးဆရာ၊ စာပေပညာရှင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး စသည့် နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ ဓာတ်ပုံဆရာ၊ ပန်းချီဆရာ၊ ဒီဇိုင်းဆရာများ၊ ဖြန့်ချိသူများ ပါဝင်လှုပ်ရှားကြသူအားလုံး၏စုပေါင်းမေတ္တာစွမ်းအားကြောင့် ဒို့ကျေးရွာဂျာနယ်သည် ပြည်သူလူထု၏အ

E-book is created shanyoma

ကျိုးစီးပွားကို ပိုမိုတိုးတက် ထမ်းရွက်နိုင်ခြင်းဖြစ်ပါသည်။ ဘယ်သူဘယ်ဝါတော်လို့ မဟုတ်ပေ။ အစုအဖွဲ့ကောင်းမွန်မှသာ တိုးတက်ကျယ်ပြန့်နိုင်ပါသည်။

ဝယ်ယူဖတ်ရှုအားပေးသော လူကြီးလူငယ်မရွေး၊ ကျေးလက်၊ မြို့ပြဒေသအသီးသီးမှ ပြည်သူလူထုကြီးနှင့် အဘက်ဘက်မှ ပါဝင်ဆောင်ရွက်ကြသော ပုဂ္ဂိုလ်အသီးသီးကို ဒို့ကျေးရွာစာတည်းအဖွဲ့က အစဉ်ထာဝရ ဦးညွှတ်လေးစားစွာ ကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဒို့ကျေးရွာဂျာနယ်
၁၅-၃-၂၀၀၇

E-book is created shanyoma

(၇)
ပန်းပန်လျက်ပဲ။

ရွှေမန်းလက်ဝဲ၊ ပန်းပဲအောင်မောင်းဟုလည်းကောင်း၊ အောင်မောင်းပန်းပဲ၊ လက်ဝဲ ရွှေမန်းဟုလည်းကောင်း၊ ဇာတ်သဘင်အကြောင်းပြောကြလျှင် စံနမူနာတင်ထိုက်အောင် အကောင်းဆုံးဇာတ်ပွဲ ဇာတ်ထုပ်တို့ကို ကြည့်ဖူးသူ ကြားဖူးသူတို့ အသည်းစွဲ တသသ ပြော လေ့ရှိကြသည်။

လက်ဝဲသုန္ဒရအမတ်ဇာတ်ကို ရွှေမန်းတင်မောင် ကပြတင်ဆက်လျှင် ပွဲကြည့် ပရိသတ်, မငိုရဘဲမရှိ။ မျက်ရည်မကျရသူဟူ၍ မရှိ။ ဉာဏ်ပညာပြည့်စုံပါလျက် အမတ်တစ်ဦး၏ဘဝမှာ ကရုဏာသက်စရာကောင်းလှပုံကို ဇာတ်ဆရာရွှေမန်းတင်မောင်သည် အပိုင် နိုင်ဆုံး ကပြတတ်လေသည်။

ပုဂံမတိုင်မီ၊ တကောင်း၊ ပျူခေတ်ကလူသန်ကြီးမောင်တင့်တယ်၏အတ္ထုပ္ပတ္တိသည် ပုံပြင်ဖြစ်ကြောင်း ပါလိမ့်မည်။ နှစ်ပေါင်းတစ်ထောင် ကျော်ကြားခဲ့ပြီးဖြစ်၍ ခိုင်မာသော အထောက်အထား ကျမ်းစာ၊ ပေစာ၊ ကျောက်စာတို့လည်း မရှိခဲ့ပါ။ ပျူခေတ်မှာ မောင်တင့် တယ်၊ ဒွေးဖြူ၊ မြတ်လှအစရှိသော အမည်နာမမျိုးတွေပင် မရှိခဲ့ပါဟု အချို့သော သုတေသန ပညာရှင်တို့က ထောက်ပြကာ မောင်တင့်တယ် ဇာတ်သွားကို ငြင်းပယ်ခဲ့ကြပါ၏။ ဦးတင့် တယ်သည် မြန်မာပြည်၏သံခေတ် ဦးသံချက်ဖိုမျှားကို ဦးဆောင်ထူထောင်သူဖြစ်သည်။ ခါး၊လုံ့လက်နက်တို့ဖြင့် လူမျိုးကို စစ်အင်အားထက်အောင် လုပ်ဆောင်ခဲ့သောကြောင့် နှောင်း လူမျိုးတို့က"နတ်"အဖြစ်ကျေးဇူးတင်ကြောင်းသတ်မှတ်ခဲ့ပုံရသည်ဟု အချို့ကယူဆ၏။ မည် သို့ပင်ဖြစ်စေ- တကယ့်ဖြစ်ရပ်မှန် ဟုတ်မဟုတ်ထက်ပွဲကြည့်သူပရိသတ်ကို တကယ်ထင် မှတ်ကာ ရသအနုပညာ ခံစားရအောင် မင်္ဂလာဦးအောင်မောင်းက ပိုင်နိုင်စွာတင်ဆက်ခဲ့ သည်ကား မှတ်တမ်းတင် ထိုက်သည်။ အောင်မောင်းသည် ပန်းပဲမောင်တင့်တယ်အမည်ရှိ အဖိအနှိပ်ခံ အညှဉ်းဆဲခံ လူတစ်ယောက်၏ဘေးကျပ်နံကျပ်ခံစားရချက်ကို ပရိသတ်၏ရင် ထဲသို့ ဆို့နင့်ကူးစက်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ ဇာတ်သဘင် အနုပညာဖြင့် ဖမ်းစားမှု အောင်မြင်၏။ ထို့ကြောင့် အောင်မောင်းပန်းပဲ- ပန်းပဲအောင်မောင်းဟု နှောင်းလူတို့ ကမ္ဘည်း တင်ရ၏။

မောင်တင့်တယ်သည် ရုပ်ကာယ သန်မာကြံ့ခိုင်လှသူဖြစ်၏။ စိတ်ဓာတ်လည်း မှန်ကန်ဖြူစင်သူ ဖြစ်၏။ အောင်မောင်းကလည်း အသံဝါဝါကြီးဖြင့် အသံချဲ့စက်မလိုဘဲ ယာခင်းပြင်ဆယ်ခင်း၊ ဆယ်နှစ်ခင်း၊ တစ်ကွင်းတစ်ပြင်လုံးရှိ ပရိသတ်နားစွဲလောက်အောင် အသံအောင်သည့် အသံပါရမီရှင် မင်းသားတစ်လက်ဖြစ်၏။ အပြော၊ အဆို၊ အငို၊ အလွမ်း တွေက နုနုညက်ညက်ဖြင့် သနားအောင် တိုးလျှိုးသံမပါ။ မာန်တင်းကာ ထန်ပြင်းစွာဖြင့်

E-book is created shanyoma

E-book is created shanyoma

ရိုးသားဖြူစင်သော သာမန်ပြည်သူတစ်ယောက်၏အချစ်၊ အမုန်း၊ မာန၊ ဒေါသ၊ အာယာတကို သရုပ်ဖော်ပြ၏။ သူ့ဝိုချင်းက ခံပြင်းဒေါသ။

ပရိသတ်၏ကရုဏာကို အောင်မောင်း ရယူပုံများ နူးနူးညံ့ညံ့မရှိ။ ခက်ထန်မာကြောသော၊ ရဲဝံ့ပြတ်သားတည်ကြည်သော မောင်တင့်၏ဇာတ်ရုပ်ဖြင့် လုပ်ဆောင်ပြရခြင်းဖြစ်၏။ မလွယ်သောအလုပ် ဖြစ်၏။ ထို့ကြောင့် အခြားသော ဇာတ်မင်းသားများသည် သူ့လို မလုပ်နိုင်ကြခြင်းဖြစ်၏။ အောင်မောင်းက အခင်းပျိုးပုံ၊ ကျင်းယက်ပုံ၊ အလွမ်းဖွဲ့ပုံများသည် ပရိသတ်ရင်ထဲ မခိုက်ဘဲ မနေနိုင်။ နှမများအပေါ် အလွန်ကြင်နာတတ်သောမောင်ကြီး။

သူ့ကို ပွဲကြည့်ပရိသတ်က ဖြစ်ရရှာပလေနော်ဟု သနားကာ မျက်ရည် မဆည်နိုင်အောင် သူလုပ်နိုင်စွမ်းပေသည်။ သူမှန်ချင်မှန်မည်၊ မှားချင်မှားမည်၊ ပရိသတ်၏ကရုဏာသက်ခြင်းကိုကား ထိုတစ်ည အောင်မောင်း အပြည့်အဝ ရလေပြီ။

အမှားပဲလုပ်လုပ်၊ မတရားပဲလုပ်လုပ်၊ အချောင်သမားပဲဖြစ်ဖြစ်၊ တစ်ကိုယ်ကောင်းဆန်သူဟုပဲ စွပ်စွဲစွပ်စွဲ၊ ပရိသတ်၏ကရုဏာကို ရအောင် ချူနိုင်ခဲ့သော မင်းသားတစ်ယောက်ရှိသေး၏။ ပန်းပန်လျက်ပါ ရုပ်ရှင်ဇာတ်ကားထဲက ကောလိပ်ဂျင်နေဝင်းဖြစ်ပေသည်။

ကြည်ကြည်ဌေး၊ ဘေဘီနွဲ့နှင့်မြတ်လေးတို့က သူ့ကို ပို့ပေး၏။ သူ့ကို ထိုဇာတ်ကောင်ရုပ်လုံး ပေါ်လာအောင် ဝိုင်းဝန်းပံ့ပိုးကြ၏။ သူက အပြောအဆို၊ အမူအရာ၊ ဟန်ပန်တို့ဖြင့် ပရိသတ်၏ခွင့်လွှတ်နေလျက် ကရုဏာသက်အောင် လုပ်ဆောင်သွားလေသည်။ ပန်းပန်လျက်ပါ ရုပ်ရှင်သည် သူ့ခေတ် သူ့အခါက သရဖူဆောင်းခဲ့၏။ ရန်ကုန်မြို့တော်တွင် (၂၅) ပတ်ကျော်အောင် ရုံတင်ပြသခဲ့ရ၏။ အငြိမ့်မင်းသမီးတစ်ဦး၏ဘဝကို စာနာ နားလည်ကြရသည်။

ဆရာဇော်ဂျီကဗျာသည် အဘိဓမ္မာလေးနက်၍ အနှစ်သာရကောင်းမွန်လှပေသည်။ ဗေဒါလမ်းကဗျာ အမှတ် (၁၀)၊ ကဗျာစာဆိုသည် (၁၉၀၇-၂၀၀၇) ယခုနှစ်မှာ ဆရာကြီးဇော်ဂျီ၊ ဦးသိန်းဟန်) အနှစ် ၁၀၀ ပြည့်ပါပြီ။

ဆရာမခင်နှင်းယု၏ ပန်ပန်းလျက်ပါဝတ္ထုသည် စာမျက်နှာ မများလှသော်လည်း ခံစားမှုပြင်းထန်၍ အားမာန်ပါလှပါသည်။ တင်စားချက်အနုပညာမြောက်သည်။ ဒါရိုက်တာ ဦးချစ်ခင်သည် မူရင်းဝတ္ထုကို မူလဦးတည်ချက် မပျက်အောင် ကိုင်တွယ်ခြယ်မှုန်း အသက်သွင်းနိုင်ခဲ့သဖြင့် ချီးကျူးလေးစားရမည့်ရုပ်ရှင် ပညာရှင်တစ်ဦးဖြစ်ပါသည်။

ဇာတ်ကားတစ်ခုလုံးကို နောက်ခံဇာတ်ပို့တီးလုံးများ၊ ဇာတ်ဝင်သီချင်းများ၊ စီမံဖန်တီးခဲ့သော စန္ဒရားချစ်ဆွေသည်လည်း အနုပညာပါရမီကြီးရင့်လှသောထူးချွန်သူ ဂီတပါရဂူတစ်ဦးပါလေ။ သူ၏လက်ရာသည် အံ့မခမ်းပင်။

ပန်းပန်လျက်ပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသော ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ ကြည်ကြည်ဌေး၊ ဘေဘီနွဲ့၊ ဦးကြယ်နီစသော ရုပ်ရှင်ပညာသည်များသည်

မရှိကြတော့ပြီ။ လက်ရာအနုပညာသည် ရှည်ကြာစွာ စွဲမြဲတည်တံ့ပါသော်လည်း ဖန်တီးသူ လူသားသည်ကား သက်တမ်းကာလ တစ်ခုထက်ပို၍ မတည်ရှိနိုင်ပါချေ။

ရွှေမန်းတင်မောင်၏လက်ဝဲသုန္ဒရ၊
မဂ်လာဦးအောင်မောင်း၏ပန်းပဲမောင်တင့်တယ်၊
ဆရာဇော်ဂျီ၏ဗေဒါလမ်း၊
ဆရာမခင်နှင်းယု၏ပန်းပန်လျက်ပါ၊
ဆရာစန္ဒရားချစ်ဆွေ၏ချစ်၍ရွာသောမိုး၊
ဆရာဦးချစ်ခင်၏ပန်းပန်လျက်ပါ၊

လွမ်းဆွတ်တသစရာ ရသအနုပညာဖန်တီးမှု ယင်းတို့က ကျွန်ုပ်တို့ပရိသတ်ကို ဘာပေးခဲ့သနည်း။

အမှန်တရား၏အားမာန်သတ္တိ။
အမှန်ဘက်က ခွန်အားပြည့်ဝရန်။
အားမာန် အမွေပေးခဲ့သည်ဟု စားရေးသူက ယူချင်ပါသည်။

ကမ္ဘာ့ဇာတ်ခုံပေါ်တွင် ကျွန်ုပ်တို့ကို အနိုင်မခံ အလံမလှဲ၊ ဇွဲကောင်းသောလူမျိုး အဖြစ် ရပ်တည်စေခဲ့ပေသည်။

ချစ်နိုင်(စိတ်ပညာ)
၁၇-၃-၂၀၀၇

E-book is created *shanyoma*

E-book is created shanyoma

(၈)

နုပျိုနေဆဲပေတကား။

အသက်ခြောက်ဆယ်ထဲ ရောက်လာပြီ။ ငယ်စဉ်က ကျောင်းနေဘက် သူငယ်ချင်းများမှာ မြေးတွေရနေပြီ။ တောလက်ကျေးရွာမှာမူ အသက်နှစ်ဆယ်ကျော်စတွင် အိမ်ထောင်ကျလေသည်။ ထို့ကြောင့် သူတို့ မြေးတွေတောင် ကြီးကောင်ဝင်သော လူပျိုပေါက်တွေ ဘာဘခေါ်ခံရပြီ။ ဘိုးဘိုးဟု အချို့က ခေါ်ကြပေပြီ။ ဘိုးဘိုး၊ ဘာဘ ခေါ်ခံရပြီဖြစ်သော်လည်း မိမိတွင်ကား မြေးမရသေးချေ။

အိမ်ထောင်ပြုတာ နောက်ကျသည်။ မိမိသည် အသက်သုံးဆယ်နီးနေသည့်တိုင် ဘွဲ့လွန်၊ မဟာဘွဲ့တွေ တက်နေဆဲ။ စာကျက်နေကြဆဲ၊ အိမ်ထောင်ပြုရေးကို ဦးစားမပေးအားသေး။ မြေးချီဖို့ရာ အတန်ဝေးနေပါသေး၏။

နေပြည်တော် မြို့မစျေးရှိ စွယ်တော်စားသောက်ဆိုင်ဝယ် မနေ့ညက သူငယ်ချင်းတစ်စု ဆုံပြီး ညစာစားကြသည်။

(၁) ဦးစိုးသိန်း ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း

(၂) ဦးစစ်မြင့် ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန

(၃) ဦးဇော်လင်း ညွှန်ကြားရေးမှူး
အားကစားနှင့်ကာယပညာဦးစီးဌာန

(၄) ဦးမောင်ဝင်း ညွှန်ကြားရေးမှူး
အားကစားနှင့်ကာယပညာဦးစီးဌာန

(၅) ဦးမြင့်ကို ညွှန်ကြားရေးမှူး
ပြည်သူ့အင်အားဦးစီးဌာန

(၆) ဦးမြင့်အုန်း အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၇) ဦးလှမြင့်အောင် ဒုတိယညွှန်ကြားရေးမှူးချုပ်
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

(၈) ဦးသန်းတင် ညွှန်ကြားရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(၉) ဦးသိန်းအောင် ဦးဆောင်ညွှန်ကြားရေးမှူး
စက်မှုညွှန်ကြားရေးဦးစီးဌာန

(၁၀) ဦးအေးလွင် ညွှန်ကြားရေးမှူး

	နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
	ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၁၁) ဦးအောင်နိုင်ထွန်း	ဒုတိယညွှန်ကြားရေးမှူးချုပ်
	စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန
(၁၂) ဦးချစ်နိုင်	ညွှန်ကြားရေးမှူးချုပ်
	ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ကျသင့်ငွေကို အချိုးကျထည့်ဖို့ ယူလာကြသော်လည်း ရာထူးမိမိတို့ထက် ပိုကြီးသော သူငယ်ချင်းက စားသောက်သမျှ ပေးလိုက်သဖြင့် မပေးခဲ့ကြရ။ သံအမတ်ကြီး ဖြစ်နေကြသူ အချို့လာရောက်ကြသည့်အခါလည်း ဤသို့ဆုံတက်ကြသည်ဆို၏။ ခရီးထွက်တာ မျှားသ ဖြင့်စာရေးသူကား မကြုံခဲ့ရပေ။ ယနေ့လည်း နေပြည်တော်တွင်ရှိသော သူငယ်ချင်းအချို့ ခရီးထွက်ကာ အဝေးရောက်နေကြသဖြင့် လူစုံတက်စုံတော့ မဟုတ်ပေ။ နေပြည်တော်တွင် ရှိမနေကြသော အချို့သူငယ်ချင်းများ မလာနိုင်ချေ။

(၁) ဦးကျော်ညွှန့်	ညွှန်ကြားရေးမှူးချုပ်
	အလုပ်သမားဝန်ကြီးဌာန
(၂) ဦးဝိုးမြင့်ကြီး	ညွှန်ကြားရေးမှူး
	စက်မှုညွှန်ကြားရေးမှူး
	စက်မှုညွှန်ကြားရေးဦးစီးဌာန
(၃) ဦးမင်းဆွေ	ဦးဆောင်ညွှန်ကြားရေးမှူး
	မြန်မာ့မီးရထားလုပ်ငန်း
(၄) ဦးသန်းမြင့်	ညွှန်ကြားရေးမှူးချုပ်
	သတ္တုတွင်းဦးစီးဌာန
(၅) ဦးသန်းထွန်း	ညွှန်ကြားရေးမှူးချုပ်
	နိုင်ငံခြားရေးဝန်ကြီးဝန်ကြီးဌာန

ဤနေ့ဤရက်မှာပင် ရန်ကုန်တွင် ကျောင်းနေဘက်သူငယ်ချင်းများ ကုန်းမြင့်သာ စားသောက်ဆိုင်တစ်ခုမှာ ၃၉ယောက်တိတိ စုပေါင်းဆုံစည်းကြသည်ဟုသိရသည်။ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဦးတင်မောင်စိုးက ဒကာခံ ကျွေး မွေးသည်ဟုဆိုသည်။ ဦးအေးကို၊ ဦးမောင်မောင်အေးစသော သူငယ်ချင်းတွေက ပြောပြ၍ သိရသည်။ ကျောင်းဆင်းခဲ့စဉ်က ၁၇၂ ယောက် ဖြစ်ပေသည်။

၂၀-၃၀-၁၉၇၂ နေ့က ဗိုလ်သင်တန်းအမှတ်စဉ်(၄၃) မှဆင်းခဲ့ကြသော သူငယ် ချင်းများ ယခုအခါ တပ်မတော်တွင် မကျန်တော့သလောက် ဖြစ်နေပြီ။ ဗိုလ်ချုပ်တစ်ယောက် နှစ်ယောက်မျှသာရှိပေတော့သည်။ အချိန်ကာလ ၃၅နှစ်သည် မိမိတို့အား နုပျိုသောအသက်

E-book is created shanyoma

E-book is created shanyoma

နှစ်ဆယ်အစိတ်လူငယ်များအဖြစ်မှ အသက်ခြောက်ဆယ် အဖိုးအိုများအဖြစ် ဝါးမြိုပစ်ခဲ့လေပြီ။ တိုင်းပြည်စစ်မက် ထူပြောသောအချိန်ကာလကို ဖြတ်သန်းခဲ့ရပေသည်။ ကျောပိုးအိတ်မချတမ်း လွယ်ထားရသော ရှေ့တန်းစစ်မြေပြင်များတွင် ကျင်လည်လှုပ်ရှားခဲ့ကြသည်။ သူငယ်ချင်းသုံးဆယ်ခန့်သည် တိုက်ပွဲတွင်လည်းကောင်း၊ ဌက်ဖျားသော ရောပါတို့ဖြင့်လည်းကောင်း ကျဆုံးသေဆုံးခဲ့ကြသည်။ ဗိုလ်မှူးကြီး သူရသန်းအောင်၊ သူရဲကောင်းမှတ်တမ်းဝင် ဗိုလ်ချုပ်လှမြင့်စသော ရဲဘော်ရဲဘက်အပေါင်း ကောင်းရာသုဂတိသို့လားပါစေဟု မိမိတို့အမှတ်တရဆန္ဒပြု ဆုတောင်းမိကြသည်။ အချို့သူငယ်ချင်းများမှာ ခြေတစ်ဘက်၊ မျက်စိတစ်လုံး၊ လက်တစ်ဖက် စသည်ဖြင့် ခန္ဓာကိုယ်အစိတ်ပိုင်းတို့ကို တိုင်းပြည်အတွက် ရဲဝံ့စွာ စွန့်လှူခဲ့ကြသည်။ သူရဲကောင်းမှတ်တမ်းဝင် ဒုတိယဗိုလ်မှူးကြီးတင်မောင်ဝင်း စသည်တို့ဖြစ်ကြပါသည်။ သူငယ်ချင်းတို့အတွက်လည်း မိမိတို့ ဂုဏ်ယူရပါသည်။ စွန့်စားခြင်း၊ စွန့်လွှတ်ခြင်းတို့ဖြင့် တာဝန်ကျေခဲ့သော သူငယ်ချင်းကောင်းများကြောင့် မိမိတို့ပါဂုဏ်သတင်းမွှေးစေခဲ့ပါသည်။ တာဝန်ကျေပွန်ခြင်း၊ ယုံကြည်စိတ်ချရခြင်း၊ စည်းကမ်းကို ရိုသေလိုက်နာတတ်ခြင်းအရာတွင် မိမိတို့သူငယ်ချင်းအားလုံး၏မှတ်တမ်းများသည် မှတ်တိုင်သဖွယ် ခိုင်မာခဲ့သည်။ စုန်းပြူးမပါခဲ့။ စည်းဖောက်သူ မရှိ။ ခေတ်သမိုင်းက ပေးအပ်လာသည့်တာဝန်များကို မယိမ်းမယိုင် ထမ်းရွက်ခဲ့ကြသည်။

မကြာမီပင် အားလုံးသည် အနားယူကြရတော့မည်။ အချို့က ယခုနှစ်၊ အချို့က နောက်နှစ်၊ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အချို့က နောက်နှစ်၊ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူကြသူတွေလည်း ရှေ့မှာများခဲ့ပြီ။ သင်တန်းတက်စဉ်ကပင် ဆရာသမားများ၏ လေးစားချစ်ခင်မှုကို ရခဲ့ကြသည်။ ယနေ့အထိလည်း ဗိုလ်သင်တန်းက ဆရာသမားများအား နှစ်စဉ်နှစ်စဉ် ရိုသေစွာဖိတ်ကြားပူဇော် ကန်တော့ကြသည်။ မိမိတို့သည် ဆရာကောင်းပီပီသသဖြင့် ဝမ်းသာပီတိဖြစ်ရ၏။ ကျွန်ုပ်တို့၏ဖခင်သည် ဗိုလ်ချုပ်အောင်ဆန်း ဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်း၏အဆိုအမိန့်စကားကို မြေဝယ်မကျ နားထဲတွင် အစဉ်ထာဝရ ထားခဲ့ကြ၏။ ယနေ့အထိတိုင် ဖြစ်၏။

"ဤကမ္ဘာ၌ ပြည်သူတို့၏လွန်မြောက်ရေး ငြိမ်းချမ်းရေးနှင့်တိုးတက်ရေးတို့အတွက် တိုက်ပွဲဝင်ရင်း အသက်ကို ပေးလှူရခြင်းထက်ပို၍ မွန်မြတ်သောအလုပ်နှင့်ကြီးမြတ်သော ဂုဏ်သည် မရှိပြီ"

မိမိတို့ သူငယ်ချင်းတစ်သိုက်သည် မွန်မြတ်သောအလုပ်ကို တညီတညွှတ် ၃၅နှစ်တိုင်တိုင် မယိမ်းမယိုင် ထမ်းရွက်ခဲ့ကြပါသည်။ ကြီးမြတ်သောဂုဏ်အဖြစ် အသက်ကိုနှင်း၍ ဦးလည်မသုန် ဦးဆွေးဆံမြည့် ထမ်းဆောင်ခဲ့ကြပြီပြီ။ ရာထူး၊ အာဏာ၊ စည်းစိမ်၊ ဥစ္စာ၊ အသပြာတို့ကို မိမိတို့ မမက်မော၊ မဖက်တွယ်ခဲ့ ဖြစ်ရာဘဝ၌ ရောင့်ရဲကြ၏။

ကျွေးရာကိုစား၍ ထားရာမှာ နေခဲ့၏။

ပေးသမျှတာဝန်ကို အကောင်းဆုံး အရည်အသွေးဖြင့် အကောင်အထည်ပေါ်အောင် ကြိုးပမ်းခဲ့ကြ၏။ တောင်ပေါ်မြေပြန့်ဒေသအနှံ့၌ တာဝန်ထမ်းခဲ့ကြ၏။ တောခေါင်ခေါင်၊ တောင်မြင့်မြင့်၊ လူသူမနီး အေးချမ်းသည်ဟုလည်း မညည်းညူ။ ပူသည်ဟုလည်း မငြင်းဆန်။ စစ်သည်တော်ကောင်း ပီပီသသဖြင့် အများစုအားလုံးလိုလို "စစ်မှုထမ်းကောင်းတံဆိပ်"ရကြ၏။

သေနတ်သံ၊ ဗုံးသံ၊ အမြောက်ကျည်ကျရောက်ပေါက်ကွဲသံတွေ ဝေးကွာ အေးချမ်းသွားပြီဖြစ်သဖြင့် မိမိတို့သွေးများ ချွေးများ ပေးဆပ်လမ်းခင်းရခြင်းများကို နှောင်းလူတို့သတိမူမိချင်မှ မူမိပေတော့မည်။ ကိစ္စမရှိ။ အမေ့ခံစစ်သားအိုကြီးများအဖြစ် ကျွန်ုပ်တို့သည် ကျေနပ်ဂုဏ်ယူစွာ ပြုံးနိုင်ကြပါသည်။ အမိမြေအတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်ုပ်တို့သည် မှုန်မွဲသောမျက်စိနှစ်လုံး မပိတ်သေးသမျှ တုန်ရီသောလက်များ လှုပ်ရှားနိုင်သေးသမျှ ကာလပတ်လုံး၊ အုတ်တစ်ချပ်ဖြစ်စေ၊ တာဝန်ကျေအောင် ပြည်သူပြည်သားတစ်ယောက်အနေနှင့် လုပ်ဆောင်နေကြပါဦးမည်။

လက်ချည်းဗလာ၊ လာခဲ့ပါ၏၊ ဘာမှမပါ။

လက်ချည်းဗလာ၊ ထွတ်ခွာသွားမှာ ဖြစ်ပါ၏။

ယူစရာကတော့ ဂုဏ်သိက္ခာ၊ ဤတစ်ခုသာ။

မှော်ဘီဗိုလ်သင်တန်းက ထွတ်လာခဲ့ကြသော အမှတ်စဉ် (၄၃)မှာ ကံကောင်းသော နံပါတ် ၇ ဟု သူငယ်ချင်းအချင်းချင်းနောက်ပြောင်ဖြစ်၏။ တစ်ရာကျော်ရှိနေဆဲ သူငယ်ချင်းတို့ကို ကြည့်ရသည်ဟု အရွယ်သာအိုသည် စိတ်ကမူ နုပျိုရှင်သန်ဆဲပေတကား။ အားရပျော်ရွှင်ကြည်နူးမိပါတကား။ အေး-ငါမအိုသေး။

ချစ်နိုင် (စိတ်ပညာ)
၁၈-၃-၂၀၀၇

E-book is created *shanyoma*

E-book is created *shanyoma*

(၉)
ငယ်စဉ်ချိန်ခါ ပညာရှာ

ခုခေတ်အခါတွင် အင်္ဂလိပ်စာ သင်ကြားကြသည်မှာ အခြေခံမူလတန်းမှစ၍ စနစ်တကျဖြစ်ပါ၏။ ထို့ကြောင့် တောစွန် တောင်ဖျား ကျေးလက်ဒေသများပါမကျန် အင်္ဂလိပ်စာကို အခြေခံသဒ္ဒါမှန်ကန်စွာဖြင့် ရေးတက်၊ ဖတ်တ်ကြသည်။ မှန်မှန်ကန်ကန် အသံထွက်နိုင်ကြသည်ကို အများအားဖြင့် တွေ့ရှိရသည်။ ဝမ်းသာရပါသည်။

ကျွန်တော်တို့ ငယ်ငယ်က အင်္ဂလိပ်စာကို မူလတန်းမှာ မသင်ခဲ့ရပါ။ အသက် ၁၀ နှစ် ကျော်၍ ၅ တန်းရောက်မှ အေ၊ ဘီ၊ စီ စ၍ ရွတ်ရသည်။ အက်ဖ်ကိုဆိုရသည်ပင် ခက်လှပြီ။

ဝမ်း၊ တူး၊ သရီး၊ ဖိုး၊ ဖိုက် မခက်သေး။

ဆစ်ကဆစ်ကို အသံထွတ်ရတောတော့ ဆရာက ခဏခဏ ပြင်ရသည်။ လျှာယားသည်။

ဆဲဘင်း၊ အိပ်၊ နိုင်း၊ တင်း။

တင်းဟုဆိုသဖြင့် ဆရာဦးဖေအောင်က မိမိထိပ်ကို ခေါက်ပေါင်းလည်း မရေနိုင်တော့ပေ။ တဲန်ဟူသောဝဲတဲတဲအသံမျိုးကို တော်တော်ကြီးကြာအောင် လေ့ကျင့်ယူရလေသည်။ ဘုန်းကြီးကျောင်းသား မဟုတ်လား။ ပါးစပ်က ပါဠိပါဠ်သားသံ ပါနေသည်။

အေကတ်ထ၊ ဆက်ထ၊ အွန်အေ-မက်ထ။

ဤသို့ ပီပီသသ ဆိုချလိုက်ရမှ သဘောကျ၏။

အင်္ဂလိပ်စာက မလွယ်ဘူးဟု သိသည်။ ထို့ကြောင့် နွေရာသီ ကျောင်းပိတ်ရက်များမှာ ဘုန်းကြီးကျောင်းမှာ ကိုရင်ဝတ်ရင်း တွေ့ရာအင်္ဂလိပ်စာအုပ်များကို ရှာဖွေပြီး ကိုယ့်ဘာသာကိုယ် ကျက်မှတ်ထားသည်။ ကြိုးစားပါ၏။

စပယ်ယိုး-စာကလေး။

ပဲယော့-ကြက်တူရွေး။

ဘယ်လောက်မှန်၍ ဘယ်မျှလွဲသလဲ။ စာရှုသူ စဉ်းစားတော်မူတော့။ ဘယ်အင်္ဂလိပ်မှ နားလည်မည် မဟုတ်ပေ။ အလယ်တန်းကျောင်းသားဘဝမှာ အခြေခံနည်းနေသည်ကို အစ်ကိုကြီးချစ်ကြွယ်က သိသည်၊ သူလည်း ကျောင်းဆရာပေပဲ။ ဆယ်တန်းတပည့်တွေကို အင်္ဂလိပ်စာ ဂုဏ်ထူးပါအောင် သင်ပြတတ်သူတစ်ဦးမဟုတ်လော။ ထို့ကြောင့် မိမိကို ရှစ်တန်းနှစ်တွင် ဦးအောင်ကြည်ထံတွင်လည်းကောင်း၊ ကိုးတန်းနှစ်တွင် ဆရာဘထံတွင်လည်းကောင်း၊ ဆယ်တန်းနှစ်တွင် ဒေါ်မြတင်ထံမှာလည်းကောင်း၊ အပ်နှံ၍ အင်္ဂလိပ်စာကို အထူးအလေးပေး၍ တက်စေခဲ့သည်။

ဆရာဦးအောင်ကြည်က လေ့ကျင့်ခန်းများများခိုင်းတတ်သည်။ ဗီ-အီး-ဒီ-ယူဗီး နယား၏စပါယ်ရှယ်အင်္ဂလိပ်ရှိကို့စ် သဒ္ဒါစာအုပ်ကြီးထဲက မြန်မာကို အင်္ဂလိပ်လို ပြန်ပါ။ အင်္ဂလိပ်ဝါကျကို မြန်မာလိုပြန်ပါဆိုသော လေ့ကျင့်ခန်းတွေကို အများကြီးပေးသည်။ များများ ရေးတော့ အမှားများများတွေပြီး အမှန်များများ သိလာရပါသည်။ အက်တစ်-ပက်ဆစ်နှင့် ဒါရိုက်-အင်ဒါရိုက်တွေကို ထုံးလိုချေ၍ ရေလိုနှောက်လာနိုင်ပါသည်။ အေးစေတီအလယ် တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီးဘဝမှ အနားယူသွားပြီဖြစ်သော ဆရာကြီးဦး အောင် ကြည်၏ကျေးဇူးသည် ကြီးမားလှပါသည်။

ဆရာဘက ပြဌာန်းချက်စာအုပ်ကို အလွတ်နီးနီးရအောင် အထပ်ထပ် ဖတ်စေခဲ့ပါ သည်။ ဖတ်ဖန် များတော့ဝါကျတွေ၊ စာပိုဒ်တွေ အလွတ်ရလာစေပါသည်။ ဖတ်ဖန်များတော့ ဝါကျတွေ၊ စာပိုဒ်တွေ အလွတ်ရလာစေပါသည်။ ဘယ်ဟာက ဖရေ့စ်၊ ဘယ်ဟာက ကလော့စ်၊ ရီလေးတစ်ပရိုနောင်းကို ဘယ်လိုသုံးရသည် စသည်ဖြင့် ဝတ္ထုဇာတ်လမ်း သင်သွား ရင်းနှင့် သဒ္ဒါကို ကြားညှပ်၍ သင်တက်ပါသည်။ လီယိုတော်စတွိုင်း၏ စည်လွတ်ကြီးနှင့် အခြားပုံဝတ္ထုများကိုအင်္ဂလိပ်စာသင်ရိုးအဖြစ် ပြဌာန်းထားသည်။ အိုင်ဗင်နှင့်မင်စာတွေ လည်း ပါသည်။ ပုံပြင်ဆန်ဆန်နှင့်မြန်မာ့အမြင်ရှုထောင့်မှာ အထူးအဆန်းတွေ ဖြစ်၏။ အနှစ်သာရ အတွေးအခေါ်ကတော့ ကောင်းသည်။ ဆရာဘ၏ ကျေးဇူးကြီးမားပါဘိသည်။

ဆယ်တန်းမှာ မိမိသည် အင်္ဂလိပ်စာ မည့်ရုံမျှမက တော်သည့်အဆင့် ရှိလာပါ သည်။ ဆရာဦးအောင်သန်း၊ ဦးသန်းနိုင်၊ ဦးအောင်ကြီးညွှန့်တို့က ကျွန်တော်၏ အင်္ဂလိပ်စာ ဖြေပုံဆိုပုံတွေကို နှစ်သက် သဘောကျသည်။ ကျွန်တော် ၅တန်းနှစ်မှာ ဆရာဦးစိုးမောင် ဆိုသော အင်္ဂလိပ်စာပြဆရာသည် ကျွန်တော်နှင့်တစ်ခုံတည်းထိုင်သော မောင်ရန်ကြီးအောင် ဆိုသော ကျောင်းသားကို အင်္ဂလိပ်စာသင်ခန်းစာများ အဖတ်ခိုင်းလေ့ရှိပါသည်။

ရန်ကြီးအောင်သည် ကျွန်တော်တို့ကျောင်းသို့ နှစ်မိုင်မျှ ကွာဝေးသောစန်းကန်ဆို သည့်ရွာကလေးက လာပြီး ကျောင်းတက်ရသူဖြစ်ပါသည်။ ဆင်းကလည်း ဆင်းရဲ၍ အရပ် ကလည်း ပုပုလေးဖြစ်ပါသည်။ ဒါပေသည့် သူသည် အင်္ဂလိပ်စာအသံထွက်ကတော့ နံဘေးက ကြားရသူ အံ့အားသင့်ရလောက်အောင် ဘိုသံပေါက်သည်။ အက်စ်သံ၊ အက်ဖ်သံတွေ အလွန် ပီသသည်။ နားထောင်လို့ ကောင်းသည်။ ကျွန်တော် အားကျသည်။

၉တန်းမှာတုန်းက မိမိတို့အခန်းထဲ၌ အင်္ဂလိပ်စာအသံထွတ် ပီသမှန်ကန်သဖြင့် နားထောင်၍ကောင်းသူမှာ ဌေးနိုင်ဖြစ်သည်။ ကျောင်းဆရာဦးအေးမောင်၏သားဖြစ်သည်။ ယခုအခါ ဘီအက်စ်စီ(ဓာတုဗေဒ)နှင့်ဘွဲ့ရပြီး ဓာတ်ခွဲခန်းအရာရှိဘဝမှအငြိမ်းစားယူ၍ ဆီစက်ပိုင်ရှင်ကြီးအဖြစ် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နေသည်။ ဦးဌေးနိုင် အင်္ဂလိပ်စာ တော်သည်။ ဘော်တွင်းနှင့်နမ္မတူမှ နိုင်ငံခြားသားတွေနှင့်အင်္ဂလိပ်လိုပြောရသည့်အခါ အ ဆင်ပြေသည်။ နိုင်ငံခြားသား သိပ္ပံပညာရှင်၊ စက်မှုပညာရှင်၊ သတ္တုပညာရှင်တွေနှင့်အတူ

E-book is created shanyoma

E-book is created **shanyoma**

ယှဉ်တွဲ အလုပ်လုပ်ခဲ့ရသည်။

၁၀ တန်းမှာ မိမိတို့အခန်း၌ အင်္ဂလိပ်စာအသံထွက်ကောင်းကြသူမှာ ကျော်ဇေယျ ပါဝင်၏။ သူ၏နှုတ်ခမ်းပါးပါး၊ လျှာဖျားသွက်သွက်ဖြင့် အင်္ဂလိပ်စာကိုဖတ်သည့်အခါ အလွန်တရာ နားထောင်၍ ကောင်းပါသည်။ သူ့ကို ဆရာဆရာမများက ပေပေတေတေ လူဆိုးလေး အဖြစ် ဆိုဆိုဆဲဆဲဖြင့် ချစ်ကြသည်။ ကျော်ဇေယျသည် ပင်ကိုယ်ဉာဏ် ထက်မြက်သူ ဖြစ်ပြီး ကြိုးစားမှုတော့ မရှိလှပေ။ စီးပွားရေးတက္ကသိုလ်မှဘွဲ့ရပြီး ဦးစီးဌာနတစ်ခုတွင် စီမံကိန်း ဦးစီးအရာရှိ ဖြစ်သည်။ မြို့နယ်တစ်ခုမှာ အတွင်းရေးမှူး လုပ်နေသည်။ သူငယ်စဉ်က အင်္ဂလိပ်စာတော်ခဲ့သည်ကို အမှတ်ရပါသေးရဲ့လားမသိ။ သူ့ကို အားကျအတုယူခဲ့ရ၏။

၁၀ တန်း အခန်းတစ်ခန်းတည်း အတူနေကြသည့် သူငယ်ချင်းတွေထဲမှာ အင်္ဂလိပ်စာအသံထွက် ကောင်းသူမှာ ရှယ်လီခင်ဖြစ်သည်။ ရှယ်လီပါဆိုနေမှ အင်္ဂလိပ်စာဘယ်မှာ ညံ့မည်နည်း။ သူ့ဖခင်က ပစ္စတာဘရောင်းဖြစ်သည်။ မြန်မာလို ဦးညိုဟုအဓိပ္ပာယ်ရပေလိမ့်မည်။ ရှယ်လီကို ဘယ်လိုစာလုံးပေါင်းရသည်လည်း မသိပါ။ ပါစီလဘစ်ဆီရှာလီဆိုသော ကဗျာဆရာကို ဖတ်ဖူးသောမိမိက သူ့အမည်ကို Shirley ဟုသာ ရေးမှတ်ဖူးသည်။ ရှေ့ခုံတန်းမှ ရှယ်လီက အင်္ဂလိပ်စာဖတ်လျှင် နောက်ခုံတန်းရှိ ကျွန်တော်က ကျယ်ကျယ်ဖတ်စမ်းပါဟု တိုးတိုးပြောရ၏။ တစ်ခန်းလုံးကြားဖို့ မဆိုထားနှင့် ကျွန်တော်ပင် တစ်ခါတစ်ခါ မကြားရ။ အင်္ဂလိပ်စာကို စိတ်ဝင်စားစွာ ကြိုးစားခဲ့ရပါ၏။ တော်သူတွေဆီက အတုယူခဲ့ရ၏။

နိုင်ငံခြားမှာ တစ်နှစ်တာမျှ အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုကို အင်္ဂလိပ်ဘာသာဖြင့် သင်ယူခဲ့ရာတွင် အခက်အခဲ မရှိခဲ့ပါ။ ငယ်စဉ်က လိုလိုချင်ချင် အားထုတ်ဆည်းပူးခဲ့သောအကျိုးဟု ဆိုပါရစေ။

ချစ်နိုင် (စိတ်ပညာ)
သူနာပြုတက္ကသိုလ် (ရန်ကုန်)
နှစ်လည်မဂ္ဂဇင်း ၂၀၀၆-၂၀၀၇

(၁၀)

နှုတ်ဆက်ပွဲလုံ့မလေး

နိဒါန်း

၂၀၀၆ ခုနှစ်၊ ဒီဇာဘာ်လ ၂၅ရက်နေ့ နံနက်ခင်းတွင် စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ၊ စာပေပညာရှင်များ စာပေမြတ်နိုးသူများသည် လုံ့မလေးမဂ္ဂဇင်းထုတ်ဝေသူ၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းရပ်ကွက်၊ သန့်စင်လမ်းရှိ နံ့သာမြိုင်ခြံမြက်ခင်းပြင်၌ စုဝေးရောက်ရှိနေကြလေသည်။ လုံ့မလေးမဂ္ဂဇင်းကို အားပေးရေးသားခဲ့ကြသော စာရေးဆရာများ၊ လုံ့မလေးမဂ္ဂဇင်းကို အားပေးဖတ်ရှုခဲ့ကြသော စာပေဝါသနာရှင် လုံ့မလေးမဂ္ဂဇင်းကို အားပေးရေးသားခဲ့ကြသော စာပေဝါသနာရှင်များ၊ လုံ့မလေးမဂ္ဂဇင်းအဖွဲ့က လှုဒါန်းသည့် ငွေနှင့်စာအုပ်စသည့်အလှူပစ္စည်းတို့ကိုလက်ခံယူမည့် ပုဂ္ဂိုလ်များပါဝင်ကြပါသည်။ လူ ၁၅၀-၂၀၀-ခန့်ရှိပေမည်။

ထိုပွဲသို့ ကျွန်တော်ရောက်သည်။ ရန်ကုန်သို့ရောက်လာသည့် ၁၉၉၅ ခုနှစ်မှစ၍ လုံ့မလေးမဂ္ဂဇင်းအဖွဲ့က ကျင်းပသော ထိုမိတ်ဆုံပွဲကို မိမိတက်ခဲ့သည်။ ခရီးသွားနေသောနှစ်၊ အလုပ်တာဝန် အလွန်မအားလပ်သောအချို့နှစ်များမှအပ အလေးထား၍ မရောက်ရောက်အောင် သွားရောက်သည်။ ယခုနှစ် ဆုံစည်းပွဲလေးသည်ကား ကွယ်လွန်သူ မလေးလုံ ဦးဆောင် ထူထောင်ခဲ့သောလုံ့မလေးမဂ္ဂဇင်း၏ နောက်ဆုံးနှုတ်ဆက်ပွဲဟုလည်း ခေါ်နိုင်သည်။ ဤမဂ္ဂဇင်းသည် ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလမှာ ရပ်ဆိုင်းနိုဂုံးချုပ်တော့မည်ဖြစ်ပေသည်။

ခံစားမိသမျှမှာ

ဤအချက်သည် လွမ်းစရာ၊ တမ်းတစရာဖြစ်ပါသည်။ မိမိရင်ထဲမှာ ခံစားလာရသမျှ အနက် အချက်နှစ်ခု ဖော်ပြစရာရှိပါသည်။ ဆရာမမလေးလုံ့နှင့်လုံ့မလေးမဂ္ဂဇင်းတို့သည် "မွေးသူ"ဖြစ်သည်။ မဂ္ဂဇင်းတစ်စောင် ၂၂နှစ်မျှ ရပ်တည်ထမ်းရွက်ခဲ့ခြင်းသည် ကလောင်သစ် ကလောင်ဟောင်းများစွာကို အားပေးမွေးမြူရာရောက်ပါသည်။ ဒုတိယတစ်ချက်မှာ မလေးလုံ့နှင့်လုံ့မလေးမဂ္ဂဇင်းအဖွဲ့သည် "ပေးလှူသူ"လည်းဖြစ်ပါသည်။ စာကြည့်တိုက်များ၊ ဆေးရုံများ၊ မစွမ်းမသန်သင်တန်းကျောင်း၊ ဆွံ့အနားမကြားသင်တန်းကျောင်း၊ စသည်များ ဆင်းရဲနွမ်းပါးပြီး ဆေးဝါးကုသမှုခံယူရန် လိုအပ်နေရှာသော စာပေနယ်မှ ပုဂ္ဂိုလ်ကြီးငယ် အချို့နှင့်စာရေးဆရာကြီးများကို နှစ်စဉ်နှစ်စဉ် လှုဒါန်းပေးဝေကျွေးမွေးခဲ့ပေသည်။

မွေးမြူသူ၊ ပေးလှူသူ၏ကြီးမားမြင့်မြတ်သောနှလုံးသားကို နီးစဉ်ကမူ အမြင်နီးသဖြင့် ဤမျှ အမှတ်မထင် မရှိခဲ့လှ။ မလေးလုံ့ ကွယ်လွန်သွားရှာပြီဆိုတော့ မေတ္တာစေတနာတရား, ကြီးမားသည်နှင့်အမျှ, လူလည်းလှ စိတ်လည်းလှသော, စာရေးဆရာမတစ်ဦးကို

E-book is created shanyoma

E-book is created shanyoma

လေးစားအားကျ နေမြောတသ, မိ၏။ ယခုတဖန် လုံမလေးမဂ္ဂဇင်း ရပ်စဲအနားယူတော့မည် ဟုဆိုလေသောအခါ, ဤသတင်းစကားသည် မိမိအား ဝမ်းနည်းတမ်းတစရာ ဖြစ်စေခဲ့ပါသည်။

ကလောင်သစ်ကိုစင်တင်

မှတ်မိပါသေးသည်။ ၁၉၈၄ ခုနှစ်မှာ မိမိသည် စာပေနယ်ထဲသို့ဝင်ရောက်ရန် ကျားကုတ်ကျားခဲ့ ကြိုးစားနေဆဲ ကလောင်သစ်တစ်ဦးဖြစ်ပါ၏။ ၁၉၈၅ ခုနှစ်မှာ ကလျာ၊ စံပယ်ဖြူ၊ မြတ်လေးနှင့်လုံမလေးဟူသောအမျိုးသမီးမဂ္ဂဇင်းလေးခု ထွက်လာမည်ဟု စာပေလောကတွင်အုတ်အော်သောင်းတင်း သတင်းဖြစ်ပေါ်သည်။ မိမိကဲ့သို့ စာရှုပေရူးစာပေဝါသနာအိုးလေးအတွက် ထီပေါက်သည်ထက်ပိုပြီး ဝမ်းမြောက်စရာကောင်းသော သတင်းကောင်းဖြစ်ပါသည်။ ရှုမဝ၊ မြဝတီ၊ ငွေတာရီ၊ သွေးသောက်၊ မိုးဝေ၊ ပေဖူးလွှာ၊ စာပေလုပ်သား၊ ရုပ်ရှင်အောင်လံ၊ သောင်းပြောင်းထွေလာစသော မဂ္ဂဇင်းများအပြင် နောက်ထပ်မဂ္ဂဇင်းအသစ်စက်စက် လေးစောင်ကြီးများတောင် ထွတ်ပေါ်လာဦးမည်ဆိုတော့ စာရေးဆရာဖြစ်ချင်သော မိမိအတွက် မဂ်လာအခွင့်အရေးပေတည်း။ အားတက်စေသော ထိုခံစားချက်ဖြင့် အများကြီး ဖိရေးမိလေသည်။

မွေးမြူခဲ့သူ

မှန်ပါသည်။ စံပယ်ဖြူ လုံမလေး၊ မြတ်လေးနှင့်ကလျာမဂ္ဂဇင်းတို့သည် ကျွန်တော်ကဲ့သို့သော လက်သင်ကလောင်တစ်ချောင်းကို စင်တင်ပြီး အမှန်ပင်အားပေးမွေးမြူခဲ့ပါသည်။ မိမိသည် မိုးဝေနှင့်သောင်းပြောင်းထွေလာမဂ္ဂဇင်းတို့တွင် ဆောင်းပါးများ ၁၉၈၄ ခုနှစ် အောက်တိုဘာလမှာ ဖော်ပြခံရပြီး ရှုမဝမဂ္ဂဇင်းတို့တွင် ပင်တိုင်ဆောင်းပါးရှင် ဖြစ်လာသည်အထိ ၁၉၈၅-၈၆တွင်လူလားမြောက်ခဲ့ပါတော့သည်။ လုံမလေးမဂ္ဂဇင်းလည်း လခြားလခြား မိမိ၏ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးခဲ့ပါ၏။ ထိုစဉ်က မိမိ၏ဆောင်းပါးများကို ယခု ပြန်ဖတ်ကြည့်မိသည့်အခါ လက်ရာမကောင်းလှပါ။ မှန်သည့်အတိုင်း ဝန်ခံရလျှင် ယနေ့မျက်စိဖြင့် အားမရမိပါ။ သို့သော် လုံမလေးမဂ္ဂဇင်း စာတည်းများသည် ကလောင်သစ်ကို အားပေးသည့်အနေဖြင့် စင်တင်ပေးခဲ့ကြပါသည်။ လုံမလေး၏ကျေးဇူးတရားကို မိမိ မမေ့နိုင်ပေ။

အလားတူ ၂၂ နှစ်တာ ကာလအတွင်း ကလောင်သစ်များစွာ၊ ကဗျာဆရာ၊ ပန်းချီဆရာ၊ အနုပညာရှင်များစွာကို လုံမလေးက အားပေးထောက်ကူခဲ့မည်မှာ ယုံမှားသံသယရှိစရာ မလိုပါ။ ဆရာမ,မလေးလုံနှင့်လုံမလေးမဂ္ဂဇင်းတို့၏ဖြူစင်သော စေတနာနှင့်ကြီးမားမြင့်မြတ်သောနှလုံးသားကို မိမိသည် အနီးအဝေးမှ အမြဲလေးစား ဦးညွှတ်မိပါသည်။ ၁၉၉၅

ခုနှစ်အလယ်တွင် ကျွန်တော်သည် မြဝတီစာပေတိုက်သို့ စာတည်းမှူးချုပ်တာဝန်ဖြင့် ရန်ကုန်သို့ ကလောမြို့မှ ပြောင်းရွှေ့ ရောက်ရှိလာရပါသည်။ မြဝတီ၊ ငွေတာရီ၊ တေဇ၊ မိုးသောက်ပန်း၊ တို့ကျောင်းသားနှင့်မြဝတီဂျာနယ်တို့ကို တာဝန်ခံတည်းဖြတ်ထုတ်ဝေရပါသည်။ ဌာနတစ်ခု၏အကြီးအကဲတစ်ယောက်အနေဖြင့် မူဝါဒချမှတ်ရာတွင် လုံမလေးမဂ္ဂဇင်း ရိုးသားဖြူစင်ခြင်းနှင့်မေတ္တာတရား ရှေ့ရှုခြင်းကို အတုယူကြရန် စီမံဆောင်ရွက်ပါသည်။ ထို့ကြောင့် အောင်မြင်မှုကို အထိုက်အလျောက် ရခဲ့သည်ကို ဟုဆိုနိုင်ပါသည်။

မိမိကဲ့သို့ စာအုပ်ပေါင်း ၆၀ ထုတ်ဝေခဲ့ပြီး မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတို့တွင် မဆက်မပြတ်နီးပါး ၂၂ နှစ်လုံးလုံး ရေးသားနေသည့်ကလောင်မျိုးကို လွန်ခဲ့သော ၂၂နှစ်ဆီက လုံမလေးသည် မွေးဖွားပေးခဲ့သည်။ လုံမလေးသည် မွေးမြူခဲ့သူကျေးဇူးရှင်အဖြစ် ကျွန်တော် ထာဝစဉ် ကျေးဇူးတင်မိသည်။

ပေးလှူတတ်သူ

ဖြူစင်မွန်မြတ်သောနှလုံးသားကို ပိုင်ဆိုင်ထားသည့်ဆရာမမလေးလုံနှင့်လုံမလေးမဂ္ဂဇင်းသည် နှစ်စဉ် သိန်းပေါင်းများစွာသော ငွေကြေးတို့ကိုလည်းကောင်း၊ စာအုပ်စာတမ်းများကိုလည်းကောင်း၊ လက်ဆောင်ပစ္စည်းနှင့်စားသောက်ဖွယ်ရာများကိုလည်းကောင်း လှူဒါန်းပေးဝေလေ့ရှိပါသည်။ မြို့နယ်စာကြည့်တိုက်များတွင်လည်း မဂ္ဂဇင်းတွေ လက်ခံရခဲ့ဖူးသည်။ ကျေးရွာကိုယ်အားကိုယ်ကိုးစာကြည်တိုက်များအတွက် ဖြန့်ဝေပေးရန် မဂ္ဂဇင်းတွေ လည်း လက်ခံခဲ့ရဖူးသည်။ လုံမလေးမိသားစုသည် လှူဒါန်းသူ၊ မျှဝေသူဖြစ်၍ မိမိက ထပ်ဆင့် ဖြန့်ဝေဌပေးရသူဖြစ်ပါသည်။

စိတ်တူကိုယ်တူ၊ စေတနာဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးရေး၊ ကျေးရွာအရောက် စာအုပ်စာပေများ ပျံ့နှံ့ထိုးဖောက်ကာ မြန်မာစာရှင်သန်တိုးတက်ရေးကို ဆယ်နှစ်တာနီးပါး ကြိုးစားခဲ့ကြပါသည်။ အကြိမ်များစွာ ရခဲ့သောမဂ္ဂဇင်းများသည် ကျေးလက်တောရွာအထိ ရောက်ရှိ ပျံ့နှံ့သွားကြကာ စာဖတ်သူလယ်သူမအချို့ထံမှ မည်မည်ရာ ကွေးကောက်သော လက်ရေးလေးများဖြင့် လုံမလေးမဂ္ဂဇင်းကို သူတို့ဖတ်ရှုရသဖြင့် ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ပါကြောင်း စာပြန်ရေးလာသည်ကိုလည်း အမှတ်ရမိပါသေးသည်။ လုံမလေးမဂ္ဂဇင်းတိုက်က ပေးပို့လှူဒါန်းပါသည်ဟု မိမိတို့က တံဆိပ်ရိုက်ပြီးဖြန့်ဝေ ပေးပို့လှူဒါန်းသည်ဟု မိမိတို့က တံဆိပ်ရိုက်ပြီးဖြန့်ဝေပေးပို့သဖြင့် အလှူရှင်ထံသူတို့၏ သာဓုအနုမောဒနာစကားပြန်ကြားစေလိုခြင်း ဖြစ်ပါသည်။

လေးစာချစ်ခင်ခြင်းခံရသူ

စာရေးဆရာမ မလေးလုံသည် ဝတ္ထုတို၊ ဝတ္ထုရှည်များ စာပေမှတ်တမ်းတင်လောက်

E-book is created shanyoma

E-book is created shanyoma

အောင် ရေးသားထားရစ်ရုံမျှမက "ဘသက်ရှည်ဖေမောင်တင်" ဆရာကြီးဦးဖေမောင်တင်၏ အတ္ထုပ္ပတ္တိရှုပ်ပုံလွှာကိုလည်း ပညာရှင်များက လေးစားချီးမွမ်းရလောက်အောင် စုဆောင်းပြုစုခဲ့သူဖြစ်ပါသည်။ သူသည် စေတနာဖြူတော့ စာကလည်း ကောင်းသည်။ ကောင်းကင်မှာ ငှက်တို့သည် ခြေရာမထင်ပါ။ သို့ရာတွင် စာပေ၌မူ လူတို့၏စိတ်ခြေရာကို ထင်ရှားစွာ မြင်သာပါသည်။ မလေးလုံသည် မြန်မာအမျိုးသမီးတစ်ယောက်အနေနှင့် အဆင်းကောအချင်းပါ ဂုဏ်ယူစံပြုထိုက်အောင် သိမ်မွေ့လှပသူတစ်ဦးဖြစ်ပါသည်။ မုန်းသူမရှိ၊ ရန်ဘက်မရှိ၊ မျက်နှာမြင်လျှင် ချစ်ခင်ပါစေဟူသော ဆုတောင်းဖြင့် ပြည့်ခဲ့သူဖြစ်ပေသည်။ လူတကာကပင် လေးစာချစ်ခင်ခြင်းကို ခံယူရလေသည်။ သူကား ပေးလျှသူ ဖြစ်ပေသည်။

နိဂုံး

၂၅-၁၂-၂၀၀၆ (တနလာ်နေ့) ခရစ်စမတ်နေ့တွင် လျှုဒါန်းပွဲနှင့်အမှတ်တရမိတ်ဆုံပွဲ၌ ဆရာမောင်ဆုရှင်၊ ဆရာဌေးမောင်၊ ဆရာမတင်ရီမ (ညောင်ဦး)နှင့်မိမိတို့က စကားအနည်းငယ်စီ ပြောကြသည်။ ကျွန်တော်ကမူ အချိန်ဆယ်မိနစ်ခန့်မှာ မွေးမြူသူနှင့်ပေးလျှသူတို့အား သတိတရ အောက်မေ့ခြင်းဖြင့် ဂုဏ်ပြုကျေးဇူးဆပ်ကြပါစို့ဟု ဧည့်ပရိသတ်တို့အား မေတ္တာရပ်ခံပန်ကြားရင်း နိဂုံးချုပ်ခဲ့ပါလေသည်။ စာပေ နယ်သားများကို အတော်များများ ဆုံစည်းရသဖြင့် ဝမ်းသာပါသည်။ လုံမလေးမိသာစုက နေ့လည်စာ (Buffet) ဖြင့်ကျွေးမွေးတည်ခင်း ဧည်ခံပါသည်။ မလေးလုံနှင့်လုံမလေးတို့သည် ရှင်သန်သော စေတနာ၊ မြင့်မားသော မေတ္တာတို့ဖြင့် စိုက်ထူခဲ့သည့် စာပေမှတ်တိုင်ခြေရာများသည်ကား ကျောက်စိုင်ကျောက်သားထက်ပင် ပိုမိုခိုင်မာကြလိမ့်မည်ဟု စာရေးသူက ကောင်းစွာယုံကြည်သည်။ နှုတ်ဆက်ပါသည် ကျေးဇူးတင်ရပါသော လုံမလေး။

ချစ်နိုင် (စိတ်ပညာ)
၂၅-၁၂-၂၀၀၆

(၁၁)
မူပိုင်ခွင့်ဗဟုသုတ

ဝိပို

ကမ္ဘာလုံးဆိုင်ရာ ဉာဏပစ္စည်းမူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization)နှင့်မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တို့၏ပူးပေါင်းစီစဉ်မှုဖြင့်Wipoမှ ချန်ဒရာ၊ ဒါရှုစ်မန်နှင့်စင်ကာပူနိုင်ငံမှ အန်းကွီးချိန်တို့သည် မြန်မာနိုင်ငံသို့ မတ်လ ၁၈ ရက်မှ ၂၃ရက်ထိ ရောက်ရှိနေထိုင်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် တွေ့ဆုံခဲ့ကြပါသည်။ Wipo မှကျွမ်းကျင်သူ ချန်ဒရာ၊ ဒါရှုစ်မန်သည် အင်ဒိုနီးရှားနိုင်ငံသားဖြစ်သည်။ စီးပွားရေးဘွဲ့ရခဲ့သည်။ အင်ဒိုးနီးရှားဂီတဖြစ်သည်။ အင်ဒိုနီးရှားဂီတအစည်းအရုံး၏အထွေထွေအတွင်းရေးမှူးလည်းဖြစ်သည်။ ဂီတပညာရှင်လည်း ဟုတ်သည်။ ကမ္ဘာလုံးဆိုင်ရာ ဉာဏပစ္စည်းမူပိုင်ခွင့်အဖွဲ့၌ တာဝန်ထမ်းဆောင်နေသည်မှာ ၂၀၀၁ ခုနှစ်မှ စတင်သည်။ အသက်၄၀ ကျော်ခန့်ရှိမည်။ Wipo မှ အာရှ ပစိဖိတ်ဒေသ ညွှန်ကြားရေးမှူးအန်ကွီးချိန်မှာ စင်ကာပူနှင့်လန်ဒန်တက္ကသိုလ်တို့မှ ဥပဒေဘွဲ့ရခဲ့သည်။ စင်ကာပူရဲတပ်ဖွဲ့၌ ဒုတိယရဲမှူးကြီးလည်းဖြစ်သည်။ အသက် ၃၀ ကျော် ၄၀ ခန့်ရှိမည်။

မြန်မာသို့

ထိုပုဂ္ဂိုလ်နှစ်ဦး မြန်မာနိုင်ငံ၌ လေ့လာဆွေးနွေးရာတွင် ပါဝင်ကူညီရန်အတွက် သံအမတ်ကြီးဦးမြသန်း(အငြိမ်းစား)၊ ဥပဒေပါမောက္ခ(အငြိမ်းစား)ဦးကျော်ဇောနိုင်၊ စက်မှုပါမောက္ခ(အငြိမ်းစား) ဒေါက်တာမျိုးသန့်တင်တို့က ငါးရက်လုံးလုံး ပူးတွဲလိုက်ပါခဲ့ကြသည်။ ဤအိမ်ရှင်ပုဂ္ဂိုလ်သုံးဦးစလုံးသည် ဉာဏပစ္စည်း မူပိုင်ခွင့်ဆိုင်ရာနှင့်ပတ်သက်၍ ကျွမ်းကျင်စွာ နားလည်သူများလည်း ဖြစ်ပါသည်။ စာရေးသူ၏စိတ်ထဲတွင် မြန်မာနိုင်ငံမှ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်ဖြစ်စေ၊ စာရေးဆရာများထဲဖြစ်မှုဖြစ်စေ အသက်အရွယ် ၃၀-၄၀ မျိုးဆက်များထဲမှ ယခုတာဝန်ယူနေရသူ အသက် ၆၀ ပုဂ္ဂိုလ်တို့၏အရည်အသွေးမျိုးဖြင့် နိုင်ငံခြားသားကို ပခုံးချင်းယှဉ်နိုင်သူတွေ ပေါ်ထွက်စေချင်ပါသည်။

အသင်းများနှင့်တွေ့ဆုံ

ဧည့်သည်ပုဂ္ဂိုလ်နှစ်ဦးသည် (၁)မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ (၂)ဂီတအစည်းအရုံး (၄)ပုံနှိပ်ထုတ်ဝေသူများအသင်း (၅)ရုပ်ရှင်အစည်းအရုံး (၆)ကုန်သည်ကြီးများအသင်း (၇)ဓါတ်ပုံပညာရှင်များအသင်းတို့ကို သွားရောက်လေ့လာ မေးမြန်းပါသည်။ နောက်ဆုံးနေ့တွင်သူတို့ကို နေ့လည်စာဖြင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ဧည့်ခံ

E-book is created shanyoma

E-book is created shanyoma

ကျွေးမွေးသောအခါ ကျေးဇူးတင်ကြောင်း၊ ဤခရီးစဉ်သည် အထူးပင်အောင်မြင်ကြောင်း၊ အာရှပစိဖိတ်နယ်မြေဒေသအတွင်း ဂျပန်အစိုးရက ထောက်ပံ့သောရန်ပုံငွေဖြင့် လေ့လာရေးလာခဲ့ကြောင့်၊ မြန်မာနိုင်ငံမှာ တည်ရှိနေသော အခြေအနေများကို ဆွေးနွေးတွေ့ရှိချက်များ အရ သင့်လျော်သော သုံးသပ်အကြံပြုချက်များပြုစုမည် ဖြစ်ပါကြောင်း ပြောကြားသွားပါသည်။ မြန်မာအိမ်ရှင်ဘက်မှ လိုသေးသေးမရှိအောင် ဧည့်ဝတ်ကျေပွန်ခဲ့သည်မှာလည်း ထင်ရှားပါသည်။

ဥက္ကဋ္ဌပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကိစ္စသည် နိုင်ငံတကာနှင့်ထိစပ်ဆက်နွယ်နေသဖြင့် မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ် နောက်ဆုံးထားကာ မူပိုင်ခွင့်ဥပဒေ ထုတ်ပြန်ကျင့်သုံးရမည် ဖြစ်ပါသည်။ ၂၀၁၀ အာဆီယံစီမံချက်အရလည်း ဥက္ကဋ္ဌပစ္စည်းဆိုင်ရာ သဘောတူညီချက်များကို အပြန်အလှန်လေးစားကြရမည် ဖြစ်ပါသည်။ နောင် ၆ နှစ် သို့မဟုတ် သုံးနှစ်အထိ စောင့်ဆိုင်းနေရမည်ဟု မဆိုလိုပေ။ ဥက္ကဋ္ဌပစ္စည်းဆိုင်းရာ မူပိုင်ခွင့်ကို ပြည်သူတစ်ရပ်လုံး စောစော သိရှိကြလေလေ၊ ကျင့်သုံးနိုင်လေလေ၊ အကျိုးရှိလေလေဖြစ်ကြောင်း ကျွမ်းကျင်ပညာရှင်တို့က ဟောပြောလေ့ရှိကြပေသည်။

မူပိုင်ခွင့်ကိစ္စ

တရုတ်ပြည်သည် မူပိုင်ခွင့်ဥပဒေကို ၁၉၉၁ ခုနှစ်မှာ ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။ ပြည်သူများကို လိုက်နာအောင် ပညာပေးစည်းရုံးသည်။ WTO ဝင်ခွင့်ရခဲ့သည်။ ၂၀၀၅ ခုနှစ်ရောက်မှ ဥက္ကဋ္ဌပစ္စည်းဆိုင်ရာ စုပေါင်း စီမံခန့်ခွဲမှုစနစ် Collective Management ကို ကျင့်သုံးဆောင်ရွက်ခဲ့သည်။ အကျိုးရှိကြောင်း လက်တွေ့ကုန် ထုတ်လုပ်မှုမြင့်မားကောင်းမွန်နေခြင်းများက သက်သေပြပေသည်။ မလေးရှား၊ ထိုင်း၊ စင်ကာပူတို့သည်လည်း မူပိုင်ခွင့်ဥပဒေ အသီးသီးရှိနေကြပြီ။ ဂျပန်နိုင်ငံက ဥက္ကဋ္ဌပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို လူအများ လေးစားလိုက်နာကျင့်သုံးခြင်း၏ကောင်းကျိုးများကို မကြာခဏ ဟောပြောရေးသားစေပါသည်။

ဂျပန်သို့

၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်မှ မတ်လ ၃ ရက်အထိ စာရေးသူသည် ဂျပန်နိုင်ငံ တိုကျိုမြို့တော်တွင်ကျင်းပသော အာဆီယံမူပိုင်ခွင့် ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြုလျက် တက်ရောက်ဆွေးနွေးခဲ့ရပါသည်။ အာဆီယံနိုင်ငံများမှ တစ်နိုင်ငံ တစ်ယောက်စီ တက်ရောက်လာကြပါသည်။ တရုတ်၊ မွန်ဂိုလီးယား၊ တောင်ကိုရီးယားနှင့် ဂျပန်အပြင် အီးယူနှင့်အမေရိကန်ပြည်ထောင်စု (လူမလာပါ၊ စာတမ်းသာပို့)တို့လည်း ပါဝင်သည်။

WIPO ကိုယ်စားလှယ်လည်း တက်ရောက်ပြီး ပါဝင်ဆွေးနွေးသည်။

နိုင်ငံအလိုက် ပြည်သူလူထုအတွင်း ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိသင့်သိထိုက်သော ဗဟုသုတတို့ကို မည်သို့ မည့်ကဲ့သို့ ကျယ်ပြန့်စွာ ပျံ့နှံ့အောင် လုပ်ဆောင်နေကြသည်။ မည်သို့ ဆက်လက်လုပ်ဆောင်သွားကြမည်ကို ဆွေးနွေးတိုင်ပင်ကြသော ဆွေးနွေးပွဲဖြစ်ပါသည်။ ပြည်သူလူထုသိရှိရေး Public Awarenessအတွက် အောက်ပါပုဂ္ဂိုလ်များကို သက်ဆိုင်ရာ ရှုထောင့်မှ နားလည်သိမြင်စေရပါမည်။

၁။ ဖန်တီးထုတ်လုပ်သူများလည်း သိရမည်။

၂။ ပရိသတ် စားသုံးသူများလည်း သိရမည်။

၃။ မူဝါဒ ချမှတ်သူများလည်း သိရမည်။

သတင်းနည်းပညာခေတ်

ဉာဏပစ္စည်းမူပိုင်ခွင့်မှာ နိုင်ငံတစ်ခုချင်းက ဥပဒေပြဋ္ဌာန်းကြရခြင်း ဖြစ်သော်လည်း နိုင်ငံတကာ ဆက်စပ်ယှက်နွယ်မှုတွေ ရှိပေသည်။ ခေတ်မီသတင်းနည်းပညာအရ ကမ္ဘာကြီးသည် ရွာနောက်ဖျားက ခွေးဟောင်သံကို အခြားအိမ်တွေက ကြားနိုင်သကဲ့သို့ ဖြစ်သည်။ အထူးသဖြင့် ရုပ်ရှင်၊ ဗီစီဒီ၊ ဒီဗီဒီ၊ ဂီတ၊ တေးသီချင်းစသည့် အနုပညာပစ္စည်းများသည် အရှိန်အဟုန်ပြင်းထန်စွာ အပြန်အလှန် ရိုက်ခတ်စီးဆင်းနေကြပါသည်။ ပြင်းထန်စွာ အပြန်အလှန် ရိုက်ခတ်စီးဆင်းနေကြပါသည်။ တစ်နိုင်ငံတည်း ကွက်ကွက်လေးကြည့်၍ မရနိုင်တော့ပေ။

လူထုအသိအမြင်

မြန်မာနိုင်ငံတွင်လည်း မူပိုင်ခွင့်နှင့်သက်ဆိုင်သည့်ဥပဒေများ ပေါ်ထွက်လာတော့မှာ ဖြစ်ပါသည်။ ဥပဒေပြဋ္ဌာန်းမှ သိရှိကြရမှာကား မဟုတ်ပေ။ အခြားနိုင်ငံများမှာတွေ့ကြုံနေကြရသည့် အခြေအနေ၊ အားသာချက် အားနည်းချက်များကို ပြည်သူလူထု သိမြင်၊ အမြင်ကျယ်လေလေ မိမိပြည်သူများ အကျိုးရှိလေလေပင်။

စင်ကာပူမှာ Intellectual Property ပြဋ္ဌာန်းပြီးသောအခါ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကိုကောင်းစွာ အထောက်အကူပြုပေးရာ ရောက်ကြောင်းလေ့လာတွေ့ရှိကြရသည်။ မလေးရှားနိုင်ငံသည်လည်း ဥပဒေမရှိမီကထက် ဥပဒေရှိလာပြီးသောအခါ ပိုမို အကျိုးကျေးဇူးတွေ ရရှိလာစေသည်ဟု သိရပါ၏။ မူပိုင်ခွင့်ကို လေးစားကြရမည်ဆိုသည်မှာ သာမန်အသိဉာဏ်မျှဖြင့်နားလည်နိုင်ကြပါ၏။

ပြည်သူအများကြားဝယ် နိုးကြားသိမြင်လာခြင်းသည်လည်း ယနေ့ခေတ်ဂျာနယ်၊ တီဗွီ ရေဒီယိုစသည့် မီဒီယာများက အသိပေးလှုံ့ဆော်ခြင်းကြောင့် ရှေးကထက်

E-book is created shanyoma

ပိုမိုတိုးတက်နိုးကြားလာကြပြီ ဖြစ်ပါသည်။ နိုင်ငံတိုင်းမှာ အသိဆိုင်ရာဗဟုသုတများ တိုးပွားလာပါသည်။

ဖန်တီးရှင်အဓိက

ဖန်တီးရှင်၊ လက်ရာရှင်များကို အခွင့်အရေးကာကွယ်ပေးခြင်းသည် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ပန်းချီစသည်တို့အား ပိုမိုတိုးတက် ထွန်းကားစေပါသည်။ လူ့ဘောင်လောကသည် တီထွင်ဖန်တီး ဆန်သစ်ခြင်းများကြောင့် ဖွံ့ဖြိုးတိုးတက်ကြရပါသည်။

ဖြန့်ချိသူ

ဖန်တီးသူလက်ရာရှင်၏အခွင့်အရေးကို ကာကွယ်ရန်သာမက ထုတ်လုပ်သူများ၊ ဖြန့်ချိသူများ၏ရပိုင်ခွင့်ကိုပါ မနစ်နာစေရန် လိုအပ်ပါသေးသည်။ ထုတ်လုပ်သူများ ဆုံးရှုံးနစ်နာ၍ မထုတ်လုပ်လျှင် စာပေဖြစ်စေ၊ ဂီတဖြစ်စေ ကွင်းဆက်ပြတ်၍ အသစ်အသစ်ပေါ်ထွက်လာနိုင်တော့မည် မဟုတ်ပေ။

ဖြန့်ချိသူများသည် သင့်တင့်မျှတစွာ အကျိုးခံစားရပါမှ ဖြန့်ချိရေးလုပ်ငန်း ချောမွေ့စွာ လည်ပတ်ကာ ကျယ်ပြန့်မှာဖြစ်ပါသည်။ ဖြန့်ချိသူ၏ကဏ္ဍကိုလည်း ဘေးဖယ်ထား၍ မရချေ။

ထုတ်လုပ်သူ

ထုတ်လုပ်သူ၊ ဖြန့်ချိသူတို့ မနစ်နာ၊ မထိခိုက်ကြစေရန် စားသုံးသူ၊ သုံးစွဲသူတို့က အတုမဟုတ်သော ပင်ရင်းအစစ်ကိုသာ အားပေးကြဖို့ လိုအပ်ပေသည်။ ဈေးချိုလို့ဆိုပြီး ပေါ်ချောင်တွေ ဝယ်ယူကာ နောက်မှ အရည်အသွေးမကောင်းပါကလားဟု စိတ်ညစ်ခြင်းမျိုး မကြုံရသင့်။

သုံးစွဲသူလည်း အရေးပါ

အောက်ပါ ကွင်းဆက်များ အညမည အကျိုးတူလက်တွဲလျက် လူ့ဘောင်လောကပိုမိုသာယာလှပအောင်၊ တိုးတက်ဖွံ့ဖြိုးအောင်၊ ယဉ်ကျေးမှုများ ထွန်းကားစည်ပင်အောင် လုပ်ဆောင်ကြရပါမည်-

၁။ **ဖန်းတီးသူ**၊ လက်ရာရှင်၊ စာရေးဆရာ၊ သီချင်းရေးဆရာ၊ ပန်းချီဆရာ၊ ဓာတ်ပုံဆရာစသည်များ၏အခွင့်အရေး Creature

၂။ **ထုတ်လုပ်သူ**၊ ပုံနှိပ်သူ၊ စက်ကိရိယာဖြင့် ပရိသတ်သို့သိအောင် ဆောင်ရွက်သူ၊ Publishers, Producers

E-book is created shanyoma

၃။ **ဖြန့်ချိသူ**၊ စာအုပ်ဆိုင်၊ ကတ်ဆက်ခွေဆိုင်၊ ဒီဗီဒီအငှားဆိုင်၊ ပန်းချီကား အရောင်းဆိုင် စသည့် အနုပညာပစ္စည်းဆိုင်

၄။ **သုံးစွဲသူ**၊ ပြည်သူလူထု၊ Users

ထောင့်လေးထောင့်စလုံးမှာ ရပိုင်ခွင့် အခွင့်အရေးများ ဆီလျော်ထိုက်တန်အောင် ရစေအောင် အကောင်အထည် ဖော်ကြရပါမည်။ အစိုးရ၏တာဝန်ချည်း မဟုတ်။ အုပ်ချုပ်သူမှာလည်း တာဝန်ရှိခြင်း မဟုတ်။ ကဏ္ဍလေးဘက်စလုံးမှာ သဟဇာတမျှတစွာ အသိဖြင့် ပါဝင်ကြရပါလိမ့်မည်။ လောဘလွန်ကဲ၍ ဟိုဘက်၊ ဒီဘက်သို့ စည်းကျော်ဖောက်ဖျက်မှုများမရှိအောင် ထိန်းသိမ်းကြရလိမ်မည်။ လူအများ စည်းကမ်းရှိလျှင် အေးချမ်းသာယာသည်။ လူအားလုံး စည်းကမ်းရှိသေလျှင် လောကငြိမ်းချမ်းပါသည်။

စည်းရှိရမည်

လူနည်းစုဖောက်ဖျက်မှုကို ဥပဒေဖြင့် တားဆီးနိုင်ပေသည်။ လူအများစု စည်းကမ်း၊ စနစ်ကို လေးစားလိုက်နာ ကျင့်သုံးရကောင်းမှန်းမသိ(အမြီးကျက်၊ အမြီးစား၊ ခေါင်းကျက်ခေါင်းစား၊ လောကကျွာယ လွန်ကဲ) ပရမ်းပတာ ပြုလုပ်နေကြပါက ထိုအဖွဲ့အစည်း ပျက်စီးပြိုကွဲစေသော အကြောင်းပင်ဖြစ်ပါသည်။

၂၀၀၆ ခုနှစ်၊ မတ်လတွင် တစ်ကြိမ် တိုကျိုဆွေးနွေးပွဲသို့ စာရေးသူ တက်ရောက်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ်၊ မတ်လတွင် ဒုတိယအကြိမ် မူပိုင်ခွင့်ဆိုင်ရာ အာဆီယံနိုင်ငံများ ဆွေးနွေးပွဲ (တိုကျို)သို့ သွားရောက် ဆွေးနွေးခဲ့ရပြန်ပါသည်။ စာရေးသူ ကြားခဲ့၊ မြင်ခဲ့၊ မေးမြန်းလေ့လာခဲ့သမျှကို အသေးစိတ်ဖော်ပြပါဦးမည်။ ယခုတင်ပြချက်ကား လူအများ အလွယ်တကူသိမြင်နိုင်ရန် ပဏာမအနှစ်ချုပ် အစီရင်ခံခြင်းဟူသော် ရနိုင်ပါသည်။

ချစ်နိုင် (စိတ်ပညာ)

၂၄-၃-၂၀၀၇

E-book is created *shanyoma*

E-book is created shanyoma

(၁၂)
သတိသမ္မဇဉ်

လူသားတို့သည် အပြုအမူသုံးမျိုးဖြင့် အမြဲပြတ် လှုပ်ရှားလုပ်ဆောင်နေကြပါသည်။ အတွေး၊ အပြောနှင့်အလုပ်တို့ ဖြစ်ကြပေသည်။ တွေးတောစဉ်းစားခြင်း၊ စကားပြောခြင်းနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းဟုလည်း ဆိုနိုင်သည်။ အပြောအပြုအမူတွင်ဖြစ်စေ၊ အလုပ်အပြုအမူတွင်ဖြစ်စေ၊ မစဉ်းမစားပြုမူလျှင် မှားယွင်းလွဲချော်တက်သည်က များလေသည်။ စဉ်းစားခြင်း အပြုအမူကိုသေချာစွာ စနစ်တကျပြုလုပ်ပြီးမှ ပြောသောစကားနှင့်လုပ်သော အလုပ်တို့သည် ထိရောက်သည်။ အောင်မြင်သည်။ အကျိုးရှိသည်။

စဉ်းစားပုံသည် သတိနှင့်ယှဉ်တွဲရခြင်းကြောင့် သတိသမ္မဇဉ်ဟုပြောလေ့ရှိကြပါသည်။ သတိသမ္မဇဉ်ဉာဏ်နှင့်ယှဉ်ပါက ကောင်းကျိုးရမည်။ တိုးတက်မည်။ မည်သူမဆို ပိုမိုအောင်မြင်ကြီးပွားကြမည်ဖြစ်လေသည်။

ဤတွင် 'သတိသမ္မဇဉ်'ဆိုသည်နှင့်အညီ သတိနှင့်တွဲစပ်လျက်ရှိသော သမ္မဇဉ်လေးပါးကို ဖော်ပြပါမည်။

၁။ သာတ္ထကသမ္မဇဉ် - အကျိုးရှိ၊ မရှိ ပိုင်းခြားမြင်နိုင်စွမ်း။

သည်အကြံ၊ သည်အပြော၊ သည်အပြုကြောင့် ကောင်းကျိုးရလဒ်ဖြစ်နိုင်ပါ့မလား၊ ကောင်းကျိုးရလဒ်၏နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးတွေ ပါလာနိုင်သလား၊ ကုသိုလ်တစ်ပဲ ငရဲတစ်ပိသာဖြစ်နေသလား၊ ကောင်းကျိုးရလဒ်ချည်းရအောင် ဘယ်လိုဆောင်ရွက်မလဲ။

၂။ သပ္ပာယသမ္မဇဉ် - အကျိုးရှိသော်ငြား လုပ်သင့်၊ မသင့် ထပ်ဆင့်ပိုင်းခြားမြင်နိုင်စွမ်း။

ကောင်းကျိုးရတယ်ဆိုတိုင်း လုပ်အပ်ပြီလား၊ လုပ်သင့်ရဲလား။ "အစာ"မြင်နေရပေမယ့် "ငါးမျှားချိတ်"က နောက်ကွယ်မှာ ရှိနေလျှင် ဟပ်သင့်ရဲလား၊ စားသင့်ရဲလား၊ စက်စက်ယို ချိုချိုဆိမ့် ပျားရည်ဖြစ်ပေမယ့် အဆိပ်မှုန့်ထည့်ထားရင် လျက်သင့်သလား၊ နတ်သုဒ္ဓါဖြစ်နေပါစေဦး စားပိုနင့်အောင် စားသင့်သလား၊ အကျိုးရှိတိုင်း လုပ်အပ်တာ မဟုတ်တဲ့သဘာဝမို့ လုပ်အပ်အောင်၊ လုပ်သင့်အောင် ဘယ်လိုဆောင်ရွက်မလဲ။

၃။ ဂေါစရသမ္မဇဉ် - ကျက်စားခွင့်၊ လုပ်ပိုင်ခွင့် ပိုင်ခြားမြင်နိုင်စွမ်း။

မိမိကျက်စားရမယ့် စာကျက်နေသူဖြစ်နေပြီလား၊ ကိုယ့်စားကျက်ကို နယ်ချဲ့ကျူးကျော် ကျက်စားနေသူဖြစ်နေပြီလား၊ ကိုယ်စားကျက်ကို အခြေအနေအရ ချဲ့ထွင်ရတဲ့အခါ မျိုးမှာ တရားသဖြင့် ဖြစ်ရဲ့လား၊ စည်းကျော် ဘောင်ကျော်၊ စည်းမထား ဘောင်မထား ဖြစ်နေသလား၊ စာကျက်ဆိုင်ရာအကန့်နှင့်အချဲ့ကို တရားသဖြင့်ဖြစ်အောင် ဘယ်လို ဆောင်ရွက်မလဲ။

၄။ အသမ္မောဟသမ္မဇဉ် - အ-မရှိ + သမ္မောဟ-အမှောင်ဖုံးခြင်း-အမှောင်ဖုံးခြင်းမရှိဘဲ အမှောင်အလင်း ပိုင်းခြားမြင်နိုင်စွမ်း။

အမှောင်တွေထဲမှာ အသိအမြင်ကို ဖုံးလွှမ်းတဲ့အမှောင်ဟာ အဆိုးရွားဆုံးပင်။ အမှန်နဲ့အမှား အဖြူနဲ့အမည်း ကွဲကွဲပြားပြား ပိုင်းခြားနိုင်စွမ်း အမှန်လိုအပ်သည်။ အသိမှန်ကို လှုပ်ခတ်သော အမြင်မှန်ကို ဖုံးလွှမ်းသော သတင်းတွေ၊ အဖျင်းတွေကို ပိုင်းခြားနိုင်ပြီလား။ ဘယ်စကားက ဘယ်သွားတယ်၊ ဘယ်သတင်းက ဘယ်ချဉ်းတယ်ဆိုတာ ပိုင်းခြားနိုင်ပါပြီလား။ အစိုးရနဲ့ပြည်သူ၊ ပြည်သူနဲ့တပ်မတော်ကြား သွေးခွဲဖို့ အမြဲအားထုတ်နေသူတွေကို ကွဲပြားစွာ မြင်နိုင်ပါပြီလား။ နိုင်ငံတော် ရှေ့ဆက်သွားမယ့်ခရီးလမ်း၏ဆူးငြောင့်ခလုတ်တွေကို တင်ကြိုပိုင်းခြား ကြည့်မြင်နိုင်ပြီလား။ အသမ္မာဟအမြင်ကြည်လင်အောင် ဘယ်လိုလေ့ကျင့်ပျိုးထောင်မလဲ။

ဆိုအပ်ခဲ့ပြီးသော သမ္မဇဉ်လေးပါး ဉာဏ်ယှဉ်အလေးထားလျှက် လှုပ်ရှား ဆောင်ရွက်ကြရပါမည်။

ချစ်နိုင်(စိတ်ပညာ)

E-book is created shanyoma

E-book is created shanyoma

(၁၃)
သန့်စင်မေတ္တာ

လူ၏ခန္ဓာကိုယ်သည် သန့်ရှင်းစင်ကြယ်မှုကို နှစ်သက်သည်။ မသန့်ရှင်းသော အရာဟူသမျှကို ကိုယ်ခန္ဓာမှ စွန့်ထုတ်ပစ်လေ့ရှိသည်။ မျက်စိမှ မျက်ရည်၊ မျက်ချေး၊ နှာခေါင်းပေါက်မှ နှာရည်၊ နှုပ်ချေးဖတ်၊ နားမှ နားဖာချေး၊ ပါးစပ်မှ တံထွေး၊ သလိပ်စသည်ဖြင့် လူ၏ဒွါရကိုးပေါက်မှ ထွက်သမျှသည် ပြန်လည် အသုံးချရန်၊ နှစ်သက်ရန်ပစ္စည်း တစ်ခုမျှ မရှိချေ။ ကျင်ကြီး၊ ကျင်ငယ်အပါအဝင် စွန့်ပစ်သမျှသည် အသုံးမဝင်သော အညစ်အကြေး တို့သာလျှင် ဖြစ်ပါသည်။

လူ၏ရုပ်ခန္ဓာသည် ဤကဲ့သို့ အညစ်အကြေးများကိုသာ အသက်ရှိနေသမျှ ကာလ ပတ်လုံး စွန့်ထုတ်နေစမြဲတည်း။

ဤသို့ဆိုလျှင် လူသားသည် မွန်မြတ်သော၊ သန့်စင်သောအရာများ လောကကို မပေးပြီးလော။

လူသည် အခြားလူသားများ အပါအဝင် လောကကို ကောင်းကျိုးပြုရန် မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားတို့ကို မျှဝေသည်၊ ဖြန့်ဝေသည်။ လူသားတို့ကောင်းကျိုးကို ဆောင်တက်သည်၊ လောက၏အကျိုးကို ဆောင်လေ့ရှိသည်။ ထို့ကြောင့် ထိုတရားလေးပါးသည် လူသားထံမှ ထွတ်ပေါ်သော အမွန်အမြတ် အပြုအမူ ရတနာများ ဖြစ်ပေသည်။

အကြင်လူသားတစ်ဦးသည်၊ ရုပ်ဝတ္ထုအားဖြင့်လည်း ဒွါရကိုးပေါက်မှ အညစ် အကြေးများကို စွန့်ထုတ်၏။ ထို့ပြင် လောကပတ်ဝန်းကျင်ကိုလည်း လောဘ၊ ဒေါသ၊ မောဟတို့ဖြင့် ဖျက်ဆီးပူလောင်စေပြန်၏။ ထိုသူသည်ကား အသိဉာဏ်ရှိသူပီပီ လောကကို တစ်စုံတစ်ခုအကျိုး ပြုပေးနိုင်ရန် ကြိုးစားအားထုတ်အပ်ပါသည်။

အချို့လူတို့သည် မေတ္တာတရားပြည့်ဝသည်၊ သည်းခံခွင့်လွှတ်သည်၊ ကူညီသည်၊ အားပေးသည်၊ ဖေးမသည်၊ ပျော်ရွှင်အောင်၊ အားတက်အောင် အဖော်လုပ်ပေးသည်။

အချို့လူတို့သည် ဒေါသတရားကြီးမားသည် ခက်ထန်သည်၊ မောက်မာသည်၊ အမျက်ပြင်းသည်၊ အာဃာတထားတတ်သည်၊ အမုန်းအညှိုးကြီးသည်၊ လက်စားချေ တက်သည်၊ လောကကိုဖျက်ဆီးရန် အားသန်တက်သည်။

စင်စစ်မူ လူသားသည် ဤကမ္ဘာမြေ၏ ရေထု၊ မြေထု၊ လေထုကိုအမှီပြုကာ အသက်ရှင်ရပ်တည် နေထိုင်သည်။ မိမိတို့ကိုယ်ခန္ဓာမှ ရုပ်အညစ်အကြေး အမျိုးမျိုးကို စွန့်ထုတ်ခဲ့ပြီ။ ဤကမ္ဘာလောကကို ကျေးဇူးတင်သောအားဖြင့် ကောင်းသောအပြုအမူတို့ ပြုလုပ်အပ်ပါသည်။

ဒေါသကိုပယ်ခွာ မေတ္တာဖြင့် ပြုမှုမည်။
လောဘကိုပယ်ခွာ ဒါနဖြင့် ပြုမှုမည်။
မောဟကိုပယ်ခွာ ပညာဖြင့် ပြုမှုမည်။

ထိုအခါလောက ဤကမ္ဘာသည် လှပရှည်ကြာစွာ တည်တံ့ခိုင်မြဲပါလိမ့်မည်။ အကယ်၍သာ လူသားတို့က လောဘ၊ ဒေါသ၊ မောဟလွန်ကဲနေပါက ရုပ်အညစ်အကြေးနှင့် စိတ်အညစ်အကြေးတို့ကြောင့် ကမ္ဘာမြေသည် အရုပ်ဆိုး အကျည်းတန်စွာ ပျက်သုဉ်းဖွယ်ရာ ရှိပါသည်။

စာဖတ်သူများသည် လောကကို အလှဆင်နိုင်ကြပါစေ။

ဒို့ကျေးရွာဂျာနယ်

E-book is created shanyoma

E-book is created shanyoma

(၁၄)
အကကောင်းရခြင်း

'စေတနာကောင်းလျှင် ကံကောင်းသည်' ဟူသောအချက်ကိုကြားဖူးသည့် အချိန်မှစ၍ နှစ်သက်လက်ခံသည်။ စေတနာကောင်းလျှင် ကံကောင်းကြောင်း အဖြစ်အပျက် အထောက်အထားတွေလည်း များစွာတွေ့ရသည်။ စေတနာကောင်းလျှင် ကံကောင်းမည် ဟူသောခေါင်းစဉ်ဖြင့် ဟောပြောပွဲများတွင် ကျွန်တော်ဟော ပြောလေ့ရှိခဲ့ပါသည်။ ပြစရာသာဓကအဖြစ်မှန်ဇာတ်လမ်းတွေလည်း ပေါများလှသည်။

မြန်မာဇာတ်သဘင် ခေတ်ကောင်းစဉ်က ဇာတ်ဆရာရွှေမန်းတင်မောင်သည် နိုင်ငံတစ်လွှား ပြိုင်စံရှားသော ပထမတန်းဇာတ်မင်းသားဖြစ်လေသည်။ အလင်္ကာကျော်စွာဘွဲ့လည်း ရရှိခဲ့လေသည်။ နိုင်ငံတော်အစိုးရ၏ ရွေးချယ်စေလွှတ်ချက်အရ သူက အနောက်နိုင်ငံများသို့ ယဉ်ကျေးမှုဆိုင်ရာ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ရသည်။ သူသည် အတန်းပညာအဆင့်အရ အထက်တန်းကျောင်းလည်း မရောက်ခဲ့ဖူးချေ။ ငယ်စဉ်အခါက မင်းသားအဖြစ် ခေါင်းဆောင်ပြီး ကပြခဲ့ရ၏။ မည်သို့ပင်ရှိစေ ဘုန်းကြီးကျောင်းသားအဆင့်မှနေ၍ စာအုပ်စာပေကို အဖော်ပြုကာ စာများများဖတ်ခြင်းဖြင့် သူက မိမိကိုယ်ကို ပျိုးထောင်မြှင့်တင်သည်။ ထက်သန်စွာ ကြိုးစားလုံ့လစိုက်ခဲ့သည်။ ဆရာသုမောင်ရေးသော "အဖေကြီးတီးတဲ့ ရွှေကြေးစည်"ဟူသောဝတ္ထု၌ ဇာတ်မင်းသားရွှေမန်းတင်မောင်သည် နေ့ခင်းတစ်ခုတွင် ဇာတ်စင်ပေါ်မှ အဝေးသို့ လှမ်းမျှော်ကြည့်သော် နေပူကျဲကျဲအောက်၌ ရိုးပြတ်လယ်ကွင်းပြင်ကိုဖြတ်လျက် ဖုံလုံးတစ်ထောင်းထောင်းနှင့်ပွဲခင်းဇာတ်ရုံသို့ တရွှေ့ရွှေ့လာနေကြသော တောလက်ကျေးရွာမှာ လှည်းတန်းကြီးကို မြင်ရကြောင်း၊ ထိုမြင်ကွင်းကို ငေးစိုက်ကြည့်ရင်းမှ ရွှေမန်းတင်မောင်က မင်းသမီးအောင်သန်းတင်အား "ငါ့နှမရယ် ကြည့်စမ်းပါဦးကွယ်၊ ငါတို့ကို ဒီညကြည့်ဖို့အားပေးဖို့ ကြိုးစားပမ်းစားလာကြတဲ့ တို့ရဲကျေးဇူးရှင်တွေကွဲ့။ တို့ကို ထမင်းကျွေးနေတဲ့ ပရိသတ်တွေဟဲ့။ လာကွယ် နင်နဲ့ငါနဲ့ ဒီကနေပြီး ဦးချ ကန်တော့ကြရအောင်'ဟုဆိုကာ စိတ်မှရည်မှန်းပြီး ပူဇော်ကြကြောင်း၊ အကယ်ဒမီရုပ်ရှင်မင်းသား ဦးညွှန့်ဝင်းက ပြန်လည်ပြောပြကြောင်း ဖတ်ခဲ့ရဖူးသည်။ ပရိသတ်ကို အလေးထားသည်။ လေးစားသည်။ ရိုသေညွှတ်တွား ဦးထိပ်ထားကြောင်း ထင်ရှားသည်။

ရွှေမန်းတင်မောင် အကကောင်းသည်။ အကကောင်းသည်ဟု တစ်နိုင်ငံလုံးကပွဲကြည့်ပရိသတ်တွေက အသိအမှတ်ပြုရခြင်းမှာ ရွှေမန်းတင်မောင်သည် မညာတမ်း၊ မညာတမ်း ကပြလေ့ရှိကြောင့်ပင်ဖြစ်၏။ ရွှေမန်းတင်မောင်၏ ကြိုးစားမှုဝီရိယကို ကြည့်ပါ။

သူငယ်တော်အက သူကပြမည်။ ဆိုင်းက အခင်းအဖျိုးတီးလေပြီ။ ကတ္တပါကားလိပ်ကြီးကို မမ,တင်သေး။ ရွှေမန်းတင်မောင်သည် ဇာတ်စင်ဘေးဘက်ရှိ ပုဏ္ဏားကွယ်နောက်

တွင် ဆိုင်းချက် စည်းချက်နှင့်ကနေလေပြီ။

သူကနေတာကို ဘယ်သူမှ မမြင်ရသေးပါ။ သို့ရာတွင် သူက ပရိသတ် မတွေ့မြင်ရသေးမီ အပျိုးအတီး ဆိုင်ကခွင် ခင်းနေသော တီးလုံးနှင့်ပင် ကွေးနေအောင် ကြိုပြီးကနေပါချေပြီ။

သူငယ်တော်အကအတွက် ဆိုင်းက သွက်သွက်တီးလေပြီး။ ရွှေမန်းတင်မောင်သည် ကားလိပ် မ,မတင်မီ ပုဏ္ဏားကွယ်နောက်ပိုင်း ဆိုင်းချက်၊ စည်းချက်နှင့် ကနေလေပြီးသားမို့ ကားလိပ်ကြီးလည်း မဖွင့်လိုက်ရော အဟုတ်ဖြင့် ပြေးထွတ်လာကာ ခုန်ပေါက်ကနေသော မင်းသားရွှေမန်းတင်မောင်ကို ပွဲကြည့်ပရိသတ်က မြူးရွှင်အံ့သြစွာဖြင့် မျက်တောင်မခတ်ဘဲ ကြည့်ကြရပါတော့သည်။ ရင်ထဲ အသည်းသို့ ထာဝရစွဲစေပြီပေါ့။

ဇာတ်ကားမဖွင့်မီ ထိုင်နေလည်း ရပါသည်။ သူ မင်းသား။ ရပ်နေလည်း ရပါသည်။ မည်သူကမျှ အပြစ်မဆိုလောက်ပေ။ လမ်းလျှောက်နေလျှင်တောင် ဘာမှမပြော။ သူက ဇာတ်ဆရာ မဟုတ်လား။ သူ့ကို မည်သူကမျှ ဆရာ လုပ်မည့်သူမရှိ။ သို့သော်. . .

ဇာတ်ဆရာရွှေမန်းတင်မောင်သည် ခေါင်းဆောင်မင်းသားပီပီ သူ့တစ်ဖွဲ့လုံးကို လုံ့လဝီရိယအရာ၌ စံနမူနာပြသ၍ ခေါင်းဆောင်မြဲဖြစ်၏။ ကားလိပ်ကြားထဲမှာတည်းက ခုန်ပေါက်ပြီး အာရုံသွင်းကနေသော မင်းသားမှာ အဟုန်အပြင်းဘဲ ဘယ်မှာရှိပါမည်နည်း။ မလှဘဲ၊ မကောင်းလဲ ဘယ်နေပါမလဲ။

စေတနာကောင်းလျှင် ကံကောင်းသည်။ ထက်သန်သော စေတနာကြောင့် သူ့နာမည် ပရိသတ်ရင်ထဲတွင် စွဲနေရတော့သည်။

ချစ်နိုင်(စိတ်ပညာ)
ပန်းစွယ်တော်ဂျာနယ်

E-book is created shanyoma

E-book is created *shanyoma*

(၁၅)

ပင်းတယမြို့နယ်
ကျုံးရွာနှင့်ပွေးလှ

ညခရီးသွား

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလတို့မှာ မြစ်ဝကျွန်းပေါ်ဖျာပုံခရိုင်၊ ရန်ကုန်တိုင်း မှော်ဘီ၊ လှည်းကူးမြို့နယ် ဖောင်ကြီးနှင့်ပြင်ဦးလွင်၊ ဇီးပင်ကြီးတို့ကို ခရီးထွက်ခဲ့ရသည်။ မတ်လအတွင်း ဂျပန်ပြည် တိုကျိုမြို့တော်သို့ ဆွေးနွေးပွဲတစ်ခုသို့ သွားရောက်တက်ခဲ့ပါသည်။ မတ်လ(၃၁)ရက်တွင် မိမိသည် ကလောမြို့နယ်သို့ ရောက်ရှိနေပေပြီ။ မနေ့ညက နေပြည်တော်-မြို့မဈေးရှိ အဝေးပြေးကားဂိတ်မှ နေပြည်တော်-တောင်ကြီး နေ့စဉ်ပြေးဆွဲသော ပအိုဝ့်ရတနာဘီအမ်ဘတ်(စ်)ဖြင့် မိမိတို့ တစ်ညလုံး စီးနင်းလိုက်ပါခဲ့ပါသည်။ အစိုးရက ပေးထားသောကားကိုမစီးရခြင်းမှာ ဆီချွေတာခြင်းလည်းပါသည်။ ပြည်သူအများထဲသို့ ရင်းနှီးစွာ ထိတွေ့တိုးဝင် လေ့လာခြင်းလည်းပါသည်။ ပြည်သူ့ဘဝ လေ့လာရေးအဖြစ် ပြည်သူတွေသွားလာလှုပ်ရှားပုံကို သူတို့ကြားမှာ အတူနေမှသိမြင်ရမည်။ အဝေးကပဲ ငုံ့ကြည့်နေလျှင် အမှန်မမြင်နိုင်။

အသက်ခြောက်ဆယ်နီးပြီမို့ ခရီးကြမ်းလျှင် ပင်ပန်းသည်။ စစ်သည်တော်ဘဝက ဒေါင်ကျကျ၊ ပြားကျကျ မညည်းမငြူဖြတ်သန်းနေကျမို့ တစ်ညအိပ်ရေးပျက်သည်လောက်မမှုပါ။ ဟော. . . သာယာကြည်လင်သော ကလောမြို့ကို လျှောက်ကြည့်ရတော့ လန်းဆန်းသည်။ ၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ဤမြို့မှာနေရင်း နိုင်ငံခြားခရီး အရှေ့တောင်အာရှနိုင်ငံတစ်ခုသို့ ပညာသင်တစ်နှစ်သွားရသည်။ ပြန်လာတော့ ရာထူးတက်သည်။ ထို့နောက် ရန်ကုန်သို့ ပြောင်းရွှေ့ရသည်။ ဤမြို့က မိမိဘဝကို ကောင်းကျိုးပေးသော မှတ်တိုင်များ ရရှိစေခဲ့သည်။ ကလောမြို့ကို ချစ်ခင်သည်။ ကလောမြို့ကို သံယောဇဉ်ရှိသည်။ ကလောမြို့သို့ မိမိတို့ ကျေးဇူးတင်သည်။ ကလောမြို့ခံလူသားများသည် ရိုးသား၍ သဘောကောင်းကြပေသည်။ ရောင့်ရဲ၍ အေးဆေးကြသည်။

ထင်းရှူးမြိုင်

မတ်လ ၃၁ စနေ့နေ့ နံနက်ခင်းတွင် ကလောမြို့ဈေးနှင့်ပတ်ဝန်းကျင်၊ ကလောဘူတာနှင့် အနီးနားပတ်ဝန်းကျင် လမ်းလျှောက်ပြီး ကြည့်ရှုလေ့လာသည်။ လွန်ခဲ့သော ဆယ့်ငါးနှစ်ကာလ၌ စာရေးဆရာဒဂုန်တာရာသည် အဖော်တစ်ဦးဦးနှင့် ဈေးအရှေ့ဘက်ရပ်ကွက်မှ ဤလမ်းအတိုင်း ကလောဘူတာဆီသို့ နံနက်ခင်းများတွင် လမ်းလျှောက်လေ့ရှိသည်။ ကလောဟိုတယ်နားရောက်တော့ စာရေးဆရာကျော်အောင်၊ မောင်စိန်ဝင်း(ပုတီးကုန်း)ရေးသားသွားခဲ့ကြဖူးသည်ကို သတိရမိသည်။ ကလောပတ်ဝန်းကျင်ရှိ ထင်းရှူးတောများ၊ တောင်

ကုန်းများ၊ တောတန်းလေးများကို နောက်ခံထားလျက် ရှုပ်ရှင်မင်းသား၊ ဒါရိုက်တာကျော်ဆွေက စောရမင်းသား၊ ချစ်မေတ္တာစသော ဇာတ်ကားများကို ရိုက်ကူးခဲ့သည်ကိုလည်း အောက်မေ့သည်။ ဆရာကျော်အောင်၏ဝတ္ထုကို ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ မြင့်မြင့်ခင်၊ ဗိုလ်ဗကို၊ ဦးကျောက်လုံးတို့ပါဝင်သော "ချွေးနှင့်သွေးနှင့်ရင်းသည့်မြေ" ရုပ်ရှင်ဇာတ်ကားသည်လည်း ကလောတစ်ဝိုက်နောက်ခံထားကာ ရိုက်ကူးခဲ့ခြင်းဖြစ်ပါ၏။

ကလောမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် ဗိုလ်မှူးကြီးလှအောင်(အငြိမ်းစား)က ဥက္ကဋ္ဌ၊ သတင်းထောက်ဦးစိန်ဝင်းက အတွင်းရေးမှူး၊ မိမိကအဖွဲ့ဝင်၊ အခြားဦးစိန်ဝင်းက အတွင်းရေးမှူး၊ မိမိက အဖွဲ့ဝင်၊ အခြားလေးဦးနှင့်နှစ်စဉ်စာပေဟောပြောပွဲ ဖြစ်မြောက်အောင် ကြိုးစားခဲ့ကြဖူးသည်။ ရန်ကုန်မှ နာမည်ကျော်စာရေးဆရာများ မရလျှင် မိမိတို့ကိုယ်တိုင် ကလောအထက(၁)၊ အထက(၂)များသို့ သွားရောက်ပြီး စာပေဟောပြောပွဲ စာဆိုတော်နေ့ ဂုဏ်ပြု အခမ်းအနားများ ပြုလုပ်ခဲ့ကြသည်။

စာဖတ်ခြင်းကျေးလူး

ရပ်စောက်ဗထူးမှ ကလောသို့ နည်းပြဗိုလ်မှူးဘဝတွင် ပြောင်းလာစဉ် သမီးနှစ်ယောက်သည် အလယ်တန်းကျောင်းသူလေးများဖြစ်ကြသည်။ ကလောတွင် အထက်တန်းကျောင်းသူဖြစ်လာသည်။ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးအသီးသီးဖြင့် အောင်မြင်ခဲ့ကြသည်။ ယခုမူ သမီးကြီးက ဝိဇ္ဇာဘွဲ့ အင်္ဂလိပ်စာအပြင် အသုံးချစိတ်ပညာ (Social works) ဒီပလိုမာနှင့်စီးပွားရေးတက္ကသိုလ်မှ ပြည်သူ့စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးပညာ ဘွဲ့သင်တန်းပင်ပြီးခဲ့ပြီ။

သမီးငယ်က ဆရာဝန်ဘွဲ့ရခဲ့ပြီး သူနာပြုတက္ကသိုလ်တွင် နည်းပြဆရာမ လုပ်နေပြီ။ အငယ်ဆုံးဖြစ်သည့်သားက သိပ္ပံဘွဲ့ရခဲ့ပြီးပြီ။ အလုပ်ခွင်တော့ မဝင်ရသေး။ မိမိ၏ဇနီးက လည်း ကလောမြို့ရုံးမှာပင် ဝန်ထမ်းလုပ်ခဲ့၏။ မြို့ကျဉ်းကျဉ်းတွင် တစ်ယောက်အကြောင်း တစ်ယောက်မစိမ်းကြ။ အများအားဖြင့် အကောင်းအဆိုး ယေဘုယျ သိမြင်နေခဲ့ကြသည်။ ကလောမြို့သည် ခင်မင်စရာကောင်းသည်။ နေချင်စရာ ကောင်းပါသည်။

၃၁-၃-၂၀၀၇ (စနေနေ့) နေ့လည် တစ်နာရီတွင် ရုံးသစ်အဖြစ် ဖွင့်လှစ်သော ကလောမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးအဆောက်အအုံသည် ကလောဘူတာရှေ့တွင် တည်ရှိသည်။ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က ဖဲကြိုးဖြတ်လျှက် ဖွင့်လှစ်ပေးကြသည်။ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်လူထုများ၊ ကြက်ခြေနီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောက်ရှောက်ရေးစသော အသင်းအဖွဲ့များ စုံညီခမ်းနားစွာ တက်

E-book is created shanyoma

E-book is created shanyoma

ရောက် အားပေးကြသည်။ ဝမ်းသာအားရ စာကြည့်တိုက်အတွင်း လေ့လာကြည့်ရှုကြသည်။ ရေးသားသော ကိုယ်တိုင်ရေးဝတ္ထုပ္ပတ္တိမှတ်တမ်းစာအုပ်မျိုးတွေလည်း ရှိကြပေသည်။ ဝတ္ထု၊ ကဗျာ၊ စာပေရေးရာ၊ ခရီးသွား၊ သမိုင်းစသည့်စာအုပ်အမျိုးစုံကို မည်သူမဆို အခမဲ့ ငှားရမ်းဖတ်ရှုနိုင်လေသည်။ စာကြည့်တိုက်ကို အသုံးချသူများသည် အောင်မြင်မှုကို အသုံးချသူများသည် အောင်မြင်မှုကို အလွယ်တကူရရှိသွားကြသည်။ စာအုပ်စာပေဟူသော မိတ်ဆွေ မိတ်ကောင်းတို့နှင့် ပေါင်းဖော်ယှဉ်တွဲရသဖြင့် အကြံကောင်းဉာဏ်ကောင်း နည်းလမ်းစနစ်များရရှိကာ ဘဝခရီးဌ် အောင်မြင်မှုနှင့်ပျော်ရွှင်မှုကိုရကြ၏။ ရုပ်လှချင်လျှင် မှန်ကိုကြည့်၊ ဘဝလှချင်လျှင် စာကိုကြည့်ဟု ပညာရှိတို့ဆိုခဲ့ကြ၏။

စာအုပ်ထဲမှ ရသက မိမိကို ပျော်ရွှင်လန်းဆန်းစေ၏။ သုတနှင့်ရသသည် လူ့အရည်အသွေးကို မြှင့်တင်ပေ၏။ ဘဝ၏ရည်မှန်းချက်မှာ တန်ဖိုးရှိရေးနှင့် ပျော်ရွှင်သာယာရေးပင် မဟုတ်ပါလား။ စာပေများ စုဝေးထားသောရေးပင် မဟုတ်ပါလား။ စာပေများ စုဝေးထားသောစာကြည့်တိုက်သည် ဝေးဝေးရှောင်ဖယ်နေရမည့်အရာမဟုတ်။ ဘဝကို လှပအောင် ထောက်ကူပေးသည့်အလုပ်ရုံတစ်ခုဖြစ်၏။ မိမိတို့မိသားစုသည် ကလောမြို့ရှိ စာကြည့်တိုက်မှ စာအုပ်များစွာကို အခမဲ့ငှား၍ တစ်ခါက ဖတ်ရှုခဲ့ကြဖူးသည်။

ကလောမြို့ ပြန်ကြားရေးရုံးသစ်ဖွင့်ပွဲကို တက်ရောက်အားပေးခွင့်ရခြင်းအား ဤပြန်ကြားရေးစာကြည်တိုက်လေး၏ လွန်ခဲ့သော ၁၅ နှစ်ကာလဆီက သူ့ကျေးဇူးကို အမှတ်တရ အသိအမှတ်ပြုကာ အားပေးရာရောက်၏။ စာရေးသူသည် အခမဲ့ ပြန်ကြားရေး စာကြည့်တိုက်များ၏ ကျေးဇူးကို ထုတ်ဖော်ရေးသား ဟောပြောကြသည့် ကဗျာဆရာမင်းယုဝေ၊ စာရေးဆရာဒေါက်တာတင်ထွန်းဦး၊ စာရေးဆရာကိုမြတ်တို့ကို ကျေးဇူးတင်မိပါသည်။ ယခုအခါတွင် နိုင်ငံတော်က စာအုပ်နှင့်အဆောက်အအုံ၊ ပရိဘောဂ၊ ဝန်ထမ်းများ ထောက်ပံ့သော ပြန်ကြားရေးမြို့နယ်စာကြည့်တိုက်များသာမက ကျေးရွာများအားလုံးတို့၌ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည်တိုက်များလည်း အသီးသီး ထူထောင်ဖွင့်လှစ်ထားကြပြီ။ နိုင်ငံအဝန်း၌ စာကြည့်တိုက်ပေါင်း ငါးသောင်းကျော်နေပြီ။ ကြီးမားသော အောင်မြင်မှုဖြစ်ပါသည်။

အရည်အချင်းသို့ ကူးပြောင်းရေး

သို့ရာတွင် အရေအတွက်တော့ မှန်သည်။

ဆက်လက်ပြီး အရည်အသွေးမြှင့်တင်ပေးရန်တော့ လိုသေးသည်။

မှန်၏။ ယခုခေတ်သည် အရည်အသွေးက အရေးကြီးသော ခေတ်ကာလဖြစ်သည်။ လူများသော်လည်း ပွဲမစည်သကဲ့သို့ ကျေးရွာစာကြည်တိုက်တွေ အရေအတွက် ငါးသောင်းကျော်ရှိသော်လည်း ၂၀၀၇ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ ပြည့်ပြည့်ဝဝ ခိုင်မာသော စာ

ကြည့်တိုက်ဟူ၍ကား ၁၈၀၀၀ (တစ်သောင်းရှစ်ထောင်ကျော်)သာ တိတိကျကျ စစ်ဆေးတွေ့ရှိရပေသည်။ ထို့ကြောင့် ဦးရေမျှသာ ဖြစ်နေကြသေးသော ကျန်စာကြည့်တိုက်ပေါင်းလေးသောင်းတည်ရှိရာ ထိုကျေးရွာများအထိ အားပေးဖို့လိုနေသည်။ အောင်မြင်နေသော ခိုင်မာရှင်သန်သည့်ကျေးရွာစာကြည့်တိုက်ကို ကိုယ်တိုင်ထိတွေ့လေ့လာကြည့်ရမည်။ အဘယ်ကြောင့် ဤကဲ့သို့ အောင်မြင်ရှင်သန်နေသနည်း? အတုယူရမည်။

စာအုပ်၊ စာကြည်တိုက်မှူး၊ စာဖတ်သူ၊ အဆောက်အဦးပရိဘောဂနှင့်စာကြည့်တိုက်ရန်ပုံငွေဟူသော (Book, Brain, Borrower, Building, Budget) ဘီငါးလုံး မပြည့်စုံ၊ မအောင်မြင်သေးသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ကွင်းဆင်း ကြည့်ရှုစိစစ်သုံးသပ်ရပါလိမ့်မည်။ ဘာလိုနေသလဲ၊ ဘာကြောင့် မပြည့်စုံရသေးသလဲ၊ ဘယ်လိုဆောင်ရွက်ပေးမှ ပိုမိုအသက်ဝင်လာမလဲ။

ပွင့်လင်းစွာ အဖြေရှာ၍ ပြုပြင်၊ ဖြည့်ဆည်းကြရမည်။ အပြစ်ရှာရန် မဟုတ်။ အပြစ်တင်ခြင်းများသည် အဖြေမဟုတ်။ ကောင်းကျိုးရလဒ်ပေးနိုင်သည်ကား စေတနာပါသောအလုပ်။

ကျေးရွာသို့

စာရေးသူသည် ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ တောင်ကြီးခရိုင်ဦးစီးအရာရှိ ဦချိုမောင်၊ ပင်းတယဦးစီးမှူးဦးသန့်ရှင်းမောင်တို့နှင့်အတူ (၃၁-၃-၂၀၀၇) စနေနေ့တွင် ကလောမြို့မှ ပင်းတယမြို့နယ်အတွင်းရှိ ကျေးရွာနှင့်ပွေးလှကျေးရွာတို့ကို သွားရောက်ခဲ့ကြ၏။ ပန်းခြံကားဆန်စွာလှပသော ရှုခင်းမြင်ကွင်းများရှိကြသည်။

ကလောမှ အောင်ပန်း(၇)မိုင်၊ အောင်ပန်းမှ ကျေးရွာသို့ (၁၂)မိုင်၊ ကျေးရွာမှ ပွေးလှသို့ (၁၀)မိုင်။ မဝေးပါ။ မနေ့ညက နေပြည်တော်မှ ကလောအထိ မိုင်နှစ်ရာနီးပါး ခရီးလာခဲ့ပြီးသား။ အောင်ပန်းမှ ပင်းတယကြား ကားလမ်းဘေးမှာပင် ရှိကြသော ပအိုဝ်ကျေးရွာများ ဖြစ်ကြပါသည်။ ပအိုဝ်၊ ဓနု၊ ပလောင်၊ ရှမ်း၊ မြန်မာ တောင်ယာစိုက်ပျိုးကြသည်။

ကျေးရွာသို့ ညနေ (၄)နာရီခန့်တွင် ဆူပါရူကားဖြူတစ်စီးနှင့်ကျွန်တော်တို့ ရောက်ရှိသွားသည်။ ကျေးရွာစာကြည့်တိုက်ကိုရောက်သည်။ သွပ်မိုးအုတ်ကာ၊ ရွာလယ်မှာ သီးသန့်အဆောက်အအုံနှင့် ပညာသုတပန်းခင်းစာကြည့်တိုက်ကို တွေ့ရပါ၏။ စာအုပ်ပေါင်း ၆၀၀ ကျော်ရှိသည်။ စားပွဲ၊ ကုလားထိုင်၊ စာအုပ်၊ ဘီဒို၊ လူအစိတ်အသုံးဆယ်ထိုင်၍ စာဖတ်နိုင်ပါသည်။ စာကြည့်တိုက်မှူး ဒေါ်သန်းသန်းမြင့်ဖြစ်သည်။ လူငယ် လူလတ်အရွယ်ပင်ဖြစ်သည်။ စာကြည့်တိုက်ကော်မတီ ရှိသည်။ ကျေးရွာဥက္ကဋ္ဌ ဦးတူးကိုလည်း တွေ့ရသည်။ တက်ရောက်လာကြသော လူကြီးလူငယ်ငါးဆယ်ကျော်ကို စာဖတ်ကြရန် ဟောပြော တိုက်တွန်းသည်။ ငွေးသားတစ်သောင်း၊ ရေဒီယိုတစ်လုံး(အလှူရှင်မှာ ဒုရဲအုပ်ဦးဝင်းနိုင်) တီဗီတစ်လုံး စသည်

E-book is created shanyoma

E-book is created shanyoma

ဖြင့် ရပ်ရွာထဲက စေတနာထက်သူများက လှူဒါန်းကြသည်။ လက်ခုပ်တီး၍ အားပေးရင်း စာဖတ်ကြရန် အနည်းငယ်ဆွေးနွေးပါသည်။

ဘယ်စာအုပ်တွေကြိုက်ကြသလဲ မေးသောအခါ ရတနာပန်းခင်းမဂ္ဂဇင်းနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းများကို ကြိုက်နှစ်သက်ကြသည်ဟု ဖြေကြသည်။ စာကြည့်တိုက် ပေါ်ပေါက်လာသည်မှာ (၆)နှစ်သာရှိသေးသည်။ ရပ်တည်ရှင်သန်နေပြီကို အကဲခတ်မိပါသည်။ အရှိန်အဟုန်ကောင်း မရလှသေးပေ။ စာဖတ်သက်နုကြသေးသည်။

ပွေးလှ၊ တစ်ခါကမြို့

ပွေးလှရွာ ပညာပျိုးခင်းစာကြည့်တိုက်ကား အားရစရာကောင်းအောင် အကျိုးပြုစွမ်းအားကြီးမားစွာ အောင်မြင်နေသည်ကို ကိုယ်တွေ့မြင်ခဲ့ရပါသည်။ ပွေးလှသည် မြို့ဟုပင် ရှေးမင်းများခေတ်က သတ်မှတ်ခဲ့ကြသည့်မြို့ဟောင်းပီသသည်။ အိမ်ခြေလည်းများသည်။ စီးပွားရေးလည်းချောင်လည်ကြသည်။ တွဲဖက်အထက်တန်းကျောင်းလည်းရှိသည်။ ပညာရေးကိုလည်း အားပေးကြသည်။ မနှစ်က တက္ကသိုလ်ဝင်သင်တန်းစာမေးပွဲ အောင်ချက်လည်းကောင်းသည်။

ရွာလယ်မှာ စျေးရှိသည်။ ပင်းတယမြို့နယ်အတွင်းစည်ကားသော ငါးရက်တစ်စျေး၊ စျေးမြို့ဖြစ်ပါသည်။ ကျောင်းအုပ်ဆရာမကြီးစသော ဘွဲ့ရများ၊ ဗိုလ်မှူးစသော တပ်မတော် အရာရှိများ၊ ပွေးလှရွာမှ ပညာတတ်ပုဂ္ဂိုလ်တွေအဆက်မပြတ် ပေါ်ထွတ်လျက်ရှိသည်။ ပွေးလှကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ထူထောင်ခဲ့ကြသည်မှာ ၆ နှစ်ရှိပြီး ၂၀၀၁ ခုနှစ်မှာ စုပေါင်းတည်ထောင်ခဲ့သည်။ စာအုပ်ပေါင်း ၄၀၀၀ ကျော်ရှိသည်။ စနစ်တကျ ထိန်းသိမ်းနိုင်ကြကြောင်း တွေ့ရသည်။ မြို့နယ်စာကြည့်တိုက်တစ်ခုပမာ စာဖတ်သူ၊ စာဌားသူများ စာရင်းဇယားနှင့်ရှိထားသည်။ စာအုပ်ငွေကြေး၊ ဘာသာပြန်စာပေ၊ စာအုပ်ကောင်းတွေလည်း စုံလင်စွာရှိကြောင်းတွေ့ရသည်။

ခေတ်မီသည်

၃၁-၃-၂၀၀၇ (စနေနေ့)ညနေမှာပင် မိမိတို့ ရောက်ရှိချိန်၌ ရုပ်မြင်သံကြားပြစက်တစ်လုံး၊ စလောင်း ရုပ်သံဖမ်းစက်တစ်လုံး၊ ငွေသား ၅ သောင်း အလှူရှင်တစ်ဦးနှင့် စာအုပ်လှူဒါန်းကြသူများ ၁၀ ဦးခန့်က ပွေးလှကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ လှူဒါန်းပွဲကျင်းပပါသည်။ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှစိန်၊ စာကြည့်တိုက်မှူးဦးမောင်မောင်ကျစ်၊ ဆရာ/ဆရာမများ အလှူရှင်များ စာပေဝါသနာရှင်များ တက်ရောက်ကြပေသည်။ အဆောက်အဦးပရိဘောဂ၊ စာအုပ်၊ ဖတ်သူ၊ ရန်ပုံငွေနှင့် ကြီးကြပ်သူဟူသော ပဋ္ဌာန်အနားညီသဖြင့် ပွေးလှစံပြကျေးရွာမှ စာကြည့်တိုက်သည် စံပြုအတုယူ

ထိုက်ပါပေသည်ဟု အောက်မေ့ပါသည်။ ဤနယ်တစ်ဝိုက်မှာ နာမည်ကျော်သော ပွေးလှပဲ ကပ်ကြော်ကိုဝါးရင်း ပင်းတယလက်ဖက်ခြောက် မွှေးသောရေနွေးကြမ်းနှင့်မြီးရင်း ကျေးရွာ လူကြီးများပြောပြသောစာကြည့်တိုက်၊ စာကြည့်တိုက်များ ရှင်သန်အောင် ၆ နှစ်တာခရီး သူတို့ ရုန်းကန်ထူထောင်ခဲ့ကြပုံကို နားထောင်၍မဝ။ ကောင်းလေစွ၊ ကောင်းလေစွ။

ဘာသာရေးစာအုပ်တွေလည်း ပွေးလှရွာသူရွာသားများက ဖတ်ကြသည်။

လူမှုရေး၊ သမိုင်း၊ ဘောဂဗေဒ၊ ပထဝီ စသည်တွေကိုလည်း စုံလင်အောင် ဖတ်ကြ သည်။ ဒို့ကျေးရွာဂျာနယ်ကိုလည်း စိုက်နည်းပျိုးနည်းသာမက ဆေးမြီးတိုတွေပါသဖြင့် သဘောကျကြောင်းပြောသည်။ ရှေ့ခရီးအနာဂတ်ကို မျှော်ကြည့်လိုက်သော် စာဖတ်သူများ သည် ဗဟုသုတနှင့်ပညာဉာဏ်တွင် သူတကာထက် သာလွန်သဖြင့် အောင်မြင်ထွန်းပေါက် ကြလိမ့်မည်။ မြန်မာပြည်မှာ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းက ဘဝတန်ဖိုး အဆင့်မြင့် မားသည့်လူများ ဖြစ်ကြရပါမည်။ တိုင်းပြည်ဆိုသည်မှာ ဤပြည်သူပြည်သားတွေ ပေါင်း စည်းထားခြင်းပင် မဟုတ်ပါလား။ တိုင်းပြည်တစ်ပြည် တိုးတက်အောင်က နိုင်ငံသား၊ နိုင်ငံသူ တစ်ဦးကို ချစ်ခင်လေးစားစွာ ပျိုးထောင်ကြရမည်။ ဘာမှမခက်ပါ။ ဖိုးသုညများဖြင့် နှစ်ဆယ့် တစ်ရာစု ခေတ်ကြီးထဲမှာ အောင်မြင်စွာ မဖြတ်သန်းနိုင်ပါ။ ဂလိုဘယ်လိုက်ဇေးရှင်း လှိုင်း တံပိုးတွေက ပြင်းထန်ရိုက်ခတ်ကြပါသည်။ အသိဉာဏ်ဗဟုသုတ ပြည့်ဝနေမှ တန်ကာကျ ပေမည်။

နိဂုံး

သူများတွေလည်း ဤနည်းဖြင့်သာ ဖွံ့ဖြိုးခဲ့ကြရာ ဘာမျှ မဆန်းလှပါ။ စာပေထွန်း ကားလျှင် ရွာသူရွာသားတွေလည်း ခေတ်နောက်မကျ။ အတွေးအမြင် မြင့်မားရင့်ကျက်ကြ မည်သာ။

စိတ်ရှည်ရမည်၊ ဇွဲရှိရမည်။ ဤသို့ဆိုလျှင် ဘာပြောစရာလိုမည်နည်း။ အေးချမ်းသာ ယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ကြဦးမည်။

ချစ်နိုင် (စိတ်ပညာ)
၁-၄-၂၀၀၇

E-book is created shanyoma

E-book is created shanyoma

(၁၆)
ဘဝသင်ခန်းစာ

ကလောတောင်ကြီး

တန်ခူးလပြည့်နေ့၊ တနင်္ဂနွေနေ့၊ ဥပုသ်နေ့၊

နွေခေါင်ခေါင်၌ ကလောနှင့်တောင်ကြီးသို့ ရောက်နေရသည်မှာ ကံကောင်းပေစွ။ ကြည်နူးကျေနပ်စရာဖြစ်ပါသည်။ နံနက်စောစောတွင် ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ် ဧည့်ရိပ်သာမှ ထွက်ခွာခဲ့ကြသည်။

အောင်ပန်းသို့ ဝင်ကာနီးမှ အရှေ့ဘက်က နေဝန်းနီနီရဲရဲသည် သစ်ပင်များထိပ် ဖျားမှ ထွက်ပေါ်လာသည်။ ထင်းရှူးနှင့်မြူပါးပါးလေးက အေးမြသောလေထဲမှာ ဝေ့ဝဲနေဆဲ။ ကလော၊ တောင်ကြီးခရီးသည် ရှုခင်းလှသည်။ ကလော၊ ပင်းတယ၊ ရပ်စောက်၊ ဗထူး၊ ရွှေညောင်၊ တောင်ကြီး၊ ဟဲဟိုး၊ အောင်ပန်း ဤနေရာများသည် မွေးရပ်ဇာတိ မြေပမာ ရင်းနှီး ကျွမ်းဝင်ခဲ့ပါသည်။ ဗိုလ်လောင်းသင်တန်း ၁၉၇၂ ခုနှစ်၊ မတ်လ ၂၀ ကဆင်းပြီး နောက် ယခုကဲ့သို့သော ဧပြီလဆန်းစရက်များတွင် ဒုတိယဗိုလ်ဆယ်ယောက်လောက်သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးထံ သတင်းပို့ကြရန် ဤတောင်ကြီး ပင်လုံရိပ်သာတွင် ရောက်ရှိနေသည်။ တိုင်းမှူး ဗိုလ်မှူးထံ သတင်းပို့ကြရန် ဤတောင်သို့ရောက်ရှိသည်။ တိုင်းမှူး ဗိုလ်မှူးကြီးစံကြည် နယ်မြေဆင်း၍ခရီးထွက်နေသဖြင့် ပင်လုံရိပ်သာတွင် စာကလေးများ အမွေးနှူတ်ထားသကဲ့သို့ ကတုံးပြောင်ပြောင် မဲပိန်ပိန်ဗိုလ်သင်တန်းဆင်းစ အရာရှိငယ်များ ဆယ်ရက်ကြာမျှ စခန်းချရသည်။ စာရေးသူတစ်ယောက် အပါအဝင်ဖြစ်သည်။

ယခုကဲ့သို့ပင် ရာသီဥတုက မျှတသာယာသည်။ နွေဟုဆိုသော်လည်း တောင်ကြီးမှာ မပူလောင်။ စိန်ပန်းပြာနှင့်တကွ ပန်းမျိုးစုံက အပြိုင်အဆိုင် ဖူးပွင့်နေကြပြီ။ တောတောင်ဝန်း ကျင်မှာလည်း သစ်ပင်အားလုံး ရွက်နု၊ ရွက်သစ်၊ အညွှန့်အခက်တို့ စိမ်းလန်းသစ်လွင်နေပြီ။ အလှဆုံးပတ်ဝန်းကျင်မြင်ကွင်းကို ရှေးရှေးသော စာဆိုအကျော်တို့သည် ကဗျာဖွဲ့စာဖွဲ့မဆုံး အောင် ရေးသီကုံးခဲ့ကြပါသည်။ မြန်မာပြည်၏အလှဆုံး ဤရာသီ။ ၃၅ နှစ်သောကာလ အတွင်း ကလော၊ တောင်ကြီးဒေသသို့အကြိမ်ပေါင်း၊ အခေါက်ပေါင်း မရေမတွက်နိုင်အောင် ရောက်ခဲ့သည်။ ရောက်သည့်အခါတိုင်း မိခင်၏ရင်ခွင်ကို ခိုဝင်ရသကဲ့သို့ နွေးထွေးကြင်နာ သော ခံစားမှုကို ထိတွေ့ရသည်။ မိမိဘဝတွင် တောင်ကြီး၊ ကလောဒေသသည် မွေးဇာတိ ရေနံမြေမှလွဲလျှင် ခင်တွယ်စရာ ကောင်းသောနေရာတစ်ခုဖြစ်ပေသည်။ ရှေးရေစက်ရှိသည်။

ကားလမ်းခရီး

၃၀-၃-၂၀၀၇ သောကြာနေ့ညဥ့် နေပြည်တော်မှ ကလောသို့ ပအိုဝ်ရတနာ

လိုင်းကား အဝေးပြေးမီနီဘတ်ဖြင့်လာခဲ့ကြသည်။ ကားက ၂၄ ယောက်စာ စီးရမှာဖြစ်သော်လည်း အလယ်ခုံလည်းပါ။ ရပ်သူလည်း ပါ။ တင်၍ရသမျှ လူအပြည့်ပါပေသည်။ နေပြည်တော် မြို့မစျေးဂိတ်သို့ ခရီးသည်များ ညနေ(၆)နာရီခွဲအရောက်ဟုရေးထားသဖြင့် မိမိတို့(၆)နာရီခွဲအရောက်ဟု ရေးသားထားသဖြင့် မိမိတို့ (၆)နာရီ (၁၅)ရောက်သွား၏။ အချိန်တိကျချင်သော မိမိတို့သာလျှင် သူတကာထက် ပိုစောနေ၏။ (၇)နာရီမှ စထွက်ပါ၏။ အဝေးပြေးဂိတ်စခန်းသို့ဝင်ပြီး ကုန်တင်၏။ လူစစ်၏။ (၈)နာရီခွဲမှပဲ ကားက ထွက်ပါတော့၏။ မြန်မာစံတော်ချိန်ပေါ့ဗျာဟု ကားဆရာကကော ခရီးသည်တွေကပါ ဆိုကြပြောကြ၏။ ဂျပန်ပြည်သို့ ခရီး(၂)ခေါက်၊ တရုတ်ပြည်သို့ (၃)ခေါက်ရောက်ဖူးသောအတွေ့အကြုံအရ သူများတိုင်းပြည်များတွင် အချိန်ကို မိနစ်၊ စက္ကန့်အထိ တိကျစွာ လေးစားလိုက်နာကြသည်ကို တွေ့မြင်ခဲ့ရသည်။ အချိန်ကို လေးစားတက်သောအလေ့အထ ရရှိလာကြအောင် မည်သည့်နည်းလမ်းတွေဖြင့် ပြုပြင်ကြရပါမည်နည်း။ စာရေးသူသည် သက်ပြင်းအခါခါချရင်း ကားပေါ်တွင် အိပ်ငိုက်လိုက်ပါခဲ့သည်။

ရာသီဥတု ပူလောင်သဖြင့် ချွေးပြန်ခြင်းကို ဆင်းရဲပင်ပန်းသည်ဟုမထင်။ နိုင်ငံတကာနှင့် တန်းတူယှဉ်နိုင်အောင် လူတွေ၏ အခြေခံအတွေးအမြင်၊ အလေ့အကျင့်များစွာကို ပြုပြင်ပျိုးထောင်ကြရဦးမှာပါတကားဟုစဉ်းစားမိသောအခါ ချွေးစိုရွှဲ စိတ်လည်း ကသိကအောက်ဖြစ်မိသည်။ အချိန်ကို တိကျစွာလေးစားရန် မိမိကိုယ်ကို အသိပေးကြပ်မတ်ရပေမည်။ သင်ခန်းစာယူမည်။

ဖရဲသီး၊ စပျစ်သီး

ည(၉)နာရီခွဲ တပ်ကုန်းမှာ ခေတ္တရပ်နား၍ ကားဆရာတွေ ထမင်းစားကြသည်။ တပ်ကုန်းထမင်းဆိုင်ရှေ့တွင် စပျစ်သီးအည်၊ အဝါ၊ ဖရဲသီး နီနီရဲရဲများ ရောင်းချနေကြသည်။ ခရီးသည်တွေကလည်း ဝယ်စားကြသည်။ ခရီးသည်တွေလည်း ဝယ်စားကြသည်။ ပူအိုက်ပူလောင်သဖြင့် အရည်ရွှန်းသော အသီးအနှံတို့ကို အလွယ်တကူစားရသည်မှာ အဆင့်သင့်သည်။ အရသာလည်း လတ်ဆတ်သဖြင့် ချိုမြိန်သည်။ စပျစ်သီးများမှာလည်း တော်တော်ချိုကြသည်။

လမင်းလင်းထိန်

ညဥ့်အမှောင်ထဲဟု ဆိုသော်လည်း တန်ခူးလဆန်း(၁၃) ရက်လသည် မြူမှုန်မှုန်ကြားမှ လင်းလင်းထိန်ထိန်သာနေသည်။ တိမ်သားကင်းစင်သည်။ ကောင်းကင်တစ်ခုလုံးကြည်လင်နေသည်။ ထို့ကြောင့် ခရီးလမ်းတစ်လျှောက်လုံး လမင်း၏အလင်းရောင်က ကောင်းကင်မှမီးထွန်း၍ လမ်းပြပေးနေသကဲ့သို့ရှိသည်။ ပအိုဝ်ရတနာကားဆရာကလည်း အမောင်း

E-book is created shanyoma

E-book is created shanyoma

ကျွမ်းကျင်သည်။ သဘောသကာယလည်း ကောင်းသည်။ မျက်မှန်နှင့်အသက်(၃၀)အရွယ် လောက်ရှိမည်။ အဝေးပြေးလမ်းမကြီးသည် နေပြည်တော်-မိတ္ထီလာ မိုင်(၁၀၀)၊ မိတ္ထီလာမှ ကလော (၇၅)မိုင်၊ ပျော်ဘွယ်-ယင်းမာပင်ဖြတ်လမ်းမမှ တက်လျှင် မိုင်(၂၀)လောက် သက်သာသည်။ ခရီးမိုင်(၁၅၀)ကျော် တောင်တက်လမ်းကို ၆နာရီကျော်နှင့် ရောက်စေသည်။ ကလောမြို့သို့ရောက်တော့ ၃၁-၃-၂၀၀၇ (စနေနေ့) နံနက်စောစော (၃)နာရီရှိပေပြီ။ ကလောမြို့ကား တိတ်ဆိတ်စွာ အိပ်မောကျနေဆဲ။ ယာဉ်မောင်းသူ ကားဆရာကို ကျေးဇူး တင်ကြောင်းနှုတ်ဆက်လျက် ဝင်းနာဟိုတယ်အနီး ကားပေါ်မှဆင်းကာစောင့်ကြိုနေကြသည့် တောင်ကြီးခရိုင် ဦးစီးအရာရှိဦးချိမောင်၊ ပင်းတယမြို့နယ်ဦးစီးမှူး ဦးသန့်ရှင်းမောင်တို့နှင့် စစ်ဦးစီးတက္ကသိုလ် ဧည့်ရိပ်သာသို့ မိမိချိတက်ပြီး ညအိပ်ကြတော့သည်။ ပင်ပန်းခဲ့သဖြင့် ခေါင်းအုံးပေါ် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားလေသည်။

ကလောစျေး

မတ်လ (၃၁)ရက်နေ့ စနေနေ့၊ နံနက်(၇)နာရီ ကလောစျေးထဲ လျှောက်လည်ကြသည်။ မြန်မာအနုပညာပန်းပု၊ ပန်းချီ၊ ရှေးဟောင်းပစ္စည်းဆန်ဆန် အရုပ်၊ စာအုပ်၊ ဆေးတံ၊ ကြေးစည်စသည်တို့ကို (၂)ဆိုင်၊ (၃)ဆိုင်တွေ့ရသည်။ လွန်ခဲ့သော (၁၅)နှစ်ကျော်က ဤအနုပညာဆိုင်မျိုးမရှိသေး။ ကလော၊ အင်းလေးဒေသသို့ နိုင်ငံခြားခရီးသွား ဧည့်သည်များ ရောက်ခြင်း သိသိသာသာတိုးပွားလာသဖြင့် စျေးကွက်စီးပွားရေးအရ ပေါ်ပေါက်လာခြင်းပင် ဖြစ်မည်။ အကယ်၍သာ (၁၉၉၆ ခုနှစ်) မြန်မာ့ခရီးသွားနှစ်ကဲ့သို့ ဆွဲဆောင်လှုံ့ဆော်ခဲ့ခြင်းမျိုးကို အဖျက်သမားနိုင်ငံရေးအုပ်စုတစ်စုက မနှောက်ယှက် မဖျက်ဆီး၊ မပိတ်ပင်ခဲ့ဘူး ဆိုလျှင် ဆယ်နှစ်ကျော်ကျော် ယနေ့ကာလတွင် ပြည်ပခရီးသည်များ စည်ကားစွာဖြင့် ဒေသခံ ပြည်သူများသည်လည်း နားမျက်စိ ပိုမိုပွင့်လာခဲ့ကြမည်။ အမြော်အမြင်နည်းပါးပြီး ခေါင်းမာသော အဖျက်သမားတို့ကြောင့် မိမိတို့ ဖွံ့ဖြိုးတိုးတက်ရေး ခြေလှမ်းများသည် တစ်ခါတစ်ရံ နှေးကွေးခဲ့ရသည်။ သင်ခန်းစာယူစရာလည်း ကောင်းပေသည်။ စျေးဆိုင်မှ လူငယ်လူရွယ် လေးများက တက်ကြွစွာ မေးသမျှဖြေသည်။ ပြုံးရွှင်ဖော်ရွေသည်။ သူတို့၏ အနာဂတ်သည် ကြည်လင်သာယာပေလိမ့်မည်။ အဖျက်အစုအင်အား နည်းပါးသွားပြီ။

ကလောစျေးထဲမှ ငါးထမင်းနယ်နှင့် တို့ဟူးနှစ်ပြန်ကြော်စားကြသည်။ စျေးဆိုင် အနောက်တောင်ပိုင်းရှိ မပုံ့ပုံ့တို့ဆိုင်မှာ စားသည်။ ငါးထမင်းနယ်လည်း ကောင်းသည်။ ပါးချိုင့်လေးနှင့် ပြုံးပြီးစကားပြောတတ်သော သူတို့ညီအစ်မ၏မျက်နှာကလည်း ချိုသည်။ ဓနုသံဝဲဝဲဖြင့် စားပါဦး၊ ထပ်ထည့်ပါဦး ပျူဌာသောစကားသံကလည်း ခင်မင်စရာ ကောင်းသည်။ လွန်ခဲ့သော ဆယ့်ငါးနှစ်ကာလ မိမိ ကလောမှာနေခဲ့စဉ်က သူတို့သည် ဤကလောမြို့မှာပင် ကိုးနှစ်၊ ဆယ်နှစ်ကလေးငယ်များ ဖြစ်ကြပေလိမ့်မည်။

နေ့လည်ပိုင်းမှာ တိုင်းမှူးနှင့်ဝန်ကြီးက ဖဲကြိုးဖြတ်၍ ကလောမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးအဆောက်အအုံကို ဖွင့်လှစ်ပေးသည်။ ကလောဘူတာရှေ့တွင် ရှိသည်။ ယခင်က အိမ်ငှားဖြင့် ဖွင့်ခဲ့ကြသည်။ လမ်းဘေးတောင်စောင်းမှာ ထရံကာသွပ်မိုးဖြင့် ယာယီဖွင့်ခဲ့ကြရသည်။ ယခုတိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက မြေနေရာ စီမံပေးခဲ့သဖြင့် ဌာနက အဆောက်အဦသစ် ဆောက်နိုင်ခဲ့လေသည်။ မြို့လူ ထုပရိသတ်စည်ကားခမ်းနားစွာ တက်ရောက်အားပေးကြသည်။

နှစ်ပေါင်းလေးဆယ်နီးပါးမျှ ဖွင့်လာခဲ့သော ကလောဈေးအနီး လူစည်ကားရာ လမ်းမပေါ်က အခန်းနေရာကို ပိုင်ရှင် နိုင်ငံခြားပြန်သွားပြီ အမွေဆိုင် မကျန်ခဲ့ပါဘဲလျက် အာဏာပိုင်အရာရှိနှင့်မသမာသူတို့ပူးပေါင်းကာ ထိုပြန်ကြားရေးရုံးကို ဖယ်ရှားမောင်းထုတ်ခြင်းခံလိုက်ရခြင်းကား အကျင့်ပျက်ကြသော ဝန်ထမ်းအချို့၏ တစ်ချိန်တစ်ခါက အစိုးရကို မျက်နှာပျက်စေသော ဒဏ်ရာဒဏ်ချက်များထဲမှ တစ်ခုဖြစ်ပါ၏။ ယခုအခါ မသမာမှု၊ မတရားမှုမျိုးတွေရှိလာပါက တိုင်ကြားပါဟု တံခါးဖွင့်ပေးသော အစိုးရမျိုးဖြစ်လာပေပြီ။ “ခေါ်ရင်လာ၊ ခိုင်းတာလုပ်၊ ခံမပြောနှင့်။ ဝဝစား၊ ဝေးဝေးနေ၊ ဝင်မစွက်နဲ့” စသောအောက်သိုးသိုးမျက်နှာထားတွေနှင့် လွတ်ကင်းလာခဲ့ကြပေပြီ။ သက်ပြင်းချရလေသည်။ ဒါတွေသင်ခန်းစာဟုသာ မှတ်ယူရပေတော့မည်။

ချစ်နိုင် (စိတ်ပညာ)

E-book is created shanyoma

E-book is created shanyoma

(၁၇)

သေတစ်နေ့ မွေးတစနေ့

နိဒါန်း

စာရေးဆရာ နောင်စစ်သည် ရေးသားသော“သေတစ်နေ့၊ မွေးတစ်နေ့” အမည်ရှိ ကိုယ်တွေ့ဘဝမှတ်တမ်းစာအုပ်တစ်အုပ်ကို ဖတ်မိပါသည်။ တစ်ချိန်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သော ဒုတိယဗိုလ်ချုပ်ကြီးတစ်ဦး၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၇၀ ကျော်ကာလ၊ သူငယ်စဉ်ကလေးဘဝမှစ၍ ရိုးစင်းပွင့်လင်းစွာ ရေးသားဖော်ပြထား၏။ ပဲခူးသားလေးမောင်ပွ(ခေါ်)ပွပွ၏ဖြတ်သန်းမှုကို အမျိုးသားလွတ်မြောက်ရေး၊ လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းရေး အရေးတော်ပုံကြီးများ၏နောက်ခံကားကြားမှာ ရှုပ်ရှင်ဇာတ်လမ်းတစ်ခုပမာ ဆွဲဆောင်ဖမ်းစားရေးထားပေသည်။ စာအုပ်ခေါင်းစဉ် သေတစ်နေ့၊ မွေးတစ်နေ့ဟူသောအမည်က မိမိကိုအတွေးတစ်စ ပေးလေသည်။ ဖတ်ဖူးကြားဖူးသမျှ ပြန်စဉ်းစားမိစေသည်။

၁။ တောင်ထိပ်တက်ထိုင်သူ

ဖတ်ဖူးသော သတင်းတစ်ပုဒ်သည် အလွန်တရာ ထူးဆန်းသဖြင့် မှတ်မိနေပါသည်။ လူတစ်ယောက်သည် ဗေဒင်ဆရာက မကြာမီ ခန္ဓာကြွေကိန်းရှိသည်ဟုဟောသဖြင့် အိုလံပတ်စ်တောင်ထိပ်သို့တက်ပြီး ခေါင်းပေါ်ကို ဦးထုပ်ဆောင်းကာ ထိုင်နေလေသည်။ ထိုအချိန်တွင် ကောင်းကင်မှ လင်းတတစ်ကောင်သည် လိပ်ကိုချီလာရာမှ လိပ်တစ်ကောင်လုံးကို လွှတ်ချလိုက်ရာ ထိုသူ၏ ခေါင်းတည့်တည့်ပေါ်သို့ အရှိန်ပြင်းစွာကျသဖြင့် လဲကျသေဆုံးရလေသည်။ ထိုလင်းတအမျိုးအစားသည် ကျောကုန်းအခွံမာကျောသော လိပ်ကို ဤကဲ့သို့ ချီလာလေ့ရှိပြီးမြေပြင်အမာရှိရာပေါ်သို့ ပစ်ချခွဲ၍ လိပ်သားကို စားလေ့ရှိကြောင်း သိရှိရပါ၏။ သို့ ရာတွင် သံခမောက်ဆောင်း၍ ထိုင်နေသော တောင်ထိပ်ပေါ်က လူ၏ ခေါင်းပေါ်ကိုမှ တိတိကျကျ ပစ်ချမိခဲ့ခြင်းကား ထူးခြားသောတိုက်ဆိုင်မှုပင်ဖြစ်သည်။

၂။ ကားဘီးပြုတ်ထွက်ပြီးတိုးသူ

ပြွန်တံဆာမြို့တွင် တစ်ခါက လမ်းပေါ်မှာမောင်းလာသောကားကြီးတစ်စီးသည် ကားဘီးပြုတ်ထွက်ပြီး လမ်းသွားလမ်းလာ လူတစ်ယောက်ကို ဘီးက တိုက်မိလိုက်ရာ ထိုသူ သေဆုံးသွားဖူးသည်။ ကားပေါ်မှာပါလာကြသည့် ခရီးသည်များကမူ မှောက်လုလု စောင်းပြီး ဆွဲသွားသော ကားပေါ်မှာ တစ်ယောက်မှ ဘာမှမဖြစ်ကြ။

E-book is created shanyoma

၃။ ဆိုင်ကယ်ပေါ်သစ်ကိုင်းကျိုးကျ

မကြာလှသေးသောကာလ၌ မအူပင်မြို့တွင် ဆိုင်ကယ်ပေါ်သို့ သစ်ပင်မှ သစ်ကိုင်းကျိုးကျသဖြင့် ထိုဆိုင်ကယ်ပေါ်မှ လူတစ်ယောက် သေမလောက်ဒဏ်ရာရသွားဖူးသည်။ တိုက်ဆိုင်မှုလည်း ဆန်း၏။

၄။ မြွေပေါက်ခံရ

တိုက်ကြီးမြို့တွင် ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်တစ်ခုလည်းရှိသေးသည်။ လော်ရီကားပေါ်ရှိ ကောက်ရိုးများထဲမှ မြွေတစ်ကောင်ထွက်ပြီး လူတစ်ယောက်ကို ကိုက်လိုက်ရာ သေဆုံးသွားရလေသည်။ အခြားလူတွေကို မကိုက်ဘဲ ထိုလူကျမှ ရွေးပြီး မြွေပေါက်သည်မှာ နားမလည်နိုင်စရာပင်။

၅။ မြွေမကိုက်

မနှစ်က ရေကြီးသောဒေသတစ်ခုတွင် အိမ်တွေကို ရေနစ်မြုပ်ပြီး ရေဝိုင်းနေရာ မြွေတွေအရေအတွက် မနည်းလှအောင် အိမ်များပေါ်တက်လာကြ၏။ သို့သော် တစ်ရွာလုံး မြွေကိုက်ခံရသူဆို၍ တစ်ယောက်မှ မရှိခဲ့။

၆။ ကျည်ဆံကြားက လွတ်ခဲ့သူ

ဒိုက်ဦးမြို့အနီးတွင် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်၊ လေးဆယ်ကျော်လောက်က မီးရထားမိုင်းထိပြီး သူပုန်နှင့်အစိုးရတပ်များ တိုက်ပွဲဖြစ်ပွားကြလေသည်။ ဟိုဘက်ဒီဘက် ပစ်ခတ်နေကြသည့်ကြား၌ ဒေါက်တာသိန်းအောင်ဆိုသည် လူတစ်ယောက်သည် ဟိုပြေးလိုက်၊ ဒီပြေးလိုက်ဖြစ်နေလေသည်။ နှစ်ဘက်စလုံးမှ အဆက်မပြတ် ပစ်နေသည့်ကျည်ဆံမိုးသီးမိုးပေါက်များသည် သူ့ကို တစ်ချက်မှမထိဘဲ သူသည် ချိုင့်တစ်ခုထဲ မတော်တဆ လဲကျကာ အသက်ဘေးကင်းဝေးသွားလေသည်။ ကဲ. . . ။

၇။ နဖူးပေါ်တည့်တည့်ကျ

တစ်ခါက ရန်ကုန်မြို့အနောက်ပိုင်း မြို့နယ်တစ်ခုဖြစ်သည်။ ၂၂လမ်းနေ အဘွားအို တစ်ဦးသည် အိုက်စပ်သော နွေရာသီနေ့ခင်းတစ်ခု၌ ကုလားထိုင်ကို အိမ်ရှေ့ထုတ်ကာ ထိုင်ရင်း ယပ်ခပ်နေစဉ် အပေါ်ထပ်တစ်နေရာမှ ပဲ့ကျလာသော အင်္ဂတေတုံးတစ်ခု အဘွား၏နဖူးပေါ်တည့်တည့်ကျ၍ ပွဲချင်းပြီး သေဆုံးသွားလေ၏။ အံ့ဩစရာတိုက်ဆိုင်မှုပင်။

E-book is created shanyoma

၈။ ဥက္ကာပျံဒေါ်လာ

၁၉၉၂ခုနှစ်၊ အောက်တိုလာလ ၉ရက်နေ့ညနေခင်းတွင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့ ပိတ်စကေးမှ မိရှယ်နက်ပ်ဆိုသူ အမျိုးသမီးတစ်ဦးသည် သူမ၏ကားကို မောင်းလာစဉ် ဒုန်းခနဲ အသံကြီးတစ်ခု ကျယ်လောင်စွာ ကြားလိုက်ရလေသည်။ ကားရပ်ပြီး စစ်ဆေးကြည့်လိုက်တော့ သူမ၏ဆလွန်းကားနောက်ပိုင်း ပစ္စည်းထည့်သောအခန်းအဖုံးသည် ချိုင့်ဝင်လျက်ရှိသည့်အပြင် အင်ဂျင်ထောင်းထောင်းထနေသည့်ဥက္ကာခဲတစ်လုံးကို တွေ့မြင်ရလေ၏။ ပစ္စည်းအထူးအဆန်း စုဆောင်းတက်သူတွေက ဈေးပြိုင် အလုအယက်ပေးပြီး ဝယ်ယူသွားကြရာ သူ၏ ၁၉၈၀ မော်ဒယ်ကားအိုကြီးကို ဒေါ်လာတစ်သောင်း၊ စကြာဝဠာထဲက ကျလာသည့်ဥက္ကာခဲအတွက် ၆၀၀၀၀၀-(မြန်မာငွေ ၇၈၀၀၀၀၀၀/-ခုနစ်ကုဋေ ရှစ်သန်းကျော်)/ရရှိလိုက်သည်။ ပွပေါက်တိုးပုံမှာ ဝမ်းသာလုံးဆို့စရာ ဖြစ်သွားရလေသည်။ အဖြစ်မှန်ရှစ်ခု နမူနာသိရပြီ။

ဤအချက်များက ဘာကို ပြဆိုနေသနည်း။
ကံဆိုသည်မှာ ကြိုတင်မမြင်ရ။
ကောင်းကောင်းဆိုးဆိုး အမျိုးမျိုး။
သေတစ်နေ့၊ မွေးတစ်နေ့။ တွေးပူနေစရာမလို။

၉။ နိဂုံး

ပျော်ပျော်နေ။ စိတ်ကောင်းထား။ ပစ္စုပ္ပန်လက်ရှိအချိန်ကာလကို မိမိနှင့်တကွ လူအများသူတစ်ပါးကို အကျိုးရှိအောင် နေထိုင်သင့်ပေသည်မဟုတ်လား။ သတင်းများက ပေးသော ဗဟုသုတသင်ခန်းစာဟု ဆိုရပါစေ။ (မောင်သိန်းလွင်ရေးသော ယုံချင်ယုံ၊ မယုံချင်နေစာအုပ်နှင့်အပတ်စဉ်ထုတ် မှုခင်းဂျာနယ်များကို ဖတ်ရှုရေးသားပါသည်။)

ချစ်နိုင်(စိတ်ပညာ)

(၁၈)
လူငယ်စာပေကျယ်ပြန့်ပါစေ

မကြာမီက စာရေးသူသည် နေပြည်တော်မှ ရန်ကုန်သို့ တာဝန်တစ်ခုနှင့် ရောက်သွားပါသည်။ စာအုပ်ထုတ်ဝေသူ မိတ်ဆွေတစ်ဦးနှင့်တွေ့မိရာ သူက လူငယ်စာပေထုတ်ဝေမှုအားနည်းနေသည်ဟုထင်ကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်လောက်ကဆိုလျှင် လူငယ်စာပေစာတမ်းပွဲ၊ လူငယ်စာပေဆွေးနွေးပွဲတွေ ရှိခဲ့ဖူးပါကြောင်း၊ အနာဂတ်ကို သေချာစွာ ပျိုးထောင်တည်ဆောက်မည်ဆိုလျှင် အရင်ဦးစွာ လူငယ်တွေကို ကောင်းစွာပြုစု ပျိုးထောင်သင့်ကြောင်း၊ စာပေနယ်မှာ ယခင်ခေတ်က ဂယက်နီ၊ တက္ကသိုလ်အောင်ဆွေစသော လူငယ်အကြောင်းတွေကို အစဉ်တစိုက်ရေးသားသော ကလောင်မျိုးတွေရှိခဲ့ဖူးကြောင်း၊ မျက်မှောက်ကာလ၌ လူငယ်စာပေ၏အခန်းကဏ္ဍသည် မှေးမှိန်နေသည်ဟု ထင်မိကြောင်း သူက ပြောဆိုပါသည်။

ဆယ်ကျော်သက်အရွယ် လူငယ်များအတွက် သက်သက် စာအုပ်ပေါင်း(၆၆)အုပ် ရေးသားခဲ့သော မိမိအဖို့ သူ့စကားကို ဘာမှထင်မြင်ချက် ဝင်မစွက်လိုပေ။ မိမိလုပ်နိုင်တာကို ကြိုးစားပြီး ထမ်းဆောင်ရမည်ဟုသာခံယူသည်။ သူများတွေကိုပါ လုပ်အောင်စည်းရုံး ဦးဆောင်နိုင်လျှင်ကား ပိုမိုကောင်းမွန်နိုင်ပေစ။ ကောင်းပါပြီ-ဆရာတို့ထုတ်ဝေသူကိုယ်တိုင်က လူငယ်စာပေတွေ ရှာဖွေပြီး ထုတ်ကြလေဗျာဟု သူ့ကိုပင် အဦးဆုံး ပထမ စည်းရုံးလှုံ့ဆော်ရပါလေသည်။ စကားခပ်ရိုင်းရိုင်း ဥပမာနှိုင်းရလျှင် မျောက်ဖင်မျောက်မြီး တပ်မိလိုက်သလို ဖြစ်သွားမလား မဆိုတတ်ပါ။

ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်လည်း အဲဒါကိုကြံရွယ်ထားသည်။ လူငယ်စာပေ စာအုပ်တွေ ကျွန်တော့်စာပေတိုက်က ဆက်တိုက်ထုတ်ဝေနိုင်အောင် လုပ်ပါမယ်ဟုဆို၏။

ရန်ကုန်သို့ရောက်ရှိစဉ် ဗိုလ်ချုပ်လမ်းနှင့်သိမ်ဖြူလမ်းထောင့်ရှိ ယခင်ဗဟိုပုံနှိပ်တိုက်တည်ရှိရာ ထောင့်တွင် ပန်းရွှေပြည်စာပေတိုက်သို့ လမ်းကြုံသဖြင့် ဝင်ရောက်သွားပါသည်။ ပန်းရွှေပြည်စာအုပ်တိုက်မှ ကိုရွှေသိမ်းမင်းက သူ့တိုက်မှထုတ်ဝေခဲ့သော စာအုပ်လေးငါးအုပ် လက်ဆောင်ပေးလိုက်ပါသည်။ သူသည် ထုတ်ဝေသူလုပ်နေသော်လည်း စာဖတ်အားကောင်းသော အနုပညာစိတ်ရှိသူ လူရွယ်တစ်ဦးဖြစ်ပါသည်။ ဖီးလ်မာရှယ်မောင်ဂိုမာရီ ရေးသားခဲ့ပြီး ဆရာကျော်ဇေယျာ(ပုသိမ်)ဘာသာပြန်သည့် "ခေါင်းဆောင်ဟူသည်"အမည်ရှိ စာအုပ်ကို ပန်းရွှေပြည်က ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ဒုတိယကြိမ် ထုတ်ဝေကြောင်းတွေ့ရှိပါသည်။ ၁၉၇၆ ခုနှစ်က ပထမကြိမ် ထွက်ရှိစဉ်ကပင် ကျွန်တော်ဝယ်ဖတ်ခဲ့ပါသည်။ ခေါင်းဆောင်မှုအကြောင်း ဗိုလ်ချုပ်ကြီးတစ်ဦး၏ ကြွယ်ဝကျယ်ပြန့်သော အတွေ့အကြုံများကို အခြေခံ၍ ကိုယ်တွေ့လေ့လာ သုံးသပ်ရေးသားထားသောစာအုပ်ဖြစ်ပါသည်။

E-book is created shanyoma

E-book is created shanyoma

ဗြိတိသျှတပ်မတော်တွင် ၁၉၄၂ ခုနှစ်မှာ ၁၉၅၂ ခုနှစ်အထိ (၁၁)နှစ်ခန့် စစ်ဦးစီး ချုပ်တာဝန်ထမ်းဆောင်သွားသော စစ်သက်(၄၄)နှစ်ရှိသည့် ဗိုလ်ချုပ်ကြီးတစ်ဦး ရေးသော စာအုပ်သည် ဗဟုသုတယူစရာ၊ သိမှတ်စရာ အချို့တော့ပါပေသည်။ အခန်း(၁၄)ခန်း ပြု စုထားရာ မိမိနှစ်သက်ဆုံးမှာ အခန်းနံပါတ်(၁၁) လူငယ်ခေါင်းဆောင်မှုဖြစ်ပါသည်။ လူငယ် ခေါင်းဆောင်မှုအခန်းကို အကျယ်မဖော်ပြနိုင်ပါသော်လည်း လူငယ်ဆိုင်ရာစာပေမျိုးတွေ အထူးလိုအပ်နေသည်ပါဟု ဆွေးနွေးသော စာပေထုတ်ဝေသူမိတ်ဆွေတစ်ဦးနှင့်အလားတူ အယူအဆရှိကြမည့်စာဖတ်သူ ချစ်မိတ်ဆွေအချို့ဖတ်ရှုစေလိုသဖြင့် နမူနာစာမြည်း ကောက်နှုတ်ဖော်ပြရစေ-

"ယခုခေတ် လူငယ်လူရွယ်များအဖို့ မလွယ်ကူလှသည့်အခြေကို သိမြင်နိုင်ကြပါ သည်။ မိဘနှင့်ဆရာများအဖို့ ဤအခက်အခဲများကို ကျော်လွှားလွတ်မြောက်၍ လမ်းမှန် ရောက်စေရန် လူငယ်လူရွယ်များအား ညွှန်ပြသင်ကြားရာမှာလည်း ကြီးမားသော တာဝန်ကြီး တစ်ရပ်ပင် ဖြစ်ပါတော့သည်။ အသစ်တီထွင်၍ အောင်မြင်နိုင်သော ခေတ်သစ်ဘဝ လူမှု ရေးအခြေအနေများကြောင့်လည်း ယင်းတာဝန်မှာ ပိုမိုခက်ခဲကြီးလေးလာပါတော့သည်။ ယခုခေတ် လူငယ်များအဖို့ ကျွန်ုပ်တို့ ခေတ်လူငယ်များထက် ပိုမိုကြီးမားသောပြဿနာနှင့် ဆွဲဆောင်မှုများကို ရင်ဆိုင်ရပါသည်။ ထိတ်လန့်ချောက်ချားဖွယ်ဝတ္ထုများ၊ ထိုးကြိတ်သတ် ဖြတ် ကြမ်းတမ်းသည့်ရုပ်ရှင်များ၊ အိမ်ထောင်ရေး မပြေလည်၍ လင်ကွာ မယားကွာများ၊ အချို့သတင်းစာများတွင် လိင်နှင့်ပတ်သက်သော ကြော်ငြာစာများ စသည်တို့သည် အရွယ် ရောက်သော လူငယ်တစ်ဦးအတွက် များစွာအနှောက်အယှက်၊ အဟန့်အတားဖြစ်စေပါ သည်။ ယင်းလူငယ်၏ပုဂ္ဂိုလ်ဆိုင်ရာ အရည်အချင်းတိုးတက်မှုကိုလည်း ခက်ခဲစေပါသည်။

ထို့အပြင် ယဉ်ကျေးမှုနှင့် သိပ္ပံနည်းပညာ တိုးတက်မှုများသည် အခြားတစ်ဖက်တွင် ပြဿနာများကို ဖြစ်စေပါသည်။ လူငယ်လူရွယ်တစ်ဦးသည် ကလေးဘဝမှသည်လူကြီးဘဝသို့ ကူးပြောင်းလာသည့်အခါ သူ၏ကမ္ဘာသည် ကျယ်ပြန့်လာပါသည်။ သူသည် ရုပ်ရှင်ကြည့် သည့်အခါ အခြားကမ္ဘာ့သတင်းများကိုလည်း ကြားသိနိုင်ပါသည်။ အတတ်ပညာဆိုင်ရာ ပါရဂူများက ဘာသာရပ်အသီးသီးအကြောင်း ဟောပြောမှုများကိုလည်း ကြားသိနိုင်ပါသည်။ ဆိုရှယ်လစ်လှုံ့ဆော်ရေးသမားများအကြား၊ လုပ်ခမျှားများပေး၍အလုပ်နည်းနည်း လုပ်ရန် အော်ဟစ်သံများ၊ လက်ရှိခေတ်စက်မှုပြဿနာရပ်များ စသည်တို့အကြောင်းကို သူသည် နေ့စဉ်သတင်းများတွင် ဖတ်ရှုနိုင်ပါသည်။ လွန်ခဲ့သောနှစ်ငါးဆယ်က အလားတူဖြစ်ရပ်များ မရှိ၍ ကျွန်ုပ် အကဲမဖြတ်နိုင်ခဲ့သည်များကို ယခုခေတ် အရွယ်ရောက်လာသည့် လူငယ်များ သည် ဖော်ပြပါ ပတ်ဝန်းကျင်အဖြစ်အပျက်များကို အကဲဖြတ်ကြည့်ပါမည်။ သူအသက် အရွယ်ကြီး၍အလုပ်လုပ်လာသည့်အခါတွေ့ကြုံရမည့် အခြေအနေကို သူငယ်စဉ်က လက်ခံ လာသည့်အတွေးအခေါ် အယူအဆများနှင့် ဆင်ခြင်ကာ လက်ခံနိုင်ခြင်းမရှိသည့်အခြေသို့

ရောက်ရှိလာပါလိမ့်မည်။

ထို့ကြောင့် အရေးအကြီးဆုံးမှာ လူငယ်လူရွယ်များအတွက် တော်တည့်မှန်ကန်သည့် အတွေးအခေါ် အယူအဆများကို လက်ခံလာစေရန် ညွှန်ကြားပေးဖို့ လိုအပ်ပါသည်။ သူ့အား လူ့ပတ်ဝန်းကျင်လူများနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ်ပါရန် သင်ကြားပေးဖို့ လိုအပ်ပါသည်။ သူနားလည်ရမည်မှာ ဒီမိုကရေစီအခြေခံသည့် လူ့ဘဝတွင် အခြေခံတစ်ခုမှာ မိမိပါဝင်သည့်အစုအဖွဲ့၏ ကောင်းရာကောင်းကျိုးကို ရည်မျှော်လျက် မိမိဘာသာ ထိန်းသိမ်းစောင့်သိသည့်စည်းကမ်းပင်ဖြစ်ပါသည်။ မိမိပါဝင်သည့် လူ့အဖွဲ့အစည်းနှင့်ရဲဘော်ရဲဘက်များ ကောင်းရာကောင်းကျိုးကို ရည်မျှော်လျက် မိမိ၏အတ္တလွန်ကဲမှုကို ချုပ်တည်းထိန်းကွပ်ထားနိုင်ပါမည်။ ထို့အပြင် သူသည် အရာဝတ္ထုများကို ရှုမြင်ရာတွင် ချိန်ခွင်ကဲ့သို့ ညီညီမျှမျှ ကြည့်မြင်တက်ရန် လိုပါသည်။ အပြင်အပပြဿနာ အခက်အခဲများနှင့် ရင်ဆိုင်ရသည့်အခါ အတွင်းစိတ်ဝိညာဉ်တွင် အချိုးကျ မျှတစွာ အတွင်းမာတ်ခံဖြင့် ဖြေရှင်းနိုင်အောင် ကြိုးပမ်းရပါမည်။

ကျွန်ပ်သည် စည်းကမ်းဆိုသည့် စကားလုံးကို ဖော်ပြခဲ့ပါသည်။ ဤစကားလုံးကို အချို့ပုဂ္ဂိုလ်များက မကြားလိုကြပါ။ အဘယ်ကြောင့်ဆိုသော် ယင်းစကားလုံး၏အဓိပ္ပာယ်ကို ကောင်းစွာနားမလည်၍ ဖြစ်တန်ရာသည်။ စည်းကမ်း၏အနှစ်သာရမှာ မိမိကိုယ်ကို စောင့်စည်းခြင်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ စည်းကမ်းဖြစ်ပါသည်။ စည်းကမ်းတွင် မိမိကိုယ်ကို ထိန်းချုပ်ခြင်းနှင့်ခြိုးခြံခြင်းများပါဝင်ပါသည်။ စည်းကမ်းသည် စနစ်ကျသည့်ဘဝကိုလည်း ဖြစ်စေပါသည်။ ယင်းသည် တာဝန်များ၊ ဝတ္တရားများကိုလည်း ကျေပွန်အောင် လုပ်ဆောင်ရမည်ဟုလည်း ကျွန်ုပ်ယုံကြည်နေပါသည်။

စည်းကမ်းတွင် လူမှုအခြေခံလည်းရှိပါသည်။ ယဉ်ကျေးသော အဖွဲ့အစည်းအားလုံးသည် မိမိကိုယ်ကို ထိန်းချုပ်ခြင်းကို အလိုရှိကြသည်သာဖြစ်ပါသည်။ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် ကျွန်ပ်တို့သည် တရားဥပဒေစိုးမိုးရေးကို လက်ခံကြရပါမည်။ ယင်း၏ဘက်တော်သားများဖြစ်သော ရဲများကိုလည်း လက်ခံရပါမည်။ ကျွန်ပ်တို့ အင်္ဂလန်၌ ဆိုင်တစ်ဆိုင်တွင် ဝယ်လိုသော ပစ္စည်းသည် နည်းပါး၍ ဝယ်လိုသူ များပြားလာလျှင် တစ်ဦးနှင့်တစ်ဦးတိုးဝှေ့ရန်ဖြစ်ခြင်း မရှိကြပါ။ အေးဆေးစွာ တန်းစီ၍ ဝယ်ကြပါသည်။ လူ့အဖွဲ့အစည်း တစ်ရပ်လုံးအနေဖြင့် ကျွန်တို့ တစ်ဦးချင်း စည်းကမ်းရှိမှုကို တောင်းဆိုပါသည်။ ကျွန်ုပ်တို့သည် ကျွန်တို့လူအဖွဲ့အစည်းတွင် အတူတကွပျော်ပျော်ရွှင်ရွှင် လွတ်လပ်စွာ နေထိုင်ရန်အတွက် ကျွန်ုပ်တို့ဘာသာ အလိုအလျောက် စောင့်ထိန်းအကန့်အသတ်များ ချမှတ်လာကြသည်သာ ဖြစ်ပါသည်။

ထို့ကြောင့် စည်းကမ်း၌ ကျင့်ဝတ်တရားနှင့်လူရေးလူမှုအခြေခံများရှိပါသည်။ ဤအခြေခံကို လူငယ်လူရွယ်များအား နားလည်သိရှိ လက်ခံဆောင်ရွက်လာစေရန် သင်ကြား

E-book is created shanyoma

ညွှန်ပြရမည်ဖြစ်ပါသည်”တဲ့။

ချစ်နိုင်(စိတ်ပညာ)
၁၈-၄-၂၀၀၇

E-book is created ***shanyoma***

(၁၉)
အသက်ရှည်စွာ အနာမဲ့ကြောင်း

သက်တော်ဝါတော်ကြီးရင့်တော်မူသော်လည်း ကျန်းမာစွာ၊ ကြည်လင်စွာ၊ လောကီလောကုတ္တရာအကျိုးတို့ကို သယ်ပိုးတော်မူကြသော ဆရာတော်၊ သံဃာတော်တို့အား အသက်ရှည်ကျန်းမာစေသည့်နည်းလမ်းကောင်းများမေးကြည့်ပါသည်။ သက်တော် ၈၀ နီးသည့်တိုင် ကောင်းစွာကြံ့ခိုင်သန်မာတော်မူသည့် ဆရာတော်ကြီးတစ်ပါးက ဤသို့မိန့်ပါသည်။

"ဘာဆေးမှမစား၊ အစာအာဟာရကို သင့်တင့်မျှတစွာ မှီဝဲသုံးဆောင်ပါသည်။ သတိပြုရမည့် အချက်(၃)ချက် ရှိပေသည်-

(၁)ဆာမှစား။ မဆာလျှင် မစားနှင့်။ ဝမ်းထဲက အဆင့်သင့်မဖြစ်လျှင် အစာလောဘမကြီးနှင့်၊

(၂) တည့်တာစား။ မတည့်တာ မစားရ။ ရာသီဥတုနှင့်သင့်တော်စွာ စား။ ကြိုက်သဖြင့် လွန်ကဲအောင် မစားရ။

(၃) လျှော့စားပါ။ စားနိုင်သမျှ၏ ၁၀ပုံ ၇ ပုံခန့်သာစားသင့်သည်။ ထမင်း ၂၀ လုပ်ခန့်စားမှ ဝသည်ဆိုလျှင် ၁၆ လုပ်ဖြင့် ရပ်လိုက်ပါ။

ဆာမှစား၊ တည့်တာစား၊ လျှော့စားဟူသော အဆုံးအမသည် ဆရာတော်ကြီးတစ်ပါး၏ကိုယ်တွေ့လက်သုံးကျန်းမာစေသည့်ထုံးပင်ဖြစ်ပေသည်။ တရုတ်ပြည်ပေကျင်း(ပီကင်း)မြို့တော်မှ နှလုံးရောဂါကု သမားတော်ကြီးဒေါက်တာဟုန်ကျော့ကွမ်းကျန်းမာရေး၏ အခြေခံအုတ်မြစ်ဟူ၍ အောက်ပါ(၄)ချက်ကို ရေးသားဖော်ပြခဲ့ဖူးပါသည်။

(၁) နည်းလမ်းကျကျ စားသောက်ပါ။

(၂) တော်သင့်သည့် အားကစားလုပ်ပါ။ ဥပမာ - နံနက်ခင်းတွင် မိနစ် ၃၀ ခန့် လမ်းလျှောက်ပါ။

(၃) ဆေးလိပ်ဖြတ်၊ အရက်လျှော့ပါ။

(၄) စိတ်နေသဘောထား မျှတပါ။

အလွန်တရာ ရှင်းလင်းထင်ရှားသဖြင့် အကျယ်ကို မတင်ပြတော့ပါ။ ရောဂါဘယဖြစ်ပွားရခြင်းအကြောင်းရင်းကား လူတို့၏အသိပညာနည်းပါးမှုကြောင့် မှားယွင်းသည့်အပြုအမူ အလေ့အထ(စိတ်ဆောင်ရာ ပြုမူခြင်း၊ စိတ်အလိုလိုက်ခြင်း၊ စိတ်ထင်ရာ လုပ်ခြင်း) တို့ကြောင့်ဟု သူက ဆိုခဲ့ပါသည်။ မြန်မာတို့၏ ရှေးဟောင်းရိုးရာအယူအဆအရမူ (၁)ကံ (၂)စိတ် (၃)ဥတုနှင့် (၄)အာဟာရဟူသော အကြောင်းတရားလေးပါးကို ဟန်ချက် ညီညွတ်အောင် သတိပြုထိန်းကျောင်းရမည်ဟု သဘောရပါမည်။ စိတ်သည် သီလဖြူစင်သည်

E-book is created shanyoma

နှင့်အမျှ တည်ငြိမ်အေးချမ်းကာ အပူအပင်ဒေါသ လောဘများ နည်းပါးယုတ်လျော့စေ ကြောင်း တွေ့ရပါသည်။ ထို့ကြောင့် သီလကောင်းသူများ အသက်ရှည်ကြပါသည်။

မည်သူမဆို တန်ဖိုးရှိသော ဘဝတစ်ခုကို ပိုင်ဆိုင်ထားကြသည့်အလျောက် ဘုန်း လည်းကြီးအောင်၊ အသက်လည်း ရှည်အောင် မိမိကိုယ်ကို ပြုစုပြုပြင်နိုင်ကြပါစေဟု စာတည်းအဖွဲ့က ဆုတောင်းပါသည်။

ဒို့ကျေးရွာဂျာနယ်
၂၉-၄-၂၀၀၇

E-book is created **shanyoma**

(၂၀)

ခေါင်းဆောင်၏ တာဝန်များ

အရာရာ၏အောင်မြင်မှု၊ မအောင်မြင်မှု၊ တိုးတက်မှု၊ မတိုးတက်မှုအစုစုတို့သည် ခေါင်းဆောင်မှုအပေါ်တွင်သာ မူတည်သည်။ ရာသီဥတုနှင့်ပြင်ပအခြေအနေများ ကောင်းခြင်း၊ ဆိုးခြင်း၊ အတားအဆီး အကန့်အသတ်များကြီးမားခြင်း၊ နည်းပါးခြင်း၊ ပြင်ပမှ အားပေးကူညီမှုများရခြင်း၊ မရခြင်း၊ ပါဝင်သောအဖွဲ့ဝင်များ စိတ်အားထက်သန်ခြင်း၊ စိတ်မပါခြင်း အစရှိသော အချင်းအရာ အခြေအနေအရပ်ရပ်ကို ကိုင်တွယ်ဖြတ်သန်းနိုင်သည့်တစ်ခုတည်းသောအဆုံးအဖြတ်မှာ ခေါင်းဆောင်မှုကောင်းခြင်းနှင့်ဆိုးခြင်းအပေါ်၌ လုံးလုံးတည်နေပါသည်။

အခက်အခဲအမျိုးမျိုးကြားက အချို့အသင်းအဖွဲ့တို့သည် အောင်မြင်ကြသည်။ ခေါင်းဆောင်မှုကောင်းသဖြင့် ဖြစ်ကြောင်း တွေ့ရသည်။

ကြီးကြီးမားမား အတားအဆီး အခက်အခဲမရှိလှပါသော်လည်း အချို့အသင်းအဖွဲ့တို့သည် ဖြစ်မြောက်စွာ မအောင်မြင်ကြ။ အဘယ်ကြောင့်နည်း။ စိစစ်လေ့လာကြည့်လိုက်သောအခါ ခေါင်းဆောင်မှု ညံ့ဖျင်းခဲ့သောကြောင့်ဟု အဖြေတွေ့ရသည်။

ကောင်းပြီ။

အရာရာ၏တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းဟူသမျှတို့သည် မိသားစု၊ အိမ်ထောင်စုတစ်ခုမှသည် ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ နိုင်ငံအဆင့်ဆင့်တို့၏ပညာရေးအသင်းအပင်း၊ ကျန်းမာရေးအဖွဲ့အစည်း၊ လူမှုရေးအသင်းအဖွဲ့အားလုံး(အားလုံး)တို့သည် ခေါင်းဆောင်မှုအပေါ်တွင် မူတည်နေပေတော့သည်။ ဤသို့ဆိုလျှင်-

ခေါင်းဆောင်မှုကောင်းအောင် အလေးထား လေ့ကျင့်ပျိုးထောင်ခြင်းများ မပြုအပ်ပါသလား။ ပြုအပ်ပါသည်ကော။

ခေါင်းဆောင်ဟူ၍ ခန့်အပ်ခြင်း သို့မဟုတ် ရွေးချယ်ခြင်းခံရပြီဟုဆိုလျှင် ထိုသူသည် အောက်ပါခေါင်းဆောင်၏အခန်းကဏ္ဍအတွက် ထမ်းဆောင်ရမည့်တာဝန်များကို မလွဲမသွေ တာဝန်ယူရပါတော့သည်။ တာဝန်ကျေလျှင် ခေါင်းဆောင်မှု ကောင်း၏။

တာဝန်မကျေ၊ ပေါ့ဆ၊ လစ်ဟင်းသော် ခေါင်းဆောင်မှုကျဆင်းညံ့ဖျင်းရ၏။ ဤအချက်များသည် အရေးကြီးလှသည်။ ခေါင်းဆောင်ထမ်းရမည့် တာဝန်များမှာ အောက်ဖော်ပြပါအချက်များ ဖြစ်ကြပါသည်-

၁။ လွှမ်းမိုးချုပ်ကိုင်၊ ထိန်းသိမ်းနိုင်ခြင်း

၂။ စည်းကမ်းထိန်းသိမ်းရခြင်း

၃။ ပန်းတိုင်ကို ညွှန်ပြရခြင်း

E-book is created shanyoma

E-book is created **shanyoma**

၄။ ပန်းတိုင်ကိုညွှန်ပြရခြင်း
၅။ စည်းလုံးညီညွတ်မှု တည်ဆောက်ရခြင်း
၆။ ပြင်ပနှင့်သဟဇာတဖြစ်အောင် ညှိပေးရခြင်း
၇။ မိမိအသင်း၏ဂုဏ်ကိုမြှင့်တင်ပေးခြင်း
၈။ အဖွဲ့ဝင်များ၏စိတ်အားထက်သန်မှုနှင့်လုပ်ချင်ကိုင်ချင်စိတ်ကို နှိုးဆွလှုံ့ဆော်ရခြင်း
၉။ ပြဿနာအခက်အခဲများ၏အဖြေနှင့်ထွက်ပေါက်ကို ဖြေရှင်းညွှန်ပြရခြင်း
၁၀။ ရှေ့ခရီးကို ကြိုတင်မြင်ခြင်း
၁၁။ ရှေ့လာမည့်အခြေအနေအတွက် ကြိုတင်ပြင်ဆင်ဖို့လိုအပ်သည်များကို စီမံခန့်ခွဲရခြင်း
၁၂။ တော်သူချွန်သူများကို ခိုးမြောက်ဆုပေးပြီး၊ ဗွေဖောက်သူ၊ နှောင့်ယှက်သူ၊ ကိုးလို့ကန့်လန့် ကပ်ဖဲ့ဖဲ့လုပ်သူများကို ဖိနှိပ်၊ ဖယ်ရှင်း၊ ဒဏ်ပေးရခြင်း။

ဒို့ကျေးရွာဂျာနယ်
၂၉-၄-၂၀၀၇

ချစ်နိုင်(စိတ်ပညာ)ရေးသားထုတ်ဝေပြီးသော စာအုပ်များ

၁။ ချစ်လို့ပြောတာမှတ်ပါ။
၂။ လက်တစ်ကမ်းရှိ တက်လမ်း
၃။ အောင်မြင်မှုနှင့်စိတ်ခွန်အား
၄။ လောကကို အလှမြင်ပါ။
၅။ ပညာသည် တန်ခိုးကို ဖန်ဆင်း၏။
၆။ မိမိကိုယ်ကို တည်ဆောက်ခြင်း။
၇။ လျှပ်တစ်ပြက် အတွေးများ
၈။ သားအတွက် ဓားတစ်လက်
၉။ ကံအဟုန် သတ္တိ
၁၀။ ဘာဖြစ်ချင်သလဲ? ဖြစ်ရမယ်
၁၁။ အမေ့အတွက် လက်ဆောင်
၁၂။ သွေးကြောထဲမှ ခွန်အားများ
၁၃။ ပြိုင်သမျှ အနိုင်ရမှ
၁၄။ ရသအနု ခံစားမှု
၁၅။ ချစ်လို့ပြောတာ မှတ်ပါ(၂)
၁၆။ ထူထောင်ကြပါ တူမောင်တို့ရာ
၁၇။ စက္ကန့်တိုင်းကို စိန်စီထားတယ်။
၁၈။ စေတနာသည် တံဖြစ်၏
၁၉။ အောင်မြင်လိုသလား?
၂၀။ အောင်မြင်ခြင်း ရွှေစည်းမျဉ်း
၂၁။ ခေါင်းဆောင်မှုအရည်အသွေးနှင့်စိတ်ပညာဆောင်းပါးများ။
၂၂။ အနာဂတ်ကို ပိုင်စိုးသူများ
၂၃။ ၂၁ ရာစု စစ်မျက်နှာနှင့်ရွှေမြန်မာရွှေနိုင်ငံ
၂၄။ ချမ်းသာပျော်ရွှင်ရေးအတွက် မဟာဗျူဟာခုနစ်ချက်
၂၅။ ချစ်စွာသော တူမောင်
၂၆။ အနှစ်သုံးဆယ်
၂၇။ ထပ်ဆုံးဆီသို့
၂၈။ လူတိုင်း၏ခေါင်းပေါ်တွင် ကောင်းကင်ရှိသည်
၂၉။ သန့်ရှင်းသောစိတ်
၃၀။ ခေါင်းဆောင်ကွပ်ကဲသူနှင့်စိန်ခေါ်နေတဲ့အနာဂတ်

E-book is created **shanyoma**

E-book is created **shanyoma**

၃၁။ ရာစုသစ် ထောင်စုနှစ်မှာ
၃၂။ သာလွန်လှပတဲ့မနက်ဖြန်
၃၃။ သူ၏ကမ္ဘာ
၃၄။ သေနင်္ဂဗျူဟာ အတတ်ပညာ
၃၅။ သင်၏မိုးကုပ်စက်ဝိုင်းကို ချဲ့ထွင်ဖို့ရာ
၃၆။ အမေ့ကြေးစည်သံ
၃၇။ ရွှေရောင်လွှမ်းတဲ့အခွင့်အလမ်း
၃၈။ ခေါင်ဆောင်သူ၏လက္ခဏာများ
၃၉။ ဆန်းကြယ်သောကောင်းမှုအကျိုး
၄၀။ လောကဇာတ်ခုံပေါ်မှာ
၄၁။ ရဲရဲရင်ဆိုင်ဖြတ်သန်း
၄၂။ စိတ်အလှပိုင်ရှင်များ
၄၃။ စာပေခရီးသည်
၄၄။ ကျော်နိုင်အောင်ကျော်
၄၅။ သီတာရေစင်ပမာ
၄၆။ အောင်ပါစေ
၄၇။ ရိုးရိုးကျင့် မြင့်မြင့်ကြံ
၄၈။ ခိုင်မာချမ်းသာစေ ပညာအမွေ
၄၉။ အောင်မြင်သူတို့ရဲ့အပြုအမူ
၅၀။ ခေါင်းဆောင်မှုပညာ သိကောင်းစရာ
၅၁။ လူငယ်နှင့်ကြီးပွားရေး
၅၂။ ဘဝတက်လမ်း၏ခြေလှမ်းများ
၅၃။ ကမ္ဘာရွာ
၅၄။ သမီးတို့ရဲ့အနာဂတ်
၅၅။ မောင်တို့ မယ်တို့ချစ်တဲ့တိုင်းပြည်
၅၆။ ကံကောင်းနည်းလက်ဆောင်
၅၇။ ကိုယ့်ကိုယ်ကို ယုံကြည်မှု
၅၈။ အောင်မြင်မှုနှင့်ပျော်ရွှင်ခြင်း
၅၉။ အခက်အခဲနှင့်အောင်ပွဲ
၆၀။ ခေါင်းဆောင်လက်ဆွဲ
၆၁။ တန်ဖိုးရှိလှ လူငယ်ဘဝ
၆၂။ လူငယ်များသို့
၆၃။ ဘဝတစ်ခု စီမံမှု
၆၄။ ချစ်သဖြင့် ရေးသည့်စာများ
၆၅။ ရွှေဖိနပ် ရှုပ်တိုက်စီး
၆၆။ ရည်မှန်းချက် ရှိရမယ်
၆၇။ တိုကျိုသို့ နှစ်ခေါက်
၆၈။ အကြီးအမှူးဖြစ်စေတတ်သော